


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၈၈၃၀၇၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၈၀၀၈၀၇

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်လ - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
တန်ဖိုး - ၈၀၀ ကျပ်
အုပ်ရေ - ၅၀၀

ထုတ်ဝေသူ

ဦးကျင်ဝမ်(ဝ၄၁၅၁)၊ နွေမိုးဆောင်းစာပေ၊ အမှတ်(၃၉)၊ (၃)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးအတွင်းပုံနှိပ်သူ

ဒေါ်ခင်နွဲ့(မြ-၀၆၅၆၇)၊ နွေမိုးဆောင်းပုံနှိပ်တိုက် အမှတ်(၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။



## ပါဝင်သည့်အခန်းများ

၁။ သရဲလက်ဝါး
၂။ အင်တာနက်ထဲကတစ္ဆေ
၃။ လူလော ... နာနာဘာဝလော
၄။ ရေခဲသေတ္တာထဲမှခေါင်းပြတ်
၅။ သေဆုံးခြင်းကို နိမိတ်ဖတ်သူ
၆။ ထူးဆန်းသောလူစိမ်းနှစ်ယောက်
၇။ မကျွတ်လွတ်သောဝိညာဉ်
၈။ စိတ်နယ်လွန်သုတေသနပညာရှင်
၉။ တစ္ဆေကိုထောင်ဖမ်းခြင်း
၁၀။ သရဲစီးနေသော လူတစ်ယောက်
၁၁။ ပရိတ်ကြိုး၏တန်ခိုး
၁၂။ ပျောက်ဆုံးနေသောသချိုင်း
၁၃။ ဝိညာဉ်ဖြတ်စစ်ဆင်ရေး
၁၄။ နိဂုံးတစ်ခု၏ နိဒါန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံထဲတွင် ရနံ့တစ်ခုကိုရှူရှိုက်မိသည်။
ထိုရနံ့ကား သေခြင်းတရားရနံ့ဖြစ်၏။

(၁) သရဲလက်ဝါး

နွေမိုးဆောင်း စာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



(၁) သရဲလက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်အတွင်းတွင် တိတ်ဆိတ်ခြင်းက ချော်ထင်ကြီးရ ကောင်လောက်အောင် မင်းမူနေ၏။ အုပ်ဆိုင်းမိုးကာ ကိုင်းသစ်ခက်များကြောင့် နေဝင်စမှာပင် အမှောင်ထု မှောင်လိုက်၏။ စိုးမိုးလာနေသည်။ သူ ထုစ်ခါမှ မရောက်ဘူးသော ဤတောနှစ် အနောက် တောင်မြောက် ဝဲယာ မခွဲခြားနိုင်တော့။

တိတ်ဆိတ်ငြိမ်သက်ခြင်းက မည်မျှလွှမ်းမိုးနေသလဲဆိုရင် သူ့ဘောင်းဘီအိတ်ထဲတွင်ရှိသော အိတ်ဆောင်နာရီ၏တစ်ချက်ချက်မြည်သံကိုပင် ကျယ်လောင်စွာ ကြားနေရလေသည်။ အိတ်ဆောင်နာရီကို သူ ဆွဲထုတ်လိုက်သည်။ ရွှေရည်စိမ်ထားသော ကြေးကြိုးတန်းလန်းနှင့် ဝုံညှင်းဒိုးပမာထလောက်ရှိသည့် ခပ်ဝိုင်းဝိုင်းအိတ်ဆောင်နာရီအပေါ် ပိုင်းအဖုံးမှာ ကနုတ်ပန်းခက်များဖော်ထားသဖြင့် လှပနေသည်။ ဤသို့



www.burmeseclassic.com

www.burmeseclassic.com



လက်ရာမြောက်လွန်းသည့်အတွက် ရှေးဟောင်းပစ္စည်းရောင်းသည့် ဆိုင်မှ မတန်တဆဈေးပေးကာ ဦးကျော်သိုက်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အဖုံးကို လက်ဖြင့်တွန်းဖယ်လိုက်တော့ အောက်အခြမ်းရှိ နာရီ ဒိုင်ခွက်ပေါ်လာသည်။ အဖြူခံပေါ်တွင် အနက်ရောင်ဖြင့် ဂဏန်းများ ရေးထားသည့်ဒိုင်ခွက်က (၁၂)နာရီတိတိကို ညွှန်ပြနေ၏။ ဦးကျော် ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်သွားသည်။ နေ့ဝင်စဖြစ်ရာ နာရီမှုသာရှိသေး၏။ ဘာကြောင့် ဒိုင်ခွက်က (၁၂)နာရီကို နည်း။ သူကြည့်နေစဉ်မှာ ... နာရီဒိုင်ခွက်တွင် အနီစက် ဖြစ်ပေါ်လာတာ တွေ့ရ၏။ ထိုအနီစက်ကလေးများ တစ်စ ကြီးထွားလာရာ သွေးစက်တွေဖြစ်လာသည်။ နာရီ နှာပြင်မှ သွေးတွေယိုစိမ့်ထွက်လာကာ၊ သူ့လက်တွေကို စိုလာသည်။ နာရီအဖုံးကို အလန့်တကြားပြန်ပိတ်ကာ အောင်းဘီထဲ ပြန်ထိုးထည့်လိုက်၏။ သို့တိုင်အောင် တစ်ချက်ချက်က ကျယ်ကျယ်လောင်လောင် ပေါ်ထွက် နေရာ၊ တဒိန်းဒိန်းလှုပ်ခုံနေသော သူ့ရင်ဘတ်ထဲမှ နှလုံးခုန်သံနှင့်အပြိုင် ဖြစ်၍နေသည်။

ဘာမှန်းမသိဘဲ သူ့အာရုံထဲတွင် ထိတ်လန့်ရွံ့ကြောက်သောစိတ် တွေ နေရာယူလာ၏။ ဤတောအုပ်ထဲမှ အမြန်ဆုံးထွက်မှဖြစ်တော့မည် ဟု သူတွေးတောလိုက်၏။ သူ့အာရုံထဲတွင် ရနံ့တစ်ခု ရှူရှိုက်မိသည်။ ထိုရနံ့ကား သေခြင်းတရားရနံ့ဖြစ်၏။ တစ်ချိန်တည်းမှာပင် သူ့ရှေ့တွင် စုဝေးအုံဖွဲ့လာသော မြူငွေ့လိုလိုအရာတွေ ဖြစ်ပေါ်လာသည် ...။





သဘာဝမြူနှင်းနှင့်မတူသည်မှာ သူက ပတ်ဝန်းကျင်းနေခြင်းဖြစ်သည်။ ဆိုင်းလာခြင်းမဟုတ်ဘဲ သူ့ရှေ့တစ်နေရာတည်း တန်းထားသော ဝိုင်းယှက်ဝန်းဖွဲ့လာခြင်းဖြစ်၏။ လဲကျနေရာသို့

ကြည့်နေစဉ်မှာပင် သူ့ရှေ့မှ မြူလိုလို နှင်းလိုလို ဝိုးတဝါး၊ လူပုံသဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထိုပုံသဏ္ဌာန်က ကြက်မွှေးကို ခဏမှာပင် ဝိုးတဝါးအရိပ်အယောင်ဟန်မှ အကောင်အထည် ထင်ရှား၍လာ၏။ မြင့်မားသောအရပ်။ ကုတ်အကျီနှင့် ဘောင်းဘီရှည် ကိုဝတ်ကာ၊ ခေါင်းတွင် ဦးထုပ်တစ်လုံးဆောင်း၍ ခေါင်းကိုငိုက်ထား လေသည်။ ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ငေးကြည့်နေမိသည်။ ဒါ သရဲ သို့မဟုတ် တစ္ဆေတစ်ကောင်ပဲ။ တစ္ဆေသရဲဆိုတာ သူ ကြားသာ ကြား ဖူးခဲ့သည်။ မမြင်ဘူးခဲ့။ ယခုတော့ ကိုယ်တွေ့မျက်ဝါးထင်ထင် ကြုံရ လေပြီ။

သူ့ရှေ့မှ အရပ်ရှည်ရှည်တစ္ဆေကြီးက ခေါင်းကိုမော့လိုက်၏။ မျက်နှာက သွေးမရှိသလို ဖြူဖပ်ဖြူရော်၊ နှာခေါင်းချွန်ချွန်၏ဘေးနှစ် ဖက်မှ မျက်လုံးများက ရဲရဲတောက်နီစွေးနေသည်။ မျက်နှာက မြန်မာ တစ်ယောက်မျက်နှာမဟုတ်။ မျက်နှာဖြူ အင်္ဂလိပ်ကြီးတစ်ယောက်၏ မျက်နှာဖြစ်သည်။ ထိတ်လန့်ရင်ဖိုစရာကောင်းသည်က မျက်နှာပြင် တွင် ကန့်လန့်ဖြတ်ရှိနေသည့် နက်ရှိုင်းလှသည့် ဒဏ်ရာကြီးဖြစ်သည်။ အသားများစုတ်ပြတ်ပြဲလန်နေသည်။ ထိုဒဏ်ရာအတွင်းမှ သွေးများက တစ်စက်စက်ယိုစီးကျနေ၏။

ထိုမျက်နှာဖြူသရဲကြီးက ပါးစပ်ကိုဖြဲကာ နှုတ်ခမ်းတွေလှုပ်နေ

www.burmeseclassic.com



လက်ရာမြောက်လှပစွာနေခြင်းဖြစ်ကြောင်း ဦးကျော်သိုက် သိလိုက်ဆိုင်မှ မတာန့်တာ အသံထွက်မလာသဖြင့် ဘာတွေပြောနေမှန်းမသိ။

အထင်သည် ဒေါသထွက်သည့်ဟန်ဖြင့် ထိုမျက်နှာဖြူသရဲကြီး ဒိုင်ခွက်ရက်နှစ်ဖက်ကိုဆန့်တန်းကာ ရှေ့ကိုတိုး၍လာသည်။ ဦးကျော်ရေးထားရက်မနေရဲတော့။ ထိုနေရာမှ နောက်ပြန်လှည့်ကာ ခြေကုန်သုတ်ပြေးလာခဲ့လေသည်။

သူ့ ကြောက်အားလန့်အားနှင့် သစ်ပင်ချုံနွယ်များကို တိုးဝှေ့ဖြတ်သန်းကာ ပြေးလာခဲ့သည်။ အကြောက်လွန်စိတ်ကြောင့် သူ့ရှေ့တွင် ရှိနေသောအရာအားလုံးကို တိုးတိုက်ပစ်ခဲ့သည်။ နောက်ကိုလှည့်ကြည့်လိုက်တော့ အရပ်ရှည်ရှည်မျက်နှာဖြူကြီးသည် လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ သူ့နောက်က ထက်ကြပ်မကွာလိုက်လာမြဲဖြစ်၏။ မိမိကပြေးနေသူ၊ သူက နောက်မှလမ်းလျှောက်လာသူဖြစ်သည့်တိုင်အောင် မိမိနှင့်သူ့အကြား အကွာအဝေးသည် လှမ်းသွားသည်မရှိဘဲ မူလအတိုင်းနီးမြဲနီးနေသည်မှာ ဘာကြောင့်လဲ သူတွေးမရ။

ပြေးရလွန်းသဖြင့် သူ့ခြေထောက်များ ညောင်းညာလာကာ ခြေကုန်လက်ပန်းကျချင်လာသည်။ သူ့နှလုံးခုန်သံသည် တိုး၍မြန်လာသည်။ သူ့အသက်ရှူသံတွေ ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။ တစ်နေရာတွင်သစ်ငုတ်တစ်ခုကိုခလုတ်တိုက်မိကာ မြေပြင်ကိုလဲကျသွားသည်။ သူ ... ပက်လက်လှန်ကာကြည့်လိုက်တော့ ...

သူ့နောက်တွင် မျက်နှာဖြူကြီးက ရပ်၍နေသည်။ သူ့ပါးစပ်က တစ်စုံတစ်ခုရေရွတ်နေသော်လည်း သူ့အသံကို ဦးကျော်သိုက်မကြားရ





သူ့အမူအရာက မိမိထံမှ တစ်စုံတစ်ခုကို တောင်းနေခြင်းဖြစ်သည်။ ဘာတောင်းနေသလဲ မိမိမသိ။ ထိုအခိုက်မှာပင် ... တန်းထားသော မျက်နှာဖြူသရဲကြီး၏လက်တစ်ဖက်က အဆမတန် သွယ်လဲကျနေရာသို့ ဆန့်ရှည်၍ထွက်လာကာ ...

ထိုလက်တစ်ဖက်မှ လက်များဖြင့် ဦးကျော်သိုက်၏လက်ဖျံကို ဆုပ်ကိုင်လိုက်လေရာ ...

ထိုလက်ကြီးသည်ကား ရေခဲတုံးကို ထုလုပ်ထားသ ... ည်။ သူ့အသည်းယားစဖွယ် အေးစက်မာကျောလွန်းလှ၏။ ဆွဲထားသော လက်ဖျံကို ဆုပ်ထားသောလက်မှ လွတ်မြောက်ရန် ဦးကျော်သိုက်သည် ရုန်းကန်သော်လည်း မြဲမြံသောလက်မှ မလွတ်မြောက်နိုင်အောင်ရှိ၏။

---✣---



www.burmeseclassic.com

www.burmeseclassic.com






ဦးကျော်သိုက်သည် ရှန်းကန်ရင်းပင် အိပ်မက်မှ လန့်နိုးရ၏။ သူ့နှလုံးမှာ ထိတ်လန့်စိတ်ဖြင့် တဒိတ်ဒိတ်ခုန်နေကာ၊ သူ့တစ်ကိုယ်လုံးသည် ချွေးတို့ဖြင့် စေးထန်းစိုကပ်နေသည်။ ချောက်ချားဖွယ်ကောင်းသော အိပ်မက်။ သူ အိပ်ရာထဲမှထကာ မီးခလုတ်ဖွင့်လိုက်သည်။ ခုတင်ဘေးစားပွဲပေါ်ရှိ ဖန်ရေတကောင်းထဲမှ ရေကိုငှဲ့ကာ တစ်ခွက်သောက်လိုက်၏။

သူ့အိပ်ခန်းသည် အပေါ်ထပ်တွင်ရှိကာ အိပ်ခန်းမှ ဝရန်တာသို့ထွက်နိုင်သည့်တံခါးဖြင့် ဆက်သွယ်ထားသည်။ ယခု ထိုတံခါးက ဖွင့်ဟနေကာ အိပ်ခန်းထဲသို့ အပြင်ကလေများက တဟူးဟူးတိုးဝှေ့တိုက်ခတ်နေရာ ခန်းဆီးနိုင်လွန်စတို့မှာ တဖျပ်ဖျပ်လူးလွန့် လွင့်ခတ်နေသည်။ ဦးကျော်သိုက်၏စိတ်ထဲတွင် အနည်းငယ်ဆန်းသလို ခံစားလိုက်





ရ၏။ သူသည် အမြဲလိုလိုပင် ထိုတံခါးကို တိတိကျကျပိတ်ကာ အိပ်လေ့ရှိ၏။ အခု ဘာကြောင့် သူ့အလိုအလျောက် ပွင့်နေရသနည်း။ တစ်စုံတစ်ယောက်က ထိုတံခါးကိုဖွင့်ကာ သူ့အိပ်ခန်းထဲကို ဝင်ရောက်ခဲ့လေသလား။

မက်ခဲ့သော အိပ်မက်ကို ပြန်လည်စဉ်းစားမိသောအခါ သူ ထိတ်လန့်တုန်လှုပ်သွားပြန်သည်။ အိပ်မက်ထဲတွင် ကြုံတွေ့ခဲ့ရသည့် အရုပ်ရှည်ရှည်သရဲကြီးမှာ ကြောက်ရွံ့ချောက်ချားစရာဖြစ်သည်။ သူ့လက်တံကြီးများ ရုတ်တရက်ဆန့်ထွက်လာကာ မိမိလက်ဖျံကို ဆုပ်ကိုင်လိုက်သောအခါ ...

ယခုပင် ထိုနေရာ၌ အေးစက်စက်အတွေ့အထိကို ပြန်လည်ခံစားရမိသကဲ့သို့ရှိသည်။ ထို့ကြောင့် သူ့အကျီလက်ကို ဆွဲတင်၍ ထိုလက်ဖျံကိုကြည့်လိုက်မိသောအခါ ...

ရင်ဖို့အံ့သြကာ ခေါင်းနားပန်းများကြီး၍သွားသည်။ အိပ်မက်ထဲ၌ ထိုမျက်နှာဖြူသရဲကြီး၊ ဖမ်းကာဆုပ်ကိုင်ခဲ့သည့်နေရာဖြစ်သော မိမိ၏လက်ဖျံပေါ်တွင် သွေးခြေဥသကဲ့သို့ အနီရောင်လက်ငါးချောင်းနှင့် လက်ဝါးရာကြီးလိုလို ထင်ကျန်နေသည်ကို မြင်[illegible]က်ရသောကြောင့်ဖြစ်သည်။ ကြောက်ရွံ့ကာ ပွတ်ဖျက်ကြည့်သော်လည်း ထင်ထင်ရှားရှား ထင်ကျန်နေသော လက်ရာက ပျောက်ပျက်၍မသွား။

ထိုအခိုက်မှာ တိတ်ဆိတ်သောညကိုဖောက်ထွင်းကာ တချက်ချက်မြည်သံထွက်ပေါ်လာ၏။ ထိုအသံကား နာရီမြည်သံပင်ဖြစ်သည်။ မိမိအခန်းထဲတွင် စားပွဲတင်နာရီလည်းမရှိ။ နံရံကပ်နာရီလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဘေး စားပွဲပေါ်တွင် ချွတ်ကာတင်ထားသည့် မိမိ၏လက်ပတ်နာရီရှိသော်လည်း နာရီမှာ တန်ဖိုးကြီးမားသည့် ဆွစ်ဇလန်မိတ် ရိုးလက်စ်နာရီဖြစ်ပေရာ၊ စက်သံညက်ညောလှသဖြင့် နားတွင်ကပ်ကာ နားထောင်သည့်တိုင်အောင် ကြားရလေ့မရှိ။

အသံထွက်ပေါ်နေသောနေရာကို ဂရုတစိုက်စူးစမ်းနားထောင်လိုက်သောအခါ ခုတင်နှင့်ကပ်လျက်စားပွဲ၏ အပေါ်ဆုံးအံဆွဲထဲမှ ထွက်ပေါ်နေခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ထိုအခါ သူ၏အံ့ဩစိတ်က ငယ်ထိပ်ကိုရောက်လာ၏။ ထိုအံဆွဲထဲတွင် အိပ်ဆောင်နာရီတစ်လုံးကိုထည့်ထားသည်မှာ မှန်သည်။ ထိုနာရီကို ရှေးဟောင်းပစ္စည်းရောင်းသောဆိုင်တွင်တွေ့ကာ အမှတ်တရ ဝယ်လာခြင်းဖြစ်သော်လည်း ထိုနာရီမှာ အပျက်ကြီးသာဖြစ်သည်။ နာရီမသွားသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန်တူသည်။ နာရီပြင်ဆရာများကိုပြကြည့်သော်လည်း ပြင်မရတော့နိုင်ဆိုသဖြင့် ဤအံဆွဲအတွင်းထည့်ကာ သိမ်းဆည်းထားခဲ့ခြင်းဖြစ်၏။ ယခု ထိုနာရီက သံပတ်ပေးသူမရှိပါဘဲနှင့် ပြင်ဆင်ခြင်းလည်းမပြုပါဘဲနှင့် ဘာကြောင့် သူ့အလိုအလျောက် ထ မြည်လာရ[illegible]ည်း။

ဦးကျော်သိက်က အံဆွဲကို အလျင်အမြန်ဖွင့်ကာ နာရီကို ထုတ်ယူလိုက်သည်။ သူ တွေးထင်ခဲ့သလိုပင် တချက်ချက်မြည်သံထွက်ပေါ်နေခြင်းမှာ ထိုနာရီဆီမှ ဖြစ်သည်။ သူ လူ့ဘဝတွင် နေထိုင်ခဲ့သည်မှာ သက်တမ်း(၅၀)ကျော်လာခဲ့ပြီ။ ယနေ့ညကြုံရသလို ထူးထူးဆန်းဆန်း အဖြစ်မျိုး၊ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မကြုံရသေး။ သူ ဘာတွေ





ဖြစ်နေသနည်း။ ထိုအခိုက် ထောင်းခနဲ ပုပ်ဟောင်သောအနံ့စူးစူးတစ်ခုကိုရကာ သူ ကြက်သီးတွေ ဖြန်းခနဲထ၍သွားသည်။

ဤအခန်းထဲတွင် သူ့အပြင် တခြားသူတစ်ဦးဦးရောက်ရှိနေသလိုလည်း ခံစားလိုက်ရ၏။ တခြား သူ့အိမ်သားတွေကို သွားနှိုးလိုက်ရရင်ကောင်းမလား။ အိမ်သားတွေက ဘာမှမဟုတ်ဘဲ သွေးကြောင်နေသူဟု သူ့ကို စွပ်စွဲကြမလား။ သို့သော် ဤအခြေအနေက သူတစ်ယောက်တည်း ဆက်လက်ရင်ဆိုင်ရဲသောအခြေအနေမဟုတ်တော့။ ထို့ကြောင့် အိမ်သားတွေကိုနှိုးရန်၊ ဤအိပ်ခန်းထဲမှ ထွက်မည်ဟု ခြေလှမ်းပြင်လိုက်စဉ်မှာပင် ...

ရုတ်တရက် ...

သူ့ရှေ့တွင် နှင်းလိုလို၊ မြူလိုလို၊ မီးခိုးလိုလိုအရာတွေ စုဝေးဖြစ်ပေါ်လာ၏။ ဒါဟာ သူ့အိပ်မက်ထဲကအတိုင်းပဲ။ ဤနေရာမှ သူ ထွက်လည်းမသွားနိုင်။ အော်လည်းမအော်ဟစ်နိုင်ဘဲ အကြောက်လွန်ကာ ရပ်ငေးကြည့်နေမိသည်။

---✣---



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေရောင်းရန်ရှိသည်"ဆိုသော ကြော်ငြာကို ဝက်ဘ်ဆိုက်ပေါ်တွင် တွေ့လိုက်ရသောအခါ ရုတ်တရက် အံ့အားသင့်၍သွားလေသည်။

## (၂) အင်တာနက်ထဲက တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



## (၂) အင်တာနက်ထဲက တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေရောင်းရန်ရှိသည်"

ဤစာသားများက ခန့်ဇော်ထင်၏အာရုံကိုအတော်ပင်ဆွဲဆောင်နိုင်လေသည်။ ယနေ့ခေတ်ကား အိုင်တီနည်းပညာပြန့်ပွားတွင်ကျယ်သော ခေတ်၊ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ ဗွီဒီယိုဂိမ်း၊ အီးမေးလ်၊ ကွန်ပျူတာစသည်နှင့် ကင်းကွာသောလူငယ်ကို ယနေ့ခေတ်လူငယ်ဟု ဆိုနိုင်မည်မဟုတ်။

တစ်ကမ္ဘာလုံးကို အင်တာနက်ကွန်ယက်ဖြင့် ချိတ်ဆက်ထားရာ၊ သင်သည် ကိုယ့်အိပ်ခန်းထဲတွင် ပီစီပုဂ္ဂလိကကွန်ပျူတာတစ်လုံး အသုံးပြုရုံဖြင့်ပင် လုပ်ချင်တာတွေအကုန်လုပ်နိုင်၍ လိုချင်တာတွေ အကုန်ရနိုင်ပြီ။ ဒါကြောင့်ပင် ဂလိုဘယ်လိုက်ဇေးရှင်းဟု ဆိုကြခြင်းဖြစ်သည်။ အင်တာနက်ဖြင့် မိတ်ဖွဲ့နိုင်သည်။ ဈေးဝယ်နိုင်ရောင်းနိုင်သည်။

ဓမ္မမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



အနုပညာဖန်တီးနိုင်သည်။ ချစ်ရေးဆိုနိုင်သည်။ ကဲ ဘာလိုသေးလဲ။

အိမ်တွင် ကိုယ်ပိုင်အင်တာနက်တပ်ဆင်ကာ ကိုယ်တိုင်အသုံးပြုနေသော ခန့်ဇော်ထင်သည် ဝက်ဘ်ဆိုက်တင်ထားသော အရောင်းအဝယ်ပစ္စည်းအတော်များများကို တွေ့ဖူးကြုံဖူးပြီးဖြစ်သည်။ အဝတ်အစား၊ ကား၊ အိမ်ခြံမြေဆိုတာတွေကအစ လေယာဉ်ပျံအထိ ... ။ သို့သော် တစ္ဆေရောင်းသူနှင့်တော့ မကြုံဘူးသေး။ ထို့ကြောင့် ဝက်ဘ်ဆိုက်ပေါ်တွင် ...

"တစ္ဆေရောင်းရန်ရှိသည်"

ဆိုသော ကြော်ငြာကိုတွေ့လိုက်ရသောအခါ အံ့သြကာ စိတ်ဝင်စားသွားခြင်းဖြစ်သည်။

ခန့်ဇော်ထင်သည် အသက်(၂၅)နှစ်အရွယ်ရှိ ချမ်းသာကြွယ်ဝသော ဘွဲ့ရလူငယ်တစ်ဦးဖြစ်သည်။ သူ့မိဘများမှာ ရတနာကုန်သည်များဖြစ်ကာ ဇာတိမိုးကုတ်မြို့တွင်ပင် နေထိုင်နေကြသည်။ ရန်ကုန်တွင်သာ နေထိုင်ချင်ပါသည်ဆိုသော ... သားဖြစ်သူ၏အလိုကိုလိုက်ကာ အင်းလျားလမ်းတွင် နှစ်ထပ်တိုက်တစ်လုံး ဝယ်ယူပေးထားခဲ့သည်။ ထိုအင်းလျားကန်ကို မျက်နှာပြုထားသော တိုက်ကြီးတွင် ... ကူဖော်လောင်ဖက် ဦးဖိုးထော်ဆိုသောလူကြီးနှင့်အတူ နေထိုင်နေလေသည်။

သူသည် ဝါသနာအရ မော်ဒန်ပန်းချီကားများကို ရေးဆွဲသူဖြစ်သော်လည်း သူ၏အင်ပရက်ရှင်းနစ်လက်ရာပန်းချီကားများမှာ ဈေးကွက်ဝင်ကာ၊ အရောင်းအဝယ်ဖြစ်နေသဖြင့်၊ ပုံမှန်ဝင်ငွေရနေသူဖြစ်သည်။ သူသည် ရွယ်တူယောကျ်ားလေးများကဲ့သို့၊ အရက်သေစာ





သောက်စားခြင်း၊ လောင်းကစားခြင်း၊ အပျော်အပါးလိုက်စားခြင်းအမှုများကို ပြုသူမဟုတ်သဖြင့်၊ ထူးခြားသူဟုဆိုနိုင်သည်။ အချိန်ရှိသည်၊ သူ့ခြံထဲတွင်ဆောက်ထားသည့် စတူဒီယိုထဲတွင် ပန်းချီရေးခြင်းဖြင့် အချိန်ကုန်နေတတ်ကာ တခြား သူ့ဝါသနာမှာ အင်တာနက်အသုံးပြုခြင်းဖြစ်သည်။

အားလျှင်ဖြစ်စေ၊ ပျင်းလျှင်ဖြစ်စေ သူသည် အင်တာနက်ထဲဝင်ကာ ဝက်ဘ်ဆိုက်အမျိုးမျိုးကိုဖွင့်ကြည့်နေတတ်၏။ ထိုကဲ့သို့ကြည့်ရင်း အထက်ကဖော်ပြခဲ့သလို ထူးထူးခြားခြား ...

"တစ္ဆေရောင်းရန်ရှိသည်"ဆိုသောကြော်ငြာကို တွေ့လိုက်ရခြင်းပင်ဖြစ်သည်။ သူက တစ္ဆေသရဲဆိုသည်ကို လုံးဝအယုံအကြည်မရှိ။ ပြီးတော့ တစ္ဆေသရဲဆိုသောအရာသည် ကုန်ပစ္စည်းတစ်ခုလိုရောင်း၍ ဝယ်၍ရသောအရာမဟုတ်။ သည်တော့ ဤကြော်ငြာက သူ့ကို အထူးပင် ဆွဲဆောင်၍နေသည်။

---✣---



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် ...

တိုကြော်ငြာတွင်ပါသည့်လိပ်စာအတိုင်း ခန့်ဇော်ထင်သည် သူ့ကားကလေးကိုမောင်းကာ ရောက်ရှိသွားလေသည်။ နေရာကား ပါရမီရိပ်သာတွင်ရှိသည်။ တစ်ထပ်တိုက်ကလေးတစ်လုံးဖြစ်သည်။ တိုက်ကလေးမှာ ခေတ်မီပုံစံဖြစ်ကာ မည်သို့သောထူးထူးခြားခြားလက္ခဏာမျိုးကိုမှ မမြင်ရ။ ခန့်ဇော်ထင်၏အထင်က ဤသို့ဖြစ်သည်။ အိမ်ရှေ့ ရွှေငါးရောင်းသလို၊ သစ်ခွပန်းရောင်းသလို၊ တစ္ဆေရောင်းသည်ဆိုသဖြင့် ခြံထဲတွင် လူအရိုးများ၊ ဦးခေါင်းခွံများ တွေ့ရလိမ့်မည်ထင်သော်လည်း ဘာမှမတွေ့။

တစ္ဆေရောင်းမည့်သူသည် တစ္ဆေများကို မွေးမြူထားသည့် အောက်လမ်းဆရာတစ်ဦးဦး(သို့မဟုတ်)စုန်းကဝေမ တစ်ဦးဦးသာဖြစ်





ရမည်။ မြက်ခင်းစိမ်းစိမ်းဖြင့် ပန်းပွင့်နေသော အလှစိုက်ပန်းအိုးများ အလယ်တွင် ရေပန်းငယ်တစ်ခုပင်ရှိနေသည့် ပန်းခြံငယ်ကို သူလှည့်ကြည့်အကဲခတ်နေကာ ...

"ဘာကိစ္စရှိလို့ပါလဲရှင် ..."

ဟူသော သူ့နောက်က ထွက်ပေါ်လာသည့်အသံကြောင့် ခန့်ဇော် ရုတ်တရက် လန့်ဖျပ်သွား၏။ လှည့်ကြည့်လိုက်သောအခါ တိုက်ထဲမှထွက်လာသည့် အသက်(၂၀)သာသာခန့် မိန်းကလေးငယ် တစ်ဦးကိုတွေ့ရသည်။ မိန်းကလေးငယ်က အတော်ပင် လှပပြေပြစ်သော အဆင်းလက္ခဏာဖြင့် ပြည့်စုံနေ၏။ ကြည်လင်ဝင်းပသော မျက်တောင်ကော့ကြီးများအောက်မှ ရွှန်းလဲ့ဝင်းစက်သောမျက်လုံး၊ ပေါ်ထင် ဖြောင့်စင်းသောနှာတံအောက်မှ ဆေးမဆိုးဘဲ နီထွေးနေသည့် ပါးလွှာသည့် နှုတ်ခမ်းနှစ်လွှာ၊ ဖြူဝင်းစိုပြေသော အသားအရေနှင့် မြင့်မားသွယ်လျသောအရပ်နှင့် ကိုက်ညီလိုက်ဖက်သော အချိုးအဆ ကျနလှပသောကိုယ်လုံး။

ဤနေရာတွင် အောက်လမ်းဆရာတစ်ယောက် သို့မဟုတ် စုန်းမတစ်ဦးဦးကိုတွေ့ရလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့၏။ ယခုတွေ့ရသည်က ထင်မှတ်မထားသော ချောမောလှပသည့် မိန်းကလေးငယ် တစ်ဦး။ သူ ကြားဖူးသမျှ စုန်းမများသည် အရုပ်ဆိုးကြသည်ဟုဆိုသည်။ ဤမျှလှပသောမိန်းကလေးဟာ စုန်းမ မဖြစ်တန်ရာ။ ဥစ္စာစောင့်မလေးတစ်ယောက်တော့ ဖြစ်ချင်ဖြစ်နိုင်ပေသည်။

"ကျွန်မ ဘာအကူအညီပေးရမလဲရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



ငေးငိုင်နေသောသူ့အတွက် မိန်းကလေး၏ဒုတိယမေးခွန်းဖြစ်သည်။ ပွံ့လွင့်နေသော သူ့အာရုံကို ပြန်လည်စုစည်းလိုက်၏။

"ကျွန်တော် ခန့်ဇော်ထင်ပါ"

"ကျွန်မက စန္ဒီပါ"

အပြန်အလှန် မိတ်ဆက်လိုက်ကြသည်။ မိန်းကလေးအသံက ချို့အေးရုံမက သိမ်မွေ့နူးညံ့နေသည်။ ဤလိုမိန်းကလေးမျိုးမှာ တစ္ဆေတစ်ကောင်ကောင်နှင့် ဘယ်လိုမှ ပတ်သက်နိုင်စရာအကြောင်းမရှိ။ သူ့ လိပ်စာမှားကာ ဝင်ခဲ့မိလေသလား။

"မှားနေရင် စိတ်မရှိပါနဲ့ ... ဝက်ဘ်ဆိုက်ထဲမှာ ကြော်ငြာတွေ့လို့ လာခဲ့တာပါ ... "

"ဪ ... တစ္ဆေရောင်းရန်ရှိသည်ဆိုတာလား ... "

"ဟုတ်ပါတယ် ... အဲဒီကြော်ငြာကို ... ကျွန်မထည့်လိုက်တာပါ ... ဒါထက် ရှင်က တစ္ဆေတွေကိုချစ်တတ်သလား ... "

ခင်ဗျာ ... "

မိန်းကလေး၏မေးခွန်းကြောင့် ခန့်ဇော်ထင် ကြောင်တောင်တောင်ဖြစ်သွားသည်။ စန္ဒီက ...

"ဒီလိုလေ ... ခွေးကလေး ကြောင်ကလေးတွေကိုမွေးကြတာက ချစ်ကြလို့မဟုတ်လား ... အခု ရှင်က တစ္ဆေမွေးဖို့ကြံနေတယ်ဆိုတော့ တစ္ဆေကို ချစ်လို့လားလို့ ... "

"အခု မွေးဖို့မမွေးဖို့ မဆုံးဖြတ်ရသေးပါဘူး ... ကျွန်တော်က စိတ်ဝင်စားလို့ စုံစမ်းရအောင်လာတာပါ ... အခု ခင်ဗျား ရောင်းမယ်ဆိုတဲ့ တစ္ဆေက ... "





စန္ဒီက သူ့ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီးမှ ...

"ကျွန်မအဖေရဲ့တစ္ဆေပါ ... ပြီးခဲ့တဲ့ ... တစ်လလောက်က ကွယ်လွန်သွားတဲ့ ကျွန်မအဖေရဲ့တစ္ဆေပါ ... "

ခန့်ဇော်ထင် နားမလည်နိုင်အောင်ဖြစ်သွားသည်။ ဖခင်တစ္ဆေကို ရောင်းမည်တဲ့။ ဒီမိန်းကလေး စိတ်မှကောင်းသေးရဲ့လား။ သို့သော် သူမပုံက ရူးသွပ်နေသောပုံ လုံးဝမပေါက်။

"ကျွန်တော်တော့ ဘယ်လိုမှ နားမလည်နိုင်ဘူး ... "

"လူတိုင်း ဒီလိုထင်ကြမှာပဲ ... ရှင် နားလည်အောင် ကျွန်မပြောပြမယ် ... "

ပန်းခြံထဲတွင်ရှိသော နှစ်ယောက်ထိုင်ခုံတွင်ထိုင်ကာ စန္ဒီက သိပ်ပတ်လည်အောင် ပြောပြလေသည်။

---✣---



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီ၏ဖခင်သည် အသက်(၄၀)ကျော်ခန့်ရှိ အစိုးရရုံးတစ်ရုံးမှ အရာရှိကြီးတစ်ဦးဖြစ်ကာ အမည်မှာ ဦးမင်းဟန်ဖြစ်သည်။ စန္ဒီမိခင်သည် လွန်ခဲ့သော(၇)နှစ်ခန့်က စန္ဒီ၏တစ်ဦးသောမောင်ကလေးရာဇာကိုမွေးဖွားစဉ် မီးတွင်းထဲမှာပင် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဦးမင်းဟန်သည် မုဆိုးဖိုတစ်ဦးအဖြစ် မိတဆိုးသားနှင့်သမီးကို ကောင်းစွာကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

ဦးမင်းဟန်သည် လူရိုးလူအေးတစ်ဦးဖြစ်ကာ သားသမီးများကိုလည်း ချစ်ခင်တွယ်တာသူဖြစ်၏။ လွန်ခဲ့သောတစ်လခန့်ကမှ တစ်မနက်ခင်းတွင် အိပ်ရာခုတင်ပေါ်၌ ကန့်လန့်ဖြတ်လဲကျသေဆုံးနေသော ဦးမင်းဟန်ကို တွေ့ရှိကြရလေသည်။ ဦးမင်းဟန်သည် ကျန်းမာရေးကောင်းမွန်သူဖြစ်ကာ သွေးတိုး၊ ဆီးချိုလိုရောဂါကြီးများလည်း ဆိုကင်းရှင်းသူဖြစ်သဖြင့်၊ ရုတ်တရက်သေဆုံးရခြင်းမှာ ထူးဆန်းသလိုဖြစ်





နေသော်လည်း စစ်ဆေးကြည့်ရှုသူ ဆရာဝန်ကြီးများကမူ ရုတ်တရက်နှလုံးသွေးရပ်၍ သေဆုံးရခြင်းဖြစ်သည်ဟု ကောက်ချက်ချကြ၏။

ခက်တာက စန္ဒီ၏မောင်ကလေးရာဇာဖြစ်သည်။ ရာဇာသည် သူ့ပအဖေသေဆုံးပြီးကတည်းက ဤအိမ်တွင် တစ္ဆေတစ်ကောင်ရှိနေသည်ဟုလည်းကောင်း၊ ဟိုနေရာ ဒီနေရာတွင် သူ မကြာခဏမြင်တွေ့နေရသည်ဟုလည်းကောင်း၊ စန္ဒီကို တိုင်တန်းပြောဆိုနေတတ်၏။ ကြာလျှင် မောင်လေးရာဇာ၏စိတ်အခြေအနေမှာ ဆိုးဝါးသည်ထက် ဆိုးဝါးလာလေတော့မည်။ ထို့ကြောင့် မောင်လေးကို ကယ်တင်ရန် တစ်ခုခုပြုလုပ်မှဖြစ်တော့မည်ဟု စန္ဒီဆုံးဖြတ်လိုက်၏။

----✣----



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆုံးဖြတ်ချက်နဲ့ ... ကျွန်မရဲ့ကိုယ်ပိုင်ဝက်ဘ်ဆိုက်ထဲမှာ တစ္ဆေတစ်ကောင်ရောင်းရန်ရှိသည်ဆိုတဲ့ကြော်ငြာကိုထည့်လိုက်တာပဲ။ ဝယ်ခဲ့သူပေါ်လာလို့ ရောင်းလိုက်ရင် ... မောင်လေးရဲ့စိတ်ဖိစီးမှုဟာ ပျောက်သွားလိမ့်မယ် ... ကျွန်မလိုချင်တာက ဒီအိမ်မှာ တစ္ဆေမရှိတော့ဘူးဆိုတဲ့ မောင်လေးရဲ့ ယုံကြည်မှုပဲ ... "

စန္ဒီရဲ့စကားအဆုံးမှာ ခန့်ဇော်ထင်က သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ အခုတော့လည်း ... ဉာဏ်ကီစွမှာ ရှုပ်ရှုပ်ထွေးထွေးမဟုတ် ... ။ ရှင်းရှင်းလင်းလင်း ဖြစ်၍သွားသည်။ မောင်ကလေးတစ်ယောက်အပေါ် စေတနာထားသော အစ်မတစ်ဦးမေတ္တာတရားကို သူ ကောင်းမွန်စွာ ဦးညွတ်လိုက်မိသည်။ ဘယ်လိုနည်းနှင့် ကူညီရမလဲ။





"နဂိုကတော့ ဒီတစ္ဆေကို ဝယ်ဖို့ရည်ရွယ်ချက်မရှိပါဘူး ... အခုတော့ ခင်ဗျားကိုကူညီတဲ့အနေနဲ့ ဒီတစ္ဆေကို ကျွန်တော်ဝယ်မယ် ..."

"ကြော်ငြာထည့်လိုက်ပေမယ့် စိတ်ဝင်တစားစုံစမ်းတဲ့သူရယ်လို့ ရှင်တစ်ယောက်တည်းပဲရှိတယ် ... ဒီအတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကိုမေးခွန်းတစ်ခုမေးမယ် ... ရှင့်အဖြေကို ကျွန်မသဘောကျမှရောင်းနိုင်မယ် ... "

"ဘာလဲ မေးလေ ... "

"ရှင် တစ္ဆေသရဲကိုအယုံအကြည်ရှိသလား ... "

ထိုမေးခွန်းကို ခန့်ဇော်ထင်က သွက်လက်စွာဖြေလိုက်၏။

"အမှန်အတိုင်းပြောမယ် ... ကျွန်တော် အယုံအကြည်မရှိဘူး"

"ဒါဆို ရှင့်ကို ကျွန်မရောင်းမယ် ... "

"အယုံအကြည်ရှိတယ်လို့ပြောရင်မရောင်းမယ့်သဘောပေါ့"

"ဟုတ်တယ် ... ရှင်က တစ္ဆေရှိတယ်လို့ယုံကြည်တဲ့သူဆိုရင် အဲဒီလိုတစ္ဆေတစ်ကောင်ကိုဝယ်လိုက်တာဟာ စိတ်ထဲမှာ အစွဲတစ်ခုဖြစ်ပြီး ဥပါဒါန်ကြောင့် ဥပါဒ်ရောက်မှာစိုးလို့ပဲ ... "

တစ်ဘက်လူအပေါ် အလေးထားတွေးတောတတ်သည့် စန္ဒီဆိုသည့် မိန်းကလေး၏စိတ်ဓာတ်ကို သူ စိတ်ထဲကကြိတ်၍ ချီးမွမ်းလိုက်သည်။

"ခင်ဗျား ဘယ်လောက်နဲ့ရောင်းမလဲ ... "

"ဈေးနှုန်းက အဓိကမဟုတ်ပါဘူး ... ဒီအရောင်းအဝယ်ကို ကျွန်မမောင်လေးရဲ့ရှေ့မှာ လုပ်ရင်ကောင်းမယ် ... ဒါမှ သူ့စိတ်ထဲ ရှင်းသွားမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ခဏမျှကြာသောအခါ တိုက်ကလေးညှော်ခန်းထဲရှိ စားပွဲတစ်လုံးတွင်ထိုင်ကာ သူတို့ တစ္ဆေအရောင်းအဝယ်စာချုပ် ချုပ်ကြသည်။ သူတို့ဘေးတွင် စန္ဒီ၏မောင်ကလေးရာဇာက ထိုင်နေ၏။ ကောင်လေးသည် (၇)နှစ်အရွယ်သာရှိသေးသည့် ဖြူဖပ်ဖြူရော် ခပ်ပိန်ပိန်ကောင်လေးဖြစ်သည်။ အိပ်ရေးပျက်နေဟန်ဖြင့် ကလေးငယ်၏မျက်တွင်းများမှာ ချိုင့်ဝင်နေကာ၊ ထိုချိုင့်ထဲမှ ပြူးကြောင်ကြောင်မျက်လုံးများကလည်း မှုံပျပျ မှိုင်းဝေနေ၏။

"မောင်လေးရေ ဒီအစ်ကိုနာမည်က ခန့်ဇော်ထင်တဲ့ ... မမတို့အိမ်ကတစ္ဆေကို ဒီအစ်ကို အခုငွေတစ်သောင်းနဲ့ဝယ်လိုက်ပြီ ... တစ္ဆေကို သူ့အိမ်ကိုခေါ်သွားလိမ့်မယ် ... မမတို့အိမ်မှာ ဘာတစ္ဆေမှ မရှိတော့ဘူး ဟုတ်လား ..."

ကောင်လေးက ... ခန့်ဇော်ထင်ကို တစ်ချက်သာလှမ်းကြည့်သည်။ ပြီးတော့ ဒူးပေါ်တင်ထားသော သူ့ပုံဆွဲစာအုပ်ထဲမှာ ခေါင်းငုံ့ခဲတံတစ်ချောင်းဖြင့် ပုံများကိုရေးခြစ်နေလေသည်။

"ရှင့်ကို မနစ်နာရအောင် ကျွန်မလက်ဆောင်တစ်ခုပေးလိုက်ချင်ပါတယ် ..."

စန္ဒီက ပစ္စည်းတစ်ခု သူ့ကိုထုတ်ကာ ပေးသည်။ ကြေးဝါဖြင့်လုပ်ထားသော အိတ်ဆောင်နာရီတစ်လုံးဖြစ်သည်။ ကြေးဝါကို ကနုတ်ပန်းခက်များဖြင့် ပုံဖော်ထားသည်မှာ လက်ရာမြောက်ကာ လှပသည်။ လက်ပတ်နာရီတွေ ပေါပေါများများထွက်ပေါ်နေ၏။ ယခုကာလမျိုး၌ ဤကဲ့သို့အိတ်ဆောင်နာရီမျိုးကို အသုံးပြုလေ့မရှိ။ ရှေး





ခေတ်ကလူများသာ အိတ်ထဲထည့်ကာ ဆောင်ထားလေ့ရှိသဖြင့် အိတ်ဆောင်နာရီဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုနာရီတွင် တစ်တောင်ခန့်ရှိသော ကြေးဝါကြိုးတစ်ချောင်းတွဲလျက်ပါရှိနေသည်။ နာရီအဖုံးကိုလှန်ဖွင့်လိုက်သောအခါ အထဲတွင် အဖြူရောင်ဒိုင်ခွက်ကိုတွေ့ရ၏။ နာရီလက်တံတွေက ရပ်တန့်နေ၏။ ခန့်ဇော်ထင်က နာရီကို သူ့နားတွင်အပ်ကာ နားထောင်ကြည့်သော်လည်း ... နာရီစက်သွားသံကို မကြားရ။

"နာရီကတော့ အပျက်ကြီးပါ ... တန်ဖိုးမရှိပါဘူး ... ဒါပေမဲ့ ဖေဖေမသေခင်က ဒီနာရီကို တော်တော်မြတ်နိုးပုံရတယ် ... သူနဲ့မကွာ အမြဲဆောင်ထားလေ့ရှိတယ် ... ဒါကြောင့် အမှတ်တရအဖြစ်ပေးတာပါ ..."

"ကျေးဇူးတင်ပါတယ် ... ကျွန်တော် တလေးတစားသိမ်းထားပါ့မယ် ..."

ဤစကားများကို ပြောဆိုခဲ့ခြင်းမှာ အကြီးအကျယ် မှားယွင်းကြောင်း ထိုစဉ်က ခန့်ဇော်ထင်သည် လုံးဝရိပ်စားနိုင်ခဲ့ခြင်း မရှိချေ။ ဤအိတ်ဆောင်နာရီ သူ့ဆီ ရောက်ရှိခဲ့သည်ကစ၍ ချောက်ချားထိတ်လန့်ဖွယ်ရာ ကြောက်လန့်စရာကိစ္စများ ဆက်တိုက်ဖြစ်ပေါ်လာလိမ့်မည်ဟုလည်း ကြိုတင်သိမြင်နိုင်ခြင်း မရှိခဲ့။ ထို့ကြောင့် ထိုနာရီကို ဆောင်းဘီအိတ်ထဲထည့်ကာ ပြန်မည်ဟု ထိုင်ရာမှထရင်း ... ခေါင်းငုံ့ကာ ပုံရေးနေသော ရာဇာလေးအနီး ရောက်သွားကာ နှုတ်ဆက်စကားပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချာတိတ် ... မင်း ပုံဆွဲရတာ ဝါသနာပါလား"

"ဟုတ်တဲ့ ..."

"မင်း ဘာပုံတွေဆွဲနေတာလဲ"

ရာဇာက သူဆွဲနေသော ပုံကို ပြလိုက်သည်။ ပုံထဲ၌တွင် ဘောင်းဘီရှည်ကွက်အကျီနှင့် ခေါင်းတွင် ကက်ဦးထုပ်ထားသော အရပ်မြင့်မြင့်လူကြီးတစ်ယောက်ပုံကို တွေ့ရသည်။ ထိုလူကြီး၏နှာခေါင်းမှာ ရှည်ချွန်ချွန်ကြီးဖြစ်ရာ အနောက်တိုင်းသားမျက်နှာဖြူတစ်ယောက်မှုနှင့် တူ၍ နေလေသည်။ ခန့်ဇော်ထင်က သေသေချာချာကြည့်ကာ မေးလိုက်သည်။

"ဒါ ဘာပုံလဲကွ"

ရာဇာ တစ်ခွန်းတည်းဖြေလိုက်၏။

"သရဲပုံ"

---- ✣ ----





စီရေပြင်ကိုကြည့်ရတာ သချိုင်းတစ်ခုကို ကြည့်နေရသလိုပဲ။ ညဆိုရင် ပိုကြောက်ဖို့ကောင်းမယ်။ ဒီရေပြင်ထဲက ထွက်လာမဲ့ ဝိဉာဉ် တွေကိုတောင် မြင်ရချင် မြင်ရနိုင်မယ်။

## (၃) လူလော နာနာဘာဝလော



www.burmeseclassic.com

www.burmeseclassic.com



## (၃) လူလော နာနာဘာဝလော



www.burmeseclassic.com

www.burmeseclassic.com



အင်းလျားလမ်းရှိ ခေတ်မီလှပသော နှစ်ထပ်တိုက်တစ်လုံးရှိရာ ခြံထဲကို အဖိုးတန် မီမိခံကားတစ်စီး ချိုးကွေ့မောင်းနှင်ဝင်လာကာ တိုက်ရှေ့ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။ ကားထဲမှ အသက် ၂၅နှစ် ဝတ်ဝန်းကျင်ခန့်စီရှိကြသော ညားကာစ ဇနီးမောင်နှံဖြစ်ဟန်တူသည့် လူငယ်စုံတွဲတစ်တွဲ ဆင်းသက်လာသည်။ ခေတ်မီ၍ အဖိုးတန်သားနားသော အဝတ်အစားများကို ဝတ်ဆင်ထားကြသဖြင့်၊ နေနဲ့လလို လိုက်ဖက်သော စုံတွဲတစ်တွဲဖြစ်ကာ၊ ကြွယ်ဝသည့် အထက်တန်းစားအသိုက်အဝန်းမှ ပေါက်ဖွားလာသူများဖြစ်ကြောင်း မြင်ရုံနှင့် သိသာနိုင်လေသည်။

လူရွယ်က အိမ်တံခါးမကြီးဆီသို့ သွားကြည့်သည်။ တံခါးမကြီး သော့ပိတ်၍ထားသည်။ ထို့ကြောင့် စိတ်မရှည်ဟန်ဖြင့် ...

ရွှေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ခန့်ဇော်ထင် ဘယ်လျှောက်သွားနေလဲ မသိဘူး ငါ ဖုန်းဆက်ထားလျက်နဲ့ ..."

ဟု ခပ်ညည်းညည်း ရေရွတ်လိုက်သည်။ ပြီးတော့ အိမ်ဘေးပတ်ဝန်းကျင်ကို ငေးရှာကြည့်၏။ ခြံမှာ တိတ်ဆိတ်ငြိမ်သက်ကာ လူသူလေးပါး အရိပ်အယောင်မျှ မမြင်ရဘဲရှိ၏။ မိန်းကလေးက တံခါးဝဆီသို့ လျှောက်သွားရင်း ...

"လူခေါ်ခေါင်းလောင်းရှိချင်ရှိမယ် ... နှိပ်ကြည့်မယ် ..."

ဟု ပြောလိုက်၏။ သို့သော် တံခါးအနီးတဝိုက်တွင် တပ်ဆင်ထားသော လူခေါ်ခေါင်းလောင်းနှင့်တူသော အရာကိုမျှ မတွေ့ရ။ ထို့ကြောင့် တံခါးကိုခေါက်တော့မည်ဟု လက်ရွယ်လိုက်စဉ်မှာပင် တံခါးက တစ်ထွာသာသာခန့် ဖွင့်ဟသွား၏။ ပြီးတော့ ထိုတံခါးဝတွင် မြင်ရသူ စိတ်နှလုံး ချောက်ချားဖွယ်မျက်နှာတစ်ခု ပေါ်လာ၏။

အိမ်ခန်းအတွင်းမှာ မှောင်နေသဖြင့် ထိုမျက်နှာ၏ နောက်ခံမှာ အနက်ရောင်ထဲမှ ထိုးထွက်နေသကဲ့သို့ရှိသည်။ မျက်နှာတွင် အလင်းရောင်မှာ ဝိုးဝါးသာ ကျရောက်နေသဖြင့် ချောက်ချားစရာကောင်းအောင် မီးပေးထားသကဲ့သို့ ဖြစ်သည်။

ထိုမျက်နှာကား အသားမည်းကာ မေးရိုးက မြင်းတစ်ကောင်လိုရှည်၏။ မညီညာသော သွားတွေက ရှေ့ကို အတော်ပင် ခေါထွက်နေကာ ဖြူစင်ခြင်းကင်းစွာ ညိုညစ်နေ၏။ မျက်လုံးတစ်ဘက်က ပျက်စီးကာ မျက်နှာထဲကို နက်ရှိုင်းစွာ ချိုင့်ခွက်ဝင်နေ၏။ ရှည်လျားသော ဆံပင်တွေက မျက်နှာပြင်ပေါ် ဖရိုဖရဲကျရောက်နေသည်။ တစ်ခုတည်း





ရှိသည့် သေးငယ်ကျဉ်းမြောင်းသော မျက်လုံးများဖြင့် ရှုစိုက်ကြည့်နေပုံမှာ ထိတ်လန့်စရာကောင်းလှသဖြင့် တံခါးဝတွင် ရပ်သော မိန်းကလေးသည် ကြောက်လန့်တကြား အော်လိုက်မိသည်။ လှလား နှာနှာဘာဝလား။

"အမယ်လေး ..."

သူ့အော်သံကြောင့် လူငယ်က တံခါးဝဆီ အပြေးရောက်လာ၏။ အိမ်ထဲက လူကလည်း တံခါးကို အကုန်ဆွဲဖွင့်ကာ အပြင်ထွက်လာ၏။

"မိန်းကလေး ... လန့်သွားသလား ... တောင်းပန်ပါတယ်၊ ကျုပ်ရုပ်ကလည်း ရုတ်တရက်မြင်တဲ့သူ လန့်ဖျပ်အောင် ဆိုးဝါးနေတာကိုး ... ကျုပ်ကို ခွင့်လွှတ်ပါ ..."

ဟု ရုပ်ရည်နှင့်မလိုက်အောင် နူးညံ့သိမ်မွေ့သော လေသံဖြင့် ယဉ်ကျေးစွာ တောင်းပန်နေသောအခါ နှစ်ယောက်လုံးပင် စောစောကအဖြစ်အတွက် အားတောင့်အားနာ ဖြစ်သွား၏။ လူရွယ်က သူ့ဇနီးကို ကြိတ်ကာ ဆူလိုက်သည်။

"ရတီရယ် ... မင်းက အလကားနေရင်း အသည်းငယ်နေတာပဲ၊ ဟိုလူကြီးကို အားနာစရာဖြစ်နေပြီ ..."

ထိုလူကြီးက သူတို့အနားသို့လျှောက်လာ၏။ အသက်၅၀ကျော်ခန့်ရှိပြီဟု ယူဆရသော်လည်း အသက်အရွယ်ထက်ပို၍ သွက်လက်သန်မာဟန်ပေါ်၏။

"ကျုပ်နာမည်က ဖိုးထော်ပါ ... အိမ်ကြီးရဲ့ ဘဏ္ဍာထိန်းဆိုပါ

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



တော့ ... လူကလေး လိုအပ်သမျှ ဆောင်ရွက်ပေးရတဲ့သူပါ ... လူကလေးဆိုတာ သခင်လေးခန့်ဇော်ထင်ကိုပြောတာ ... သူက ကျုပ်လက်ပေါ်မှာ ကြီးလာတဲ့ကလေးပဲ ... ကျုပ်က သူ့မိဘတွေလက်ထက်ကတည်းက သူတို့အိမ်မှာ အမှုထမ်းလာတဲ့သူပါ ... "

ထိုသူက ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်နေ၏။ လူရွယ်က ...

"ကျွန်တော်က ကျော်လင်းသန့်ပါ ... သူက ကျွန်တော့်ဇနီး ရတီဦးပါ ... "

"ဟုတ်ပြီ ... မန္တလေးမှာနေကြတာ မဟုတ်လား ... ရန်ကုန်အလည်လာပြီး ဒီမှာတည်းမယ်လို့ သခင်လေးက ပြောထားလို့ ကျုပ်အကုန်စီစဉ်ပြီးပါပြီ ... သခင်လေး အပြင်ခဏသွားပါတယ် ... ကျုပ်ကို ကြိုဆိုဖို့ မှာထားခဲ့တယ် ... ကဲ ... အထဲကိုကြွကြပါ ... "

ကားပေါ်က ပစ္စည်းတချို့ကို ဦးဖိုးဇော်က ကူသယ်ကာ သူတို့နေထိုင်ရမည့် အပေါ်ထပ်အခန်းထဲအထိ လိုက်လံပို့ပေး၏။ အခန်းမှာ အတော်ပင်ကျယ်ဝန်းသပ်ရပ်ကာ အထက်တန်းစားဟိုတယ်တစ်ခုလို ပြင်ဆင်ပေးထားသဖြင့် နှစ်ယောက်လုံး သဘောကျသွားကြသည်။

"ဒီအိပ်ခန်းနဲ့ တွဲလျက်မှာ ရေချိုးခန်းနဲ့ အိမ်သာရှိပါတယ် ... အခုပဲ ဘာများသုံးဆောင်ချင်ပါသလဲ ... "

"အအေးတစ်ခုခုပေါ့ ... "

"ကျွန်တော် မကြာခင်လာပို့ပါ့မယ် ... "

"ဒါထက် ခန့်ဇော်ထင်က ဘယ်သွားတာလဲ ... "

"သူ တစ္ဆေတစ်ကောင် သွားဝယ်မယ်လို့ ပြောသွားပါတယ်"





ထိုစကားကြောင့် ရတီဦးလက်ထဲတွင် ကိုင်ထားသော လက်ကိုင်အိတ်မှာ လွတ်ကျ၍ သွားလေတော့သည်။

----✣----



www.burmeseclassic.com

www.burmeseclassic.com



အလည်

အကျွန်

အင်းလျားကန်ကို ဖြတ်သန်းတိုက်ခတ်လာသောလေသည် မှုန်ထားသော အိပ်ခန်းပြတင်းမှတစ်ဆင့် အခန်းထဲသို့ တိုးဝှေ့ဝင်ရောက်တိုက်ခတ်နေ၏။ ရတီဦးသည် ထိုပြတင်းဝတွင်ရပ်ကာ လှမ်းမြင်နေရသည့် အင်းလျားရေပြင်ကျယ်ကို မသက်မသာစိတ်ဖြင့် ငေးမောနေမိသည်။ သူ့စိတ်သည် အတော်ပင် ညစ်နွမ်းနေမိသည်က အမှန်ပင်ဖြစ်သည်။

သူမနှင့် ကျော်လင်းသန့် လက်ထပ်ဖြစ်ခဲ့သည်မှာ ခြောက်လခန့်သာရှိသေး၏။ ကျော်မင်းသန့်ကား နှစ်လိုဖွယ်ကောင်းသော ရည်မွန်သည့် လူငယ်တစ်ယောက်ဖြစ်ကာ သူမ၏ဖခင်နှင့်စပ်တူ ကုမ္ပဏီတစ်ခုထူထောင်ထား၏။ အသားဖြူဖြူ ပိန်ပိန်ပါးပါး ဒီဂရီရွှေကိုင်းမျက်မှန်နှင့် အဝတ်အစားကို အမြဲလိုပင် သေသပ်ကျနစွာ ဝတ်ဆင်တတ်သော





ကျော်လင်းသန့်ကို မြင်သည်နှင့် သူမကပင် စတင်ကာ စိတ်ဝင်စားခဲ့မိခြင်းဖြစ်သည်။

သူတို့နှစ်ယောက် ချစ်သူတွေဘဝ ရောက်တော့လည်း နှစ်ဖက်မိဘတွေက လိုလိုလားလားပင် လက်ထပ်ထိမ်းမြားပေးခဲ့ကြသည်။ လက်ထပ်ပြီးသော်လည်း ... ကျော်လင်းသန့်၏ ကုမ္ပဏီအလုပ်တွေက စုပုံနေသဖြင့် ရက်တရက် သူတို့ အပန်းဖြေဖျားရည်ဆမ်းခရီး မထွက်နိုင်ခဲ့။ ဤတစ်ခုကိုတော့ ရတီဦး စိတ်တိုင်းမကျဖြစ်ခဲ့သည်။ အခုတော့ အလုပ်တာဝန်ပါးခိုက် လူကြီးတွေကလည်း တိုက်တွန်းသဖြင့် သူတို့ ရန်ကုန်ဆင်းခဲ့ကြသည်။

ရန်ကုန်တွင် ခေတ္တတည်းခိုရုံသာဖြစ်ကာ သူတို့၏ဟန်းနီးမွန်းခရီးစဉ်က ဘန်ကောက်နှင့် စင်ကာပူဖြစ်၏။ ဗီဇာလျှောက်ထားစဉ်ကာလတွင် သူ့အိမ်၌တည်းရန် ခန့်ဇော်ထင်က ဖိတ်ခေါ်ခဲ့ခြင်းဖြစ်၏။ သန့်ဇော်ထင်နှင့် ကျော်လင်းသန့်မှာ တက္ကသိုလ်တွင် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည်။ သို့သော် ရတီဦးကိုယ်တိုင်ကတော့ ခန့်ဇော်ထင်ကို တစ်ကြိမ်တစ်ခါမှ ဆုံဖူးခဲ့ခြင်းမရှိသေး။

"ရှင့်သူငယ်ချင်းက ဘယ်လိုလူလဲ ကိုလင်း ... "

"ဘာဖြစ်လို့လဲ ရတီ၊ ခန့်ဇော်ထင်က လူကောင်းတစ်ယောက်ပါ ... "

"သူက ဘာလို့ တစ္ဆေတစ်ကောင်ကို သွားဝယ်ရတာလဲ"

"ကိုယ်လည်း မစဉ်းစားတတ်ဘူး ရတီ ... ကိုယ်သိရသလောက်တော့ ကိုယ့်သူငယ်ချင်း ခန့်ဇော်ထင်ဟာ ဒီလိုကြောင်တောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူမျိုး ပြုလေ့ရှိတဲ့သူ မဟုတ်ဘူး၊ သူပြန်လာမှ မေးကြည့်ရတော့မှာပဲ ... ”

“ကျွန်မတော့ ဒီအိမ်ကို စ,ရောက်ကတည်းက စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ မသိုးမသန့်ခံစားနေတယ် ... ဦးဖိုးထော်ကို စ,မြင်လိုက်ရတည်းကဆိုပါတော့ ... ”

တကယ်တော့ ရတီဦးသည် မိန်းကလေးအတော်များများလိုပင် အသည်းငယ်တတ်သူ၊ စိတ်နုသူဖြစ်သည်။ တစ္ဆေသရဲဆိုသည်ကို ယုံကြည်ကြောက်လန့်တတ်သည်။ အလှအပကို နှစ်ခြိုက်မြတ်နိုးသည်။ အရုပ်ဆိုးလှသည့် ဦးဖိုးထော်ကို မြင်ရခြင်းသည်ပင် ရတီဦးအတွက် ကသိကအောက်ဖြစ်စရာဖြစ်နေ၏။

“ကဲ ... ခေါင်းနောက်နေရင် ဟောဒီအင်းလျားလေကို ရင်ထဲရောက်အောင် ရှိုက်ပြီးရှူလိုက် ... ”

ကျော်လင်းသန့်က တိုက်တွန်းလိုက်သော်လည်း ရတီဦးက ပြတင်းပေါက်ကို ကျောခိုင်းလိုက်ကာ ...

“အင်းလျားရေပြင်ကိုကြီးကိုကြည့်ရတာ ကျောရိုးထဲမှာ စိမ့်လာတယ် ... ကြောက်စရာကြီး ... ”

“ဘာဖြစ်လို့လဲ ရတီ ... ”

“ကိုလင်း စဉ်းစားကြည့်လေ ... ဒီအင်းလျားရေကန်ထဲမှာ ရေနစ်သေဆုံးခဲ့တဲ့သူတွေဟာ နှစ်ကာလကြာတာနဲ့အမျှ ဘယ်လောက်များနေပြီလဲ ... ဒီရေပြင်ကိုကြည့်ရတာ ညဆို ပိုကြောက်ဖို့ကောင်းမယ်၊ ဒီရေပြင်ထဲကထွက်လာမဲ့ ဝိညာဉ်တွေကိုတောင် မြင်ရချင် မြင်ရနိုင်မယ် ... ”





“တော်တော့ ရတီရယ် ... မင်းဟာက အတွေးလွန်လွန်းအားကြီးနေပြီ ... ”

ထိုအခိုက်မှာပင် ကိုကာကိုလာသံဘူးနှစ်ဘူးကိုဖောက်ကာ ထည့်သောက်စရာဖန်ခွက်နှစ်ခွက်နှင့်အတူ ဗန်းပေါ်တင်၍ ဦးဖိုးထော်က အခန်းထဲဝင်လာသည်။ ထိုအိပ်ခန်းထဲတွင်ပင် စားပွဲကုလားထိုင်ခုံရှိနေရာ စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

“ခဏနေပါဦး ဦးဖိုးထော် ... ”

အခန်းထဲက ပြန်ထွက်သွားခါနီး ဦးဖိုးထော်ကို ရတီဦးက လှမ်းတားလိုက်ခြင်းဖြစ်သည်။ ဦးဖိုးထော်က နေရာတွင်ရပ်ကာ ...

“ပြောပါ မိန်းကလေး ... ”

ဟု ရိုရိုသေသေဆိုသည်။ သူ့သခင်လေး၏ ဧည့်သည်များဖြစ်သဖြင့် သူ ရိုရိုသေသေဆက်ဆံရမည်ဟု မှတ်ယူထား၏။ ရတီဦးက...

“တစ္ဆေရှိတယ်ဆိုတာ ရှင် ယုံသလားဟင်”

ဟု မေးလိုက်သည်။ ဦးဖိုးထော်က အကဲခတ်ကြည့်လိုက်သောအခါ ရတီဦးသည် တကယ်ပင် ပြင်းပြသော သိလိုစိတ်ဖြင့် မေးလိုက်ခြင်းဖြစ်ကြောင်း ရိပ်စားလိုက်မိ၏။ တုံ့ဆိုင်းတွန့်ဆုတ်ဟန်ရှိသော ဦးဖိုးထော်ကိုကြည့်ကာ ကျော်လင်းသန့်က ...

“ခင်ဗျား ... ယုံကြည်တာကိုသာ လွတ်လွတ်လပ်လပ်ပြောပါ ဦးဖိုးထော် ... ”

ဟု တိုက်တွန်းလိုက်၏။ ဦးဖိုးထော်က ...

“ဆရာလေးတို့က ဗုဒ္ဓဘာသာဝင်တွေ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... "

"ဒါဆို ၃၁ဘုံဆိုတာကို လက်ခံတယ် မဟုတ်လား"

"ဟာ ... လက်ခံတာပေါ့ ... ဘုရားဟောပဲ ... ဘယ်ငြင်းပယ်လို့ရမလဲ"

"အဲဒီ ၃၁ ဘုံရေတွက်တဲ့အခါ အပါယ်လေးဘုံဆိုတာပါတယ်၊ အဲဒါတွေက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တဲ့ ... တစ္ဆေသရဲဆိုတာ အဲဒီအထဲက ပြိတ္တာဘုံ အမျိုးအနွယ်တွေပါပဲ။

"ပြိတ္တာဟုတ်လား ... ပြိတ္တာတွေက ဘယ်နှစ်မျိုးရှိသလဲ"

"လောကပညတ္တိကျမ်း၊ ဆာတိဒီပနီကျမ်းတွေမှာတော့ ပြိတ္တာမျိုး ၁၂ မျိုးရှိတယ်လို့ ဆိုထားတယ် ... ပါရာဇိကဏ်ပါဠိတော်နဲ့ သံယုတ်ပါဠိတော်တွေမှာတော့ ပြိတ္တာ ၂၁ မျိုးလို့ ပြထားတယ်"

"ဒါဆို ဒါတွေက တကယ်ရှိတာပေါ့နော် ... "

ရတီဦးက မျက်လုံးကလေးပြူးကာ မေးသည်။ ဦးဖိုးထော်က

"တကယ်ရှိတာပေါ့ ... ဘုရားဟော ပိဋကတ်သုံးပုံဆိုတဲ့ ဥဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်မှာ ပေတဝတ္ထုတော်ဆိုပြီး တသီးတခြားရှိခဲ့တာပဲ ... ဟိမဝန္တာတောင်တန်းက ဂိဇ္ဈကုဋ်တောင်တောအုပ်မှာ ပြိတ္တာတွေနေတဲ့ မြို့တော်ရှိတယ် ... တောင်စောင်းတွေ၊ ချိုင့်ဝှမ်းတွေ၊ ရေကန်တွေ၊ ဂူလိုဏ်တွေ၊ သစ်ပင်ခြုံနွယ်တွေ၊ သုသာန်ဇရပ်တွေ၊ အဆောက်အဦးပျက်တွေမှာလည်း သူတို့ ခိုအောင်းနေတတ်ကြတယ်"

"ဦးဖိုးထော်က တော်တော်သိပါလား"





"သိဆို ကျုပ်က ဘုန်းကြီးလူထွက်ပဲလေ"

"သူတို့ပုံသဏ္ဌာန်ကရော ... "

"သူတို့ ခံစားရမဲ့ အကုသိုလ်ကံအလိုက် ပုံသဏ္ဌာန်ကလည်း အမျိုးမျိုးကွဲပြားနေတယ် ... တူညီတာကတော့ သူတို့အားလုံးရဲ့ အဆင်းသဏ္ဌာန်ဟာ မမြင်ဝံ့အောင် ဆိုးဝါးတာပဲ ... ဒါကြောင့် သူတို့ကို မြင်ရတဲ့သူတွေက ကြောက်လန့်တာပေါ့ ... တစ္ဆေဆိုတဲ့ စကားလုံးဟာ တဖွေ့တိ ခြောက်လှန့်တတ်၏ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာ ... "

---- ✣ ----



www.burmeseclassic.com

www.burmeseclassic.com



သွေးရောင်လွှမ်းနေသော နီကျင့်ကျင့် အလင်းရောင်ရှိရာ လောကား ထိပ်တွင်
မှုတ်တရက် မြူလိုလို မီးခိုးငွေ့လိုလိုအရာတွေက စုဝေးဝန်းဖွဲ့ကာ

## (၄) ရေခဲသေတ္တာထဲမှခေါင်းပြတ်



www.burmeseclassic.com

www.burmeseclassic.com



## (၄) ရေခဲသေတ္တာထဲမှခေါင်းပြတ်



www.burmeseclassic.com

www.burmeseclassic.com



ညနေစာထမင်းဝိုင်းမှာ အေးအေးချမ်းချမ်းရှိသည်ဟု ဆိုနိုင်သည်။ ကသိကအောက်ဖြစ်စရာမှူ၍ တစ်ခုပဲရှိသည်။ ညနေစာချက်ရန် ဦးဖိုးထော် ဝယ်ထားသည့် အမဲသားစိမ်းများ မီးဖိုထဲတွင်ထားရာမှ ရုတ်တရက် ပျောက်ဆုံးသွားခြင်းဖြစ်သည်။

ထို့ကြောင့် ဦးဖိုးထော်သည် အချိန်မီ ညစာစားနိုင်ရန်၊ အပြင်အစင်းဆိုင်မှ ဟင်းများကို ဝယ်ယူစီစဉ်ပေးခဲ့ရသည်။ ဟင်းများမှာ အသ်မွှယ်ရာရာရှိ၍ စားသောက်ကောင်းလှရာ၊ အမဲသားတွဲ ပျောက်ဆုံးခြင်းကိစ္စကို ခဏခြင်းမှာပင် သူတို့ မေ့လျော့သွားကြသည်။ ခန့်ဇော်ထော်က သူ တစ္ဆေသွားဝယ်ရခြင်းအကြောင်းကို ရယ်ရယ်မောမောနှင့် ပြောပြရာ၊ ကျန်နှစ်ယောက်က ကောင်းစွာသဘောကျပေါက်သွားကြလေသည်။

ဧမ္မီုးဆောင်း စာပေ

www.burmeseclassic.com



ဤအိမ်ကို ရောက်ကတည်းက ကသိကအောက်ဖြစ်စရာကိစ္စများ ကြုံသဖြင့် ဟိုတယ်ကို ပြောင်းနေတော့မည့် ရတီဦးသည်လည်း ခန့်ဇော်ထင်နှင့် ဆုံသောအခါ ဖော်ရွေရည်မွန်သော ခန့်ဇော်ထင်၏ ဆက်ဆံရေးနှင့်တွေ့ကာ စိတ်ကူးပြောင်းပစ်လိုက်သည်။ ပြည်ပကို ထွက်ခွာသည့် ဗီဇာရသည်အထိ ဤအိမ်တွင်ပင် နေတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ဦးဖိုးတော်ဆိုသည့် လူကြီး၏မျက်နှာကိုကြည့်ရသည်မှာလည်း တွေ့မြင်စကလောက်အကြည့်ရမဆိုးတော့ပေ။ ခန့်ဇော်ထင်က ...

"ဦးဖိုးတော်ကမြင်ရတာသာ အကြည့်ရဆိုးတာပါ စိတ်နှလုံး အလွန်ကောင်းတယ် ..."

ဟု ချီးမွမ်းစကားပြောခဲ့၏။ ထိုစကားမှာ အမှန်ပင်ဖြစ်သည်။ ယခုလည်း သူသည် ထမင်းဝိုင်းအနီးတွင်ရပ်ကာ အရိပ်အခြည်ကြည့်၍ လိုအပ်သမျှကို တစ်ချက်မှ မလစ်ဟင်းရအောင် စီမံပေးနေသေးသည်။ ထမင်းစားသောက်ပြီးသောအခါ ... ဦးဖိုးတော်ကပင် သူတို့အတွက် ကော်ဖီအချိုပွဲပြင်ပေး၏။ ကော်ဖီသောက်ကြရင်း ကျော်လင်းသန့်က ...

"ခန့်ဇော်ထင် မင်းက အပျော်သဘောမျိုး ... တစ်ဘက်ကလူတွေကို ကူညီချင်လို့ တန္ထွေကို ဝယ်ခဲ့တယ်ဆိုပေမယ့် လတ်တလော မင်းဘက်က ငွေတစ်သောင်းတော့ ဆုံးရှုံးသွားတာပဲမဟုတ်လား"

ဟု မေးလိုက်၏။ ခန့်ဇော်ထင်က ...

"ဒီငွေတစ်သောင်းဆိုတာ ငါ့အတွက် ပြောပလောက်တဲ့ငွေကြေးမဟုတ်ပါဘူးကွ ... သူတို့အတွက်လည်း ဒီလိုပါပဲ ... ပြီးတော့





သူတို့က မနစ်နာရအောင်ဆိုပြီး သူ့အဖေရဲ့ အိတ်ဆောင်ကြေးနာရီ တစ်လုံး ပေးလိုက်ပါသေးတယ် ..."

ခန့်ဇော်ထင် ထုတ်ပြသောပစ္စည်းကို ကျော်လင်းသန့်က ကိုင်ကြည့်ကာ ...

"အင်း ... လှတော့လှပါရဲ့ ... ဒါပေမဲ့ ... မင်းနာရီက အစုတ်ကြီးခဲ ... ဘယ်တစ်သောင်းတော့တန်မလဲကွ ..."

ဟု ပြောရင်း ... သူနှင့်ကပ်ထိုင်နေသော ရတီဦးအား အိတ်ဆောင်နာရီကို ကမ်းပေးလိုက်၏။ သို့သော် သေဆုံးပြီးစ လူတစ်ယောက်၏ပစ္စည်းကို ကိုင်တွယ်ကြည့်ရန် စိတ်မသန့်သည့်အတွက် ရတီဦးက ခေါင်းခါကာ ငြင်းပယ်လိုက်သည်။ ဦးဖိုးတော်က ကြားထဲမှ လှမ်း၍ဖြတ်ယူကာ ...

"ကျွန်တော် ခဏကြည့်ပါရစေ သခင်လေး ..."

ဟုဆိုကာ နာရီကိုစေ့စေ့စပ်စပ်ကြည့်သည်။ နှာခေါင်းဖြင့် နမ်းကြည့်သည်။ နားရွက်တွင်ကပ်ကာ နားထောင်ကြည့်သည်။

"သခင်လေး နာရီမပျက်ပါဘူး ... သွားနေသားပဲ ... နာရီသံ တချက်ချက်ကြားနေရတယ် ..."

ဦးဖိုးတော်၏စကားကြောင့် သံသယဖြစ်ကာ ခန့်ဇော်ထင်က နာရီကို သူ့နားတွင်ကပ်၍ စက်သံကိုနားထောင်ကြည့်၏။ သို့သော် အသံမှမကြားရ။ ရှုရှိုက်ကြည့်သောအခါလည်း သွေးနံ့မရ။ ဦးဖိုးတော်စကားကိုယုံကာ အမျိုးမျိုးလုပ်ကြည့်နေသော ခန့်ဇော်ထင်ကို ကြည့်ရင်း ကျော်လင်းသန့်က သရော်ပြုံး ပြုံးသည်။ ကျော်လင်းသန့်



www.burmeseclassic.com

www.burmeseclassic.com



သဘောကိုရိပ်မိသဖြင့် ခန့်ဇော်ထင်က ပခုံးတွန့်ပြလိုက်ကာ ...

"ဦးဖိုးထော် ရတီဦးက ကြောက်တတ်တယ် ... ဒါကြောင့် မေါက်ကရတွေပြောမနေနဲ့ ..."

ဟု ဟန့်တားလိုက်၏။ သို့တိုင် ဦးဖိုးထော်က ...

"သခင်လေး မကြားရဘူးလား ... ကျွန်တော်တော့ တကယ့် နာရီစက်သံကိုကြားနေရတယ် ..."

ဟု ရွတ်ပြောလိုက်သေး၏။ သူ့မျက်နှာ သရုပ်ဆောင်နေတာ နှင့် မတူ။ တကယ်ပင် နာရီစက်သံကို ကြားနေရသည့်အလား ထင်မှတ် ရ၏။ ဦးဖိုးထော်က နောက်ပြောင်တတ်သူလည်းမဟုတ်။ မဟုတ်မမှန် ပြောတတ်သူလည်း မဟုတ်။ ထို့ကြောင့် ခန့်ဇော်ထင်က သူ့နားတွင် နာရီအပ်ကာ နားထောင်ကြည့်ပြန်သည်။ သို့သော် နာရီထဲမှ ဘယ်လို အသံကိုမှ မကြားရ။

---❖---





ဆင်း
ဘုတ်ဘဲ
ယဆုံးသွား
ဗီလျှောက်

နာရီသံ တချက်ချက်မြည်သံကြောင့် အိပ်ပျော်နေရာမှ ရတီဦး နိုး၍လာသည်။ သူတို့အိပ်ရာဘေးစားပွဲပေါ်တွင် တင်ထားသော စားပွဲ တင်နာရီမှ ထွက်ပေါ်နေသည့် စက်သံဖြစ်သည်။ ပုံမှန်အားဖြင့် ဤနာရီ စက်သံကို ကျယ်လောင်သည်ဟု မဆိုနိုင်သော်လည်း၊ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေသည့် ယခုလိုညမျိုးတွင်မူ နား အကြားအာရုံကို အတိအကျ အနှောင့်အယှက်ပေးနိုင်အောင်ပင် မြည် ဟိန်းနေ၏။

ပူလောင်အိုက်စပ်သော နွေညဖြစ်သဖြင့် သူ့ကိုယ်မှထွက်သော ချွေးတို့ဖြင့် ရတီဦး၏အဝတ်အစားတို့သည် စေးထန်းကပ်စိုနေသည်။ ဤအိပ်ခန်းတွင် လေအေးပေးစက်တပ်ဆင်ထားသော်လည်း မျော် လင်းသန့်က လေအေးပေးစက်ကို အပိတ်နိုင်းထားခဲ့၏။ သူက လေ



www.burmeseclassic.com

www.burmeseclassic.com



အေးပေးစက်နှင့်မတည့်။ လေအေးပေးစက်တပ်ဆင်ထားသောအခန်း အတွင်း ညအိပ်မိလျှင် မနက်၌ ဖျားနာနေတတ်၏။ အိပ်ခန်း၏ အင်းလျှားကန်ကိုမျက်နှာမူထားသည့် တစ်ခုတည်းသော ပြတင်းပေါက်ကို လည်း ရတီဦး၏အလိုအရ ပိတ်ထားရ၏။ ကြယ်ရောင်ဖြင့် မြင်ရသော

ပြဲအင်းလျှားညရေပြင်ကိုမြင်ရသည်မှာ ချောက်ချားစရာကောင်း

မှန်ပင်ဖြစ်၏။ ဒီတော့ အခန်းထဲတွင် အိုက်လှောင်မွန်းကျပ်

နာရီစက

ည်။

ဟု ဦးသည် နှုံးချိကာ လည်ချောင်းတွေ ခြောက်ကပ်အောင်

နှင့် ...။ တက

ပင် ရေဆာနေလေသည်။ ထို့ကြောင့် ခုတင်ပေါ်က ဆင်းလိုက်၏။ ကျော်လင်းသန့်မှာ ခရီးပန်းလာသောကြောင့်ထင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ အခန်းထဲတွင် အစိမ်းရောင်ငါးတိုင်အား မီးသီးအရောင်သာ မှိန်ဖျော့ဖျော့ယှက်ဖြာဖြန့်ကျက်နေ၏။ ဤအခန်း ထဲတွင် သောက်စရာရေမရှိ။ ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းလောက်တော့ နောက်နေ့ကျ ယူထားမှဖြစ်မည်။ အခုတော့ ရေသောက်ရန် အောက်ထပ်မီးဖိုချောင်ထဲ ရေခဲသေတ္တာရှိရာသို့သာ ဆင်းရပေတော့မည်။

တံခါးကိုဖွင့်ကာ အပြင်သို့ထွက်လိုက်သည်။ အပေါ်ထပ်စင်္ကြံလမ်းတွင် အနီရောင်ငါးတိုင်အား မီးသီးတစ်လုံးကို ထွန်းညှိထား၏။ အနီရောင်အလင်းကိုကြည့်ရသည်မှာ ကျက်သရေမရှိ ထိတ်လန့်စဖွယ်ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ သွေးရောင်လွှမ်းနေသည့်အလား ထင်မှတ်ရသည်။ အပေါ်ထပ်အစွန်ဆုံးကအခန်းတွင် ဦးဖိုးထော်အိပ်သည်။





ကိစ္စကြီးငယ်ရှိလျှင် သူ့ကိုနှိုးပါဟု ဦးဖိုးထော်က ပြောသော်လည်း ရတီဦးက မနှိုးတော့။ သူက အသက်ကြီးပြီ။ အိပ်ရာကနှိုးကာ ဒုက္ခမပေးချင်။ ပြီးတော့ ဒီလိုအချိန်မျိုး၌ သူ့မျက်နှာကိုမြင်ရလျှင် လန့်ဖြန့်မသွားဟု အာမ မခံနိုင်။

လှေကားမှတစ်ဆင့် အောက်ထပ်သို့ ရတီဦး တရွေ့ရွေ့ဆင်းလာခဲ့သည်။ လှေကားက မြင့်မားကာ တစ်ဆစ်ချိုးအကွေ့မပါတဲ့ တဖြောင့်တည်းဖြစ်သဖြင့် လိမ့်ကျမိပါက ဇက်ကျိုးကာ သေဆုံးသွားနိုင်ပေသည်။ အောက်ထပ်ရောက်သောအခါ မီးဖိုခန်းဆီလျှောက်မသွားခင် လှေကားရင်း၌ရှိသော မီးခလုတ်ကိုဖွင့်လိုက်၏။ မီးချောင်းများအလင်းရောင်ဖြင့် အောက်ထပ်တစ်ထပ်လုံး လင်းထိန်သွားလေသည်။ အလင်းရောင်ကြောင့် ဖြစ်ပေါ်နေသော အနည်းငယ်၌ ကြောက်စိတ်က လွင့်ပျက်သွား၏။ ခန့်ဇော်ထင်က အောက်ထပ်တွင်သာ အိပ်သည်။ သူ့အိပ်ခန်းနှင့်ကပ်လျက်တွင် သူ့စာကြည့်ခန်းရှိ၏။ ထိုစာကြည့်ခန်းထဲတွင် ကွန်ပျူတာရှိသည်။ အင်တာနက်ရှိသည်။ တစ်ခါတစ်ရံ စိတ်ပါလျှင် သူသည် ညဉ့်နက်သည်အထိ အလုပ်လုပ်တတ်သဖြင့် အောက်ထပ်တွင်သာအိပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

ရတီဦးသည် ခန့်ဇော်ထင်၏အိပ်ခန်းရှေ့မှဖြတ်ကာ မီးဖိုခန်းထဲ လျှောက်လာခဲ့သည်အထိ အဆင်ပြေနေသည်။ မီးဖိုခန်းထဲရောက်သောအခါ ရေခဲသေတ္တာဆီလျှောက်သွားရင်း ရေခဲသေတ္တာတံခါးကို ဆွဲဖွင့်လိုက်သည်။ အထဲတွင် မြင်လိုက်ရသောခေါင်းပြတ်ကြီးတစ်ခု ကြောင့် ရတီဦး ရုတ်တရက် လန့်အော်မိမလို ဖြစ်သွား၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်းဖြတ်ကြီးမှာ ဝက်ခေါင်းကြီးတစ်ခုသာဖြစ်နေသည်။ ညာ
ထခင်းဝိုင်းတွင် ရတီဦးက ဝက်ခေါင်းသုပ်ကြိုက်သည်ဟု ပြောမိသ
ဦးဖိုးထော်က မနက်ဖြန် အူ လုပ်ကျွေးမည်ဟု ကြိုတင်ကတိပေ
သည်။ ထို့ကြောင့် မနက်ဖြန် ဝက်ခေါင်းသုပ်လုပ်ရန်အတွက် ခေါင်းပြ
ကို ဝယ်ယူထားခြင်း ဖြစ်ဟန်တူ၏။

ရွှေခဲသေတ္တာတွင် တွေ့ရသည့် ရေသန့်တစ်ပုလင်းကိုယူ
သောက်လိုက်တော့မှ တထိတ်ထိတ်ခုန်နေသောရင်က အတန်င
ငြိမ်သွား၏။ သူ့ကို ဒါကြောင့် အသည်းငယ်လွန်းသည်ဟု ကျော်လ
သန့်က ပြစ်တင်စကားပြောတတ်ခြင်းဖြစ်သည်။ မနက်ကျမှ သူနှင့်ဤ
ကိစ္စကိုပြန်ပြောကာ ရယ်ပွဲဖွဲ့ရဦးမည်။ ရေပုလင်းတစ်ပုလင်းကိုယူက
မီးဖိုခန်းထဲမှ ပြန်ထွက်ခဲ့၏။

ခန့်ဇော်ထင်၏အခန်းကို ကျော်ဖြတ်ကာ လှေကားရင်း
ရောက်တော့ ရုတ်တရက် အောက်ထပ်ကမီးတွေ ငြိမ်းသွား၏။ ပထ
တော့ မီးပျက်သွားပြီဟု ထင်လိုက်၏။ သို့သော် အပေါ်ထပ်လှေကာ
ထိပ်လှမ်းကြည့်လိုက်သော နီကျင့်ကျင့်မီးရောင်ကိုလှမ်းမြင်နေရသေ
ရာ၊ မီးပျက်တာ မဖြစ်နိုင်။ သို့ဆိုလျှင် သူလည်းမပိတ်ဘဲ တခြားပိတ်
မည့်သူလည်းမရှိဘဲ၊ ဘာကြောင့်အောက်ထပ်က မီးတွေက ငြိမ်းသွာ
လေသနည်း။ ရတီဦး၏ရင်ထဲတွင် ဒိန်းခနဲဖြစ်သွားကာ ကြောက်ရွံ့စိတ်
က တိုးဝင်လာသည်။ အမှောင်ထုသည်ကား ကြောက်စိတ်ကို တိုးပွာ
အောင် လှုံ့ဆော်တတ်၏။ ထို့ကြောင့် သူ လှေကားပေါ် ခပ်သွက်သွ
တက်လိုက်သည်။ အလင်းရောင်ရှိရာ အပေါ်ထပ်ကို မြန်မြန်ရောက်မှ





သို့သော် ...

လှေကားထစ်လေးငါးထစ်တက်အပြီးမှာပင် ရတီဦး၏ခြေလှမ်း
များက တုံ့ရပ်သွား၏။ သူ မြင်တွေ့နေရသည့် သွေးရောင်လွှမ်းနေသော
နီကျင့်ကျင့်အလင်းရောင်လှေကားထိပ်တွင် ရုတ်တရက် မြူလိုလို၊
မီးခိုးငွေ့လိုလို အရာတွေက စုဝေးဝန်းဖွဲ့ကာ ချောက်ချားဖွယ် ပုံ
သဏ္ဌာန်တစ်ရပ်ဖြစ်ထွန်းလာ၏။ ထိုအရာကား အရပ်ရှည်ရှည် ဘောင်း
ဘီနှင့် ကွက်အင်္ကျီဝတ်ကာ ဦးထုပ်ဆောင်းထားသည့် နှာခေါင်းချွန်ချွန်
ရှက်နှာဖြူကြီးတစ်ယောက်။ ထိုမြူလိုလို လူလိုလို အရာကြီးက သူ့
လက်ကြီးများကို ဆန့်တန်းလိုက်သောအခါ ...

ရတီဦးသည် ကြောက်လန့်တကြား အသံကုန်အော်ဟစ်လိုက်
ကာ လှေကားပေါ်မှ နောက်ပြန်ကျသွားလေတော့သည်။

---- ✣ ----



www.burmeseclassic.com

www.burmeseclassic.com



သူ့ဇက်သည် လိမ်ချိုးခံရသလို ကျိုးနေကာ၊ သူ့ခန္ဓာကိုယ် အောက်တွင် ဒူးတို့ချိုင်တွန့်နေ၏။ မျက်လုံးများကား ကြောက်ရွံ့ထိတ်လန့်မှုဖြင့် ပြူးကျယ်လျက်ရှိလေ၏။

## (၅) သေဆုံးခြင်းကို နိမိတ်ဖတ်သူ

www.burmeseclassic.com

www.burmeseclassic.com



## (၅) သေဆုံးခြင်းကို နိမိတ်ဖတ်သူ



www.burmeseclassic.com

www.burmeseclassic.com



ညကအဖြစ်ကား အတော်ပင်တုန့်လှုပ်ချောက်ချားစရာကောင်းလှသည်။ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာအော်သံကြောင့် အိမ်တွင်ရှိနေသော ယောကျ်ားသားသုံးဦးလုံးပင် လန့်နိုးလာ၏။ သို့သော် အနီးဆုံးနေရာတွင်ရှိသော ခန့်ဇော်ထင်က ရတီဦးဘေးကို အရင်ဆုံးရောက်ရှိလာသည်။ သူက လှေကားရင်းမှ မီးခလုတ်ကိုအရင်ဖွင့်လိုက်၏။ ပြီးတော့ လှေကားရင်းတွင် လဲကျနေသော ရတီဦးကိုပွေ့ထူလိုက်သည်။

ထိုစဉ်မှာပင် အပေါ်ထပ်မှ ကျော်လင်းသန့်နှင့် ဦးဖိုးထော်တို့လည်း လှေကားမှ ရှေ့ဆင့်နောက်ဆင့် ဆင်းလာကြ၏။ ကျော်လင်းသန့်က စိုးရိမ်တကြီးမေးသည်။

"ဘာဖြစ်တာလဲ ရတီ … ဘာဖြစ်တာလဲ"

လှေကားအောက်ဆင့် အနည်းငယ် မြင့်သောနေရာမှ လိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သဖြင့် ရတီဦးသည် ထူးထူးခြားခြား ထိခိုက်နာကျင်မိခြင်း မရှိ။ တံတောင်ဆစ်တစ်ဖက်သာ အနည်းငယ် ပွန်းပဲ့သွား၏။ သို့သော် ထိတ်လန့်ကြောက်ရွံ့မှုကြောင့် အတော်ကြာအောင်ပင် စကားမပြော နိုင်ဘဲရှိရာ ရေအေးအေးတစ်ခွက်ကို တိုက်၍ အတော်ကြာအောင် အား ပေးစကား ပြောနေရ၏။

သူတို့အားလုံး အောက်ထပ်ဧည့်ခန်းထဲတွင်ပင် စုဝေးကာ ထိုင် နေမိသည်။ နာရီဝက်ခန့်ရှိမှသာ သူ ကြုံတွေ့ခဲ့ရသည့်အဖြစ်ကို ရတီဦး သည် ထစ်ထစ်ငေါ့ငေါ့ ပြောပြနိုင်၏။ ပြောနေရင်းပင် ကြောက်စိတ် ပြေပျောက်မရှိ။

ကျော်လင်းသန့်ကတော့ ရတီဦးစကားတွေကို ကောင်းစွာ ယုံ စားခြင်း မရှိ။

"ဒီအိမ်ကို ရောက်ကတည်းက မင်း ချောက်ချောက်ချားချား ဖြစ်နေတာ ငါ အသိသားပဲ ... အခုလည်း အဲဒီ အစွဲအလမ်းနဲ့ မင်း မြင်မိမြင်ရာ မြင်တာတွေ ဖြစ်ပါလိမ့်မယ်ကွာ ... ဒီလိုပဲ မရှိတဲ့အသံ တွေ ကြားရတာ ... မရှိတဲ့အရာတွေမြင်ရတာကို ဟယ်လူစနေးရှင်း (Hallucination)လို့ ခေါ်တယ် ... "

ကျော်လင်းသန့်စကားကို ရတီဦးက လက်မခံ။

"ဟယ်လိုစနေးရှင်းဆိုတာ စိတ်ရောဂါဝေဒနာတစ်မျိုးပဲ ... ရှင် က ကျွန်မကိုအရူးလို့ စွပ်စွဲချင်တာလား ... "

"မဟုတ်ပါဘူး ... ရတီရယ် ... ဥပါဒါန်ကြောင့် ဥပါဒ်ရောက် တတ်တယ် ... မင်း သိပ်အစွဲအလမ်းမထားဖို့ သတိပေးနေတာ ... "





ခန့်ဇော်ထင်က ကျော်လင်းသန့်အား လက်ကာပြကာထား လိုက်၏။

"ရတီကို အပြစ်ပြောနေရမယ့်အချိန်မဟုတ်ဘူး ... တစ်ခုတော့ ရှိတယ် ... ဒါမျိုးတို့အိမ်မှာ တစ်ခါမှမဖြစ်ဖူးဘူး ... ဒါ ... ပြဿနာတစ်ခု ပဲ ... ညှိနှိုင်းပြီး အဖြေရှာရမယ် ... အချိန်မတိုင်မီဆုံးဖြတ်ချက်ချလို့ မဖြစ်ဘူး ... လှေကားထိပ်မှာတွေ့လိုက်ရတဲ့ပုံသဏ္ဌာန်က ထင်ထင် ရှားရှားပဲနော် ... "

"တကယ့်ထင်ထင်ရှားရှားပါ ကိုခန့်ဇော်ထင် ... "

"ကျွန်တော် ဆက်စပ်လို့ရတာလေးတစ်ခုရှိတယ် ... ကျွန်တော် ထင်တဲ့အတိုင်းဆိုရင် ... အဖြေက ရှင်းသွားလိမ့်မယ် ... မနက်ကျမှ ဆောင်ရွက်လို့ရမယ့်ကိစ္စ ... ကဲ ကိုယ့်အခန်းကိုယ်ပြန်အနားယူကြတာ ပေါ့ ... "

ခန့်ဇော်ထင်က ကျော်လင်းသန့်တို့စုံတွဲကို သူတို့အခန်းထဲ ရောက်သည်အထိ လိုက်လံပို့ဆောင်ပေးခဲ့သည်။ ပြီးတော့ အပေါ်ထပ် တစ်ထပ်လုံး စေ့စေ့စပ်စပ်လိုက်လံအကဲခတ်သည်။ မသင်္ကာဖွယ်ရာ မတွေ့ရ။ ဦးဖိုးထော်က ...

"စိတ်ချပါ သခင်လေး ... မိုးလည်းလင်းကာနီးပြီ ... ဒီည ကျွန်တော် မအိပ်တော့ပါဘူး ... အပေါ်ထပ်မှာ လှည့်ပတ်စောင့် ရှောက်နေလိုက်ပါ့မယ် ... "

"ကျေးဇူးပဲ ဦးဖိုးထော် ... "

ခန့်ဇော်ထင် သူ့အခန်းထဲ ပြန်ရောက်ကာ ခုတင်ပေါ်လှဲနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော်လည်း တော်တော်နှင့်အိပ်မပျော်။ စန္ဒီတို့အိမ်ကို သူရောက်
စဉ်က စန္ဒီမောင်လေး ရေးထားသောပုံတစ်ခုကို သူမြင်ခဲ့ဖူးရာ၊
ပုံသဏ္ဍာန်မှာ ယခု ရတီဦးမြင်ခဲ့ရသောပုံနှင့် တစ်ပုံစံတည်း ကိုက်ညီ
သည်ဟုထင်မိ၏။ ဒီတုန်းက သူက ချာတိတ်ကို ဘာပုံလဲဟုမေးခဲ့
ချာတိတ်ပြန်ဖြေခဲ့သည်က သရဲတဲ့။

---- ✣ ----





နောက်တစ်နေ့မနက် လက်ဖက်ရည်သောက်ပြီးချိန်တွင် ခန့်
ဇော်ထင်သည် သူ့ကားဖြင့် ကျော်လင်းသန့်နှင့် ရတီဦးတို့ကိုခေါ်ကာ
ပဲခူးမြို့ရှိ စန္ဒီတို့ အိမ်ရှိရာ ထွက်လာခဲ့လေသည်။

စန္ဒီက သူတို့အုပ်စုကိုတွေ့တော့ အနည်းငယ်အံ့အားသင့်နေပုံရ
သည်။ သို့သော် ဖော်ရွေစွာ ကြိုဆိုညှော်ခံ၏။ ခန့်ဇော်ထင်က စန္ဒီကို
ကျော်လင်းသန့်တို့ ဇနီးမောင်နှံဖြင့် မိတ်ဆက်ပေးလိုက်ကာ —

"ပြဿနာ နည်းနည်းလေး ရှိနေလို့ စန္ဒီ ... "

ဟု ညက ဖြစ်ပျက်ပုံကို ရှင်းပြလိုက်သည်။

"အင်း ... အံ့ဩစရာပဲ ... အခု စန္ဒီက ဘာအကူအညီပေးရမလဲ"

"စန္ဒီတို့အိမ်ကို လာတုန်းက စန္ဒီမောင်လေး ရေးနေတဲ့ ပန်းချီ
ကားတစ်ချပ်ကို တွေ့ခဲ့တယ် ... သူ့ကိုမေးတော့ သရဲပုံလို့ ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ် ... အဲဒီပုံက မနေ့ညက ရတီ မြင်ခဲ့ရတဲ့ပုံနဲ့ ပြောပုံအရ တော်တော်တူနေတယ် ... အဲဒါကို တိုက်ကြည့်ချင်လို့ ..."

"ဒါဆို မောင်လေးအခန်းသွားကြမယ် ... သူက အိပ်နေတုန်းပဲ

သူတို့လေးယောက်လုံး ရာဇာလေးအခန်းထဲ ဝင်သွားသည်။ ရာဇာလေးကား ခုတင်ပေါ်တွင် အိပ်မောကျ၍နေဆဲဖြစ်သည်။ သည် ရေးလက်စဖြစ်ဟန်တူသော ပန်းချီကားတစ်ချပ်ကို လက်မှ ဖက်ဖြင့် ဖက်ကာ အိပ်နေ၏။ သူ့ဘေးက စားပွဲပေါ်တွင် သူဆွဲထားသော ပန်းချီကားစက္ကူတွေကို စုပုံထပ်ထား၏။ ထိုပန်းချီကားတွေကို ကြည့်ကာ တစ်ချပ်ကိုဆွဲထုတ်လိုက်ပြီး ခန့်ဇော်ထင်က ရတီဦးကို လိုက်၏။

"ရတီ ... မနေ့ညက ရတီမြင်ခဲ့ရတယ်ဆိုတဲ့ပုံက ဒီပုံလားဟင်

ရတီဦးက ပုံကိုကြည့်ကာ ချက်ချင်းစကားမပြောနိုင်သေး ခေါင်းညိတ်ပြ၏။ ပြီးမှ အသက်မရှူနိုင်ဘဲ ...

"ဟုတ်တယ် ... ဒီပုံမှ ဒီပုံအစစ်ပဲ ... နှာခေါင်းကောက်ကော အရပ်ရှည်ရှည် ကုတ်အင်္ကျီနဲ့ဘောင်းဘီနဲ့ ... အို ... မနေ့ညကမြင် တာနဲ့ တစ်ထေရာတည်းပဲ ..."

အားလုံးပင် ငေးငိုင်သွားကြသည်။ ခန့်ဇော်ထင်က ...

"ဒါဆိုရင် ... သူ သရဲတစ်ကောင် မြင်မြင်နေရတယ်ဆို အလကား ညာပြောနေတာမဟုတ်ဘူး တကယ်ပေါ့ ..."

ဟု ရေရွတ်လိုက်၏။ စန္ဒီက ...

"သူက အချိန်ရှိသရွေ့ ပုံတွေဆွဲနေတာပဲ ... သူ့အခန်း





မြင်တဲ့ပုံတွေဖြစ်မယ် ... ဒီထဲမှာ ထူးခြားတာတစ်ခုရှိသေးတယ်"

ဟုပြောကာ ထိုပန်းချီကားတွေထဲမှ ပန်းချီကားတစ်ချပ်ကို ထုတ်ယူပြပြန်သည်။ ကလေးတစ်ယောက်၏လက်ရာဖြစ်သော်လည်း လူတစ်ယောက်ခုတင်ပေါ်တွင် ကန့်လန့်ဖြတ်လဲကျကာ သေဆုံးနေပုံကို ပီသအောင် ရေးဆွဲထားနိုင်တာတွေ့ရ၏။ စန္ဒီက ...

"အဲဒါ ... ကျွန်မတို့ အဖေသေဆုံးနေတဲ့ပုံပဲ ..."

ဟုဆိုသည်။ ကျော်လင်းသန့်က ...

"ကလေးက ... သူ့အဖေသေဆုံးတဲ့ပုံကိုမြင်ပြီး ရေးခဲ့တာထင်တယ် ..."

ဟု ဝင်ပြောသောအခါ ... စန္ဒီက ခေါင်းကိုဖြည်းညင်းစွာယမ်းရင်း ...

"မဟုတ်ဘူး ... ဒီပုံကို အဖေမသေခင်သုံးရက်လောက်က သူ ကြိုရေးထားခဲ့တာ ... ဒီပုံမှာ ရေးပြီးတဲ့နေ့ကို Date နေ့စွဲတပ်ထားတယ်၊ အဲဒီနေ့စွဲက အဖေသေဆုံးတဲ့နေ့ထက်(၃)ရက်စောနေတယ်၊ စန္ဒီလည်း အဲဒါကို စဉ်းစားမရဖြစ်နေတာပဲ ..."

ဟုပြောလိုက်သည်။ ရတီဦးက ...

"ဒါဆိုရင် ဒီကလေးက သေမှာကို ကြိုသိနေတဲ့သဘောပေါ့"

ဟု ရေရွတ်လိုက်၏။ ထိုအခိုက်မှာပင် အိပ်ရာပေါ်မှ ရာဇာလေးက နိုးလာသည်။ သူ့အခန်းထဲတွင် စုပြုံရောက်ရှိနေသည့် လူများကိုကြည့်ကာ နားမလည်နိုင်ဟန်ဖြင့် ...

"ကျွန်တော့်အခန်းထဲမှာ ဘာလာလုပ်နေကြတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။ စန္ဒီက ...

"သူတို့က ... မောင်လေးရေးထားတဲ့ပန်းချီကားတွေကို လာကြည့်ကြတာပါ ... "

"ရှေ့ ... ဒါက မနွေညက ကျွန်တော်ရေးထားတာ ... "

သူရင်ခွင်မှာ ဖေ့ပိုက်ထားသော ပန်းချီကားကို ရာဇာက လှမ်းပေးလိုက်၏။ စန္ဒီက လှမ်းယူလိုက်ရာ ... အားလုံးက စန္ဒီလက်ထဲမှ ပန်းချီကားကို စိတ်ဝင်တစား ဝိုင်းကြည့်လိုက်ကြသည်။ ကြည့်နေရင်းမှပင် ခန့်ဇော်ထင်က စန္ဒီလက်ထဲမှ အလန့်တကြား ဆတ်ခနဲဆွဲယူလိုက်၏။

ပုံမှာ မြင့်မားသောလှေကားတစ်စင်း။ လှေကားရင်းတွင် လူတစ်ယောက် လှေကားပေါ်မှ လိမ့်ကျလာဟန်ဖြင့် လဲကျသေဆုံးနေသည်။ ခန့်ဇော်ထင်က ...

"ဒါ ... ကျွန်တော့်အိမ်ကလှေကားပဲ ... သူ ကျွန်တော့်အိမ်မရောက်ဘူးပဲ ဘာဖြစ်လို့ ဒီလိုရေးနိုင်ရတာလဲ ... "

"ရှင့်အိမ်ကလှေကားဆိုတာ သေချာရဲ့လား ... "

စန္ဒီက မယုံမရဲမေးသည်။

"သေချာပါတယ် ... ဟောဒီလှေကားအတက်နံရံပေါ်က ပန်းချီကားကိုတောင် သူ ထည့်ဆွဲထားသေးတာပဲ ... ပြီးတော့ မနွေညက ရတီဟာ ဒီလှေကားပေါ်က လိမ့်ကျခဲ့တယ် ... "

ဟုပြောလိုက်၏။ ရတီဦးက ...

"ဟုတ်တော့ဟုတ်တယ် ... ဒါပေမဲ့ ကျွန်မက သေမှမသေဘဲ





ဒီပုံထဲကလူကတော့ သေနေတာသေချာတယ် ... သူ့ဘေးပတ်ပတ်လည်မှာ သွေးတွေအိုင်ထွန်းနေတာမြင်တယ်မဟုတ်လား ... "

ဟု ဆိုသည်။ ခန့်ဇော်ထင်က ...

"သေသေချာချာကြည့်လေ ... ဒီပုံထဲမှာ သေနေတဲ့သူက မိန်းမမဟုတ်ဘဲ ... ယောက်ျားကြီးတစ်ယောက်ပဲ ... ကျွန်တော်တို့အိမ်အမြန်ဆုံးပြန်မှဖြစ်မယ် ... "

ပြောပြောဆိုဆို ခန့်ဇော်ထင်က အပြေးထွက်သွားရာ ကျန်နှစ်ယောက်ကလည်း ... နောက်မှ အပြေးလိုက်ရလေသည်။ သူတို့နှစ်ယောက် ကားပေါ်ရောက်ခဲ့သည်နှင့် ခန့်ဇော်ထင်က ကားကို အပြင်းမောင်းထွက်သွားလေရာ၊ စန္ဒီသည် တိုက်ဝတွင်ရပ်ငေးရင်း ကျန်ခဲ့သည်ကိုပင် လက်မပြနှုတ်မဆက်နိုင်ဘဲရှိ၏။

လမ်းတစ်လျှောက်လုံးလည်း ခန့်ဇော်ထင်သည် စကားမပြောနိုင်ဘဲ ကားကို အမြန်ဆုံးနှုန်းဖြင့် မောင်းနှင်နေလေရာ ကျော်လင်းသန့်တို့မှာ အလိုက်သိစွာ နှုတ်ဆိတ်လိုက်ပါလာခဲ့ရလေသည်။ ကားကို သူ့တိုက်ရှေ့တွင်ရပ်ပြီးသည်နှင့် ... ခန့်ဇော်ထင်သည် ကားတံခါးကို အလျင်အမြန်တွန်းဖွင့်ကာ အိမ်ထဲပြေးဝင်သွားလေသည်။

"ဦးဖိုးတော် ... ဦးဖိုးတော်"

ထူးသံမကြားရ။ နောင်တွင်လည်း ဦးဖိုးတော်သည် ဘယ်သောအခါမှ ထူးနိုင်တော့မည် မဟုတ်။ ဧည့်ခန်းအတွင်းတွင် မြင်လိုက်ရသည့်မြင်ကွင်းက ရာဇာလေးရေးထားသည့် ပန်းချီကားထဲမှ မြင်ကွင်းနှင့် တစ်ထေရာတည်းချွတ်စွတ်တူ၍နေသည်။ မြင့်မားသောအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထဝ်မှဆင်းရာလှေကားရင်းတွင် ဦးဖိုးထော်သည် လဲကျကာသေဆုံးနေသည်။ သူ့ဇက်သည် လိမ်ချိုးခံရသလို ကျိုးနေကာ သူ့ခန္ဓာကိုယ်အောက်တွင် သွေးတို့ အိုင်ထွန်းနေ၏။ သူ့မျက်လုံးကား ကြောက်ရွံ့မှုဖြင့် ပြူးကျယ်လျက်ရှိလေသည်။

----✣----





သူကြည့်လိုက်တော့ တစ္ဆေတွေတောအုပ်ထဲမှာ စီတန်းလျှောက်လာတာတွေ့ရသည်။ ရှေ့ဆုံးမှ အရုပ်ဆိုးဆိုးမျက်နှာဖြူဖြူတစ္ဆေကြီး၏ လက်ထဲတွင် တွဲလောင်းကျနေသော အိတ်ဆောင်နာရီတစ်လုံးကိုကိုင်ဆောင်ထားကာ ...

## (၆) ထူးဆန်းသောလူစိမ်းနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



## (၆) ထူးဆန်းသောလူစိမ်းနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ဇော်ထင်၏အိမ်မှာ အသုဘအိမ်ဖြစ်သွားသည်။ ဦးဖိုးထော်မှာ သားသမီးဆွေမျိုးဟူ၍မရှိရာ၊ အလောင်းမြေကျသည်အထိ ခန့်ဇော်ဆင်ကပင် ဆောင်ရွက်ပေးရသည်။ ရဲဘက်က လာရောက်စစ်ဆေးဆော်လည်း မတော်တဆလှေကားပေါ်မှလိမ့်ကျသေဆုံးခြင်းဟု ယူဆသတ်မှတ်လိုက်ကြသည်။

သူ့အိမ်ကို စန္ဒီလည်းရောက်လာကာ ဝမ်းနည်းစကားပြောလေသည်။

"ဒီလိုကိစ္စတွေဖြစ်ရတာ စန္ဒီပါအပြစ်မကင်းသလိုခံစားရတယ်"

"မဆိုင်ပါဘူးစန္ဒီ ... ဒီဇာတ်လမ်းက ကိုယ်စခဲ့တာပါ ... ဒီတော့ဒီဇာတ်ကို ကိုယ်ဆုံးအောင် ဆက်ကမယ် ... "

သူတို့လေးယောက်သား စကားထိုင်ပြောနေကြခြင်းဖြစ်သည်။ ကျော်လင်းသန့်က ...



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီတို့အဖေသေတာကိုရော ဒီလိုသွေးရိုးသားရိုးလို့ ယူဆ
သလား ... "

ဟု မေးလိုက်သည်။ စန္ဒီက ...

"စစ်ဆေးတဲ့ဆရာဝန်ကတော့ ရုတ်တရက် နှလုံးသွေးရပ်ပြီး
သေတာလို့ပြောတယ် ... ဒါမျိုးဟာ အကြောက်လွန်ရင်လည်း ဖြစ်
တတ်ပါတယ်လို့ပြောတယ် ... အဖေ့မျက်လုံးတွေက ဦးဖိုးထော်လို
ပွင့်နေတယ် ... မသေခင် ထိတ်လန့်စရာတစ်ခုခုကို တွေ့မြင်သွားခဲ့
တဲ့ပုံပဲ ... ပြီးတော့ အဖေ့ရဲ့လက်ဖျံမှာ နီရဲတဲ့လက်ဖဝါးရာကြီးလို
ထင်ထင်ရှားရှားတွေ့ရတယ် ... "

"အဲဒါ ထူးခြားတယ် ... ဦးဖိုးထော်ရဲ့ လက်ဖျံမှာလည်း
အဲသလို လက်ဖဝါးရာလိုလို တွေ့ရတယ် ... အတင်းအဓမ္မ ချုပ်ကိုင်
ရလို့ သွေးခြေဥကျန်ခဲ့တဲ့ပုံပဲ ... "

အားလုံးပင် အတွေးကိုယ်စီဖြင့် စိတ်ငြိမ်နေသည်။ ဦးဖိုးထော်
ကိုတွေ့စက ထိတ်လန့်ခဲ့သော ရတီဦးကိုယ်တိုင်ပင် အခုလိုအဖြစ်မျိုး
ကြုံသောအခါ ဦးဖိုးထော်ကို ကြင်နာသနားစိတ်ဝင်နေ၏။ စန္ဒီက ...

"ဒါဆိုရင် ဒီလူသေဆုံးမှုနှစ်ခုလုံးဟာ ဆက်စပ်နေတယ်ဆို
ထင်ရှားတယ် ... ပြီးတော့ ဒါဟာ တစ္ဆေသရဲတစ်ကောင်ရဲ့လက်ချက်
လို့ ယူဆရမလိုဖြစ်နေပြီ ... "

"စန္ဒီ ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ ... "

ခန့်ဇော်ထင်က မေးလိုက်၏။

"ဘာလုပ်ရမှန်းမသိဘူး ... တဖြည်းဖြည်းကြောက်လာတယ်





ပြီးတော့ မောင်လေးက ဒီလိုသူ့စိတ်ထဲထင်တာမြင်တာတွေကိုသာ
လျှောက်ရေးနေဦးမယ်ဆိုရင် သူ့အပေါ်အန္တရာယ်ကျရောက်လာမှာ စိုး
တယ် ... ဘယ်လိုအကာအကွယ်ပေးရမှန်းမသိဘူး ... "

ဟု ညည်းညူနေသည်။ ခန့်ဇော်ထင်က ...

"ကျွန်တော် အကြံတစ်ခုပေးချင်တယ် ... စန္ဒီတို့မောင်နှမ ဒီကို
ခဏပြောင်းလာနေကြပါလား ... "

"ရှင် ... "

"ဒီလိုလေ ဒီအိမ်မှာဆို ဖြစ်လာတဲ့ပြဿနာတွေကို ကျွန်တော်
ကူညီနိုင်တယ် ... ပြီးတော့ တစ္ဆေသရဲပဲခေါ်ခေါ် နှောင့်ယှက်နေတဲ့
ဒိဗ္ဗညာဥ်ကိုရင်ဆိုင်ဖို့ဆိုရင် ရာဇာရဲ့အကူအညီလည်းအများကြီးလို
တယ် ... သူ ရေးနေတဲ့ပုံတွေက စိတ်ထင်ရာ ရေးနေတာတွေမဟုတ်
ဘူး ... သူ အာရုံရတာတွေကိုရေးနေတာ ... ဒီတော့ ကျွန်တော်တို့
အတွက် အများကြီးအထောက်အကူရနိုင်တယ် ... "

ထိုစကားက စန္ဒီကို တွေဝေသွားစေသည်။ သူ့တွင် တခြား
အားကိုးစရာ ဆွေမျိုးရင်းချာလည်း ရန်ကုန်တွင်မရှိ။ မောင်လေးက
လည်း အားမကိုးရ။ ခန့်ဇော်ထင်၏အကြံဉာဏ်ကမဆိုး။ အဖေကိုသတ်
ခဲ့သည့် ထိုတစ္ဆေကို တုံ့ပြန်ဖို့ရာမှာ ခန့်ဇော်ထင်နှင့်ပူးပေါင်းဖို့ပင်ဖြစ်
သည်။ ခန့်ဇော်ထင်က ...

"ဘာတွေ စဉ်းစားနေတာလဲ ... "

"ကျွန်မတို့မောင်နှမရောက်လာရင် ရှင့်အတွက် အလုပ်ပိုတွေ
ဖြစ်လာမလားလို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ... ကျွန်တော့်ကို အကူအညီလာပေးတယ်လို့ပဲ သဘောထားတယ် ... ဘာမှ အားနာစရာမလိုဘူး ..."

ပြီးတော့ ကျော်လင်းသန့်တို့ဘက် လှည့်ကြည့်လိုက်သည်။ နဂိုကတည်းက အသည်းငယ်တတ်သူဆိုသော ရတီဦးသည် တစ်ရက်နှစ်ရက်အတွင်း တွေ့ကြုံလိုက်ရသည့် ချောက်ချားဖွယ်ရာကိစ္စများကြောင့် ထိတ်လန့်တုန်လှုပ်နေပေမည်။ သူက တောင်းပန်သည့်တိုင်အောင် သူ့အိမ်တွင် ဆက်တည်းခိုမည်မထင်။ သူကလည်း ဆွဲ၍ထား၍မကောင်း။ ထို့ကြောင့် ...

"မင်းတို့ရောက်နေတုန်းမှာ ဒီလိုဖြစ်ရတာ ... ငါ စိတ်မကောင်းပါဘူး ကျော်လင်းသန့် ..."

"ငါက ပြဿနာမရှိဘူး ... ရတီအတွက်ပါ"

"အေးလေ ... ငါသိပါတယ် ... မင်းတို့ ဘယ်ပြောင်းနေမလဲ၊ ရန်ကုန်မှာ ဟိုတယ်ကောင်းကောင်းတွေရှိပါတယ် ..."

သို့သော် ...

"ဘာလို့ ပြောင်းရမှာလဲ ... ဒီမှာပဲ ဆက်နေမယ်"

ဤစကားများကိုဝင်ပြောလိုက်သူက ရတီဦးဖြစ်သည်။ ကျော်လင်းသန့်က အံ့သြစွာကြည့်ရင်း ...

"ဖြစ်ရဲ့လား ရတီ ... ငါက မင်းအတွက်ပြောတာ"

"ဖြစ်ပါတယ် ..."

"မင်းက ကြောက်တတ်တယ်လေ ..."

"ကျွန်မ ငယ်ငယ်ကျောင်းသူဘဝတုန်းက သင်္ချိုင်းညှို့တယ် ...





ဒါကြောင့် သင်္ချိုင်းကို ကြောက်နေခဲ့တယ် ... နောက်တော့ ကျွန်မ ကြောက်တဲ့သင်္ချိုင်းကိုပဲ ရင်ဆိုင်ပြီး ဖိတွက်လိုက်တယ် ... တစ်စထက် တစ်စ သင်္ချိုင်းမှာ ကျွန်မ ထူးချွန်လာလိုက်တာ တက္ကသိုလ်မှာ သင်္ချိုင်းနဲ့ ဆွဲရတဲ့အထိပဲ ... အခုလည်း ကျွန်မက တစ္ဆေသရဲဆို ကြောက်တတ်တဲ့ ခု ... အဲဒါကြောင့် ထွက်မပြေးဘဲ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လိုက်တာ၊ အခု ကျွန်မ အရင်ကလောက်မကြောက်တော့ဘူး ... စိတ်ဝင်စားတဲ့ စိတ်ပဲ တိုးတက်လာတယ် ..."

ကျော်လင်းသန့်နှင့် ခန့်ဇော်ထင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။ ရတီဦးက စိတ်အားထက်သန်စွာဖြင့် ...

"ဒီကို စန္ဒီတို့လည်း ပြောင်းလာကြဦးမှာဆိုတော့ မိန်းမခြင်းလည်း အဖော်ရသွားပြီ ... ဦးဖိုးထော်မရှိတော့ဘူးဆိုတော့ စားဖို့သောက်ဖို့ကိစ္စကို ကျွန်မတို့မိန်းမတွေကပဲ စီစဉ်ပေးရတော့မှာပေါ့"

သူ့စကားကို အားလုံးကပင် ကန့်ကွက်ရန်မရှိ သဘောတူလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွင် စန္ဒီတို့မောင်နှမသည် အဝတ်အစားအနည်းငယ်ထည့်ကာ ခန့်ဇော်ထင်အိမ်သို့ ကားလေးဖြင့် ရောက်လာကြသည်။ ခန့်ဇော်ထင်က အပေါ်ထပ်တွင် လွတ်နေသည့် ကျော်လင်းသန့်တို့အခန်းနှင့် ကပ်လျက်အခန်းတွင် နေရာချပေးလိုက်၏။ ဦးဖိုးထော်အခန်းကိုမူ သော့ခတ်ကာ ပိတ်ထားလိုက်သည်။

ရာဇာလေးကို အကဲခတ်ကြည့်သောအခါ နေရာဒေသအပြောင်းအလဲကို စိတ်ဝင်တစား ဖြစ်နေဟန်တူ၏။ သို့သော် ဤအိမ်သို့ ရောက်ကာမှ ပုံတွေမရေးပြန်။ သူ ပုံရေးလျှင် စောင့်ကြည့်ကာ မိမိတို့အား အသိပေးရန် ခန့်ဇော်ထင်က စန္ဒီကို သတိပေးထားရလေသည်။ ဤရက်များအတွင်း ထူးထူးခြားခြား ဖြစ်ပေါ်မှု မရှိဟု ဆိုနိုင်သည်။

ဦးဖိုးထော်အတွက် ရက်လည်သပိတ်သွတ်ပြီးသော ညတွင်မူ



...း၀ါးသော အိပ်မက်တစ်ခုကို သူ မက်ခဲ့သည်။ ဖေ့ဥပမိရုပ်က ခပ်ညှို့ ...သူရောက်နေသည်။ သူ အရင်က မရောက်ဘူးသော ဖေ ... ...တ်ငြိမ်သက်နေသော တောအုပ်အတွင်းတွင် နာရီသံ သန်းထိုက်ပါ ... ...သြားနေရ၏။ သူ ကြည့်လိုက်တော့ ... မ်းဖူးပါတယ်၊ ဒါက

တစ္ဆေတွေ တောအုပ်ထဲမှ တန်းစီလျှောက် ... ...ည်။ ရှေ့ဆုံးမှ အရပ်ရှည်ရှည် မျက်နှာဖြူ တစ္ဆေကြီး ... ပတ်သက်ဆ ... ...လောင်းကျနေသော အိတ်ဆောင်နာရီရှိကာ ထိုနာရီသူ့တပည့်က ... တစ္ဆေ ...ည်သံမှာ ကျယ်လောင်လွန်းရကား သူ့နှလုံးကို တ...င်ပုံ ဖြစ်၏ ...ရှိသည်။ တစ္ဆေကြီး၏ နောက်တွင် ထက်ကြပ်မကွာ လို ...နေသော ...စ္ဆေများရှိနေကာ နောက်ဆုံးမှ တစ္ဆေမှာ ဦးဖိုးထော် ဖြစ်၍နေလေ ...ည်။ သူ့ကို တစ္ဆေများက ဂရုမပြုမိဘဲ သူ့ဘေးမှ ဖြတ်ကာ သွားကြ ...ည်။ ထိုအိပ်မက်ထဲတွင် သူသည် အသံမပြုရဲလောက်အောင်ပင် ...တ်လန့်ကြောက်ရွံ့နေ၏။

တစ္ဆေများ ဖြတ်ကျော်သွားသည်နှင့် သူသည် ကြောက်လန့်...ကြား ထိုတောအုပ်ထဲမှ ပြေးထွက်လာခဲ့သည်။ မည်မျှကြာအောင် ...သွားနေမိသည်မသိ။ တောင်ကုန်းလေးတစ်ကုန်းအနီးသို့ ရောက်...သည်။ ထိုတောင်ကုန်းပေါ်တွင် အရွယ်ညီသော စေတီငယ်သုံးဆူ ... သူ တွေ့ရသဖြင့် ဝမ်းသာအားရ အားထားရာဟု ယူဆကာ လက် ...ချီမိုး ရှိခိုးလိုက်သည်။ ထိုအခိုက်မှာပင် သူသည် အိပ်ရာမှ လန့်နိုး ...လေသည်။ အိပ်မက်ဆိုးမှ နိုးထလာခဲ့သည့်တိုင်အောင် သူ့ရင်... ...တဒိတ်ဒိတ်ခုန်နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နှလယ်ခင်းတွင် သူ့ထံသို့ တစ်ခါမှ မမြင်ဘူးသော
ာ် ရောက်လာသည်။ သူ့ထံ ဧည့်သည်ရောက်နေသည်
ာန့်က ပြောသဖြင့် ခန့်ဇော်ထင် ထွက်တွေ့ခြင်းဖြစ်
ထိုလူစိမ်းနှစ်ယောက်ကို သူ မသိ။ ခန့်ဇော်ထင်က
ရာပေးကာ ...

ာ်က ဒီအိမ်ရှင် ခန့်ဇော်ထင်ပါ ... ကျွန်တော် ဘာ
ပေးနိုင်ပါမလဲ ... ”

န်စွာ ပြောလိုက်ရသည်။ လူစိမ်းနှစ်ဦးအနက် တစ်ဦး
သည် အသက် ၃၅ နှစ်ခန့်ရှိကာ အထက်တန်းကျ သန့်ပြန့်သော ရုပ်
ရည်ရှိ၏။ အကောင်းစား သက္ကလပ်ဘောင်းဘီရှည်၊ ရှပ်အင်္ကျီလက်ရှည်
နှင့် နက်ကတိုင်လည်စည်းကို သေသပ်ကျနစွာ ဝတ်ဆင်ထားရာ ရွှေ
ကတည်းက ဤအဝတ်အစားတွေဝတ်ကာ မွေးဖွားလာလေသလား
ထင်ရလောက်အောင် ပိရိအချိုးအစားကျန၏။ သင့်တင့်သော အရပ်
အမောင်းနှင့် လိုက်ဖက်ညီသော ကျန်းမာပုံရသည့် ကိုယ်လုံးကိုယ်
ပေါက်ရှိကာ အသားအရေမှာ ထူးထူးခြားခြား စိုပြေဝင်းလဲ့နေသည်။
အထူးခြားဆုံးကား မျက်ခုံးနက်နက်များအောက်ရှိ စူးရှတောက်ပြောင်
သည့် မျက်လုံးများရှိကာ သူ့အကြည့်က ရင်ကို ထွင်းဖောက်၍ အသည်း
နှလုံးဆီ တစ်မဟုတ်ချင်း ရောက်ရှိသွားစေနိုင်၏။

နောက်တစ်ယောက်ကမူ အသက် ၃၀ ခန့်ရှိကာ အသားမည်း
မည်း၊ အရပ်ပုပု ဂင်တိုတိုဖြစ်၏။ အပေါ်အောက် ယောဂီဝတ်စုံဖြ





ဆိုကြသော အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ ဥပမိရုပ်က ခပ်ညံ့
ညံ့ ဖြစ်သည်။ ရုပ်ရည်သန့်ပြန့်သော လူက ...

“ကျုပ်နာမည်က သန်းထိုက်ပါ၊ ဒေါက်တာသန်းထိုက်ပါ ...
အရင်က စိတ်ပညာဌာနမှာ ကထိကအဖြစ် အမှုထမ်းဖူးပါတယ်၊ ဒါက
တော့ ကျုပ်တပည့် အောင်ဗလပါ ... ”

ယခုအချိန်အထိ ဤကိစ္စမှာ သူနှင့် တိုက်ရိုက်ပတ်သက်ဆ
ပေါ်ခြင်း မရှိသေးဟု ခန့်ဇော်ထင်က ယူဆသည်။ သူ့တပည့်ကခေ
မှော်ဆရာယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင်ပုံ ဖြစ်၏။
ဒေါက်တာသန်းထိုက်က ...

“ကျွန်တော်က အခုလောလောဆယ် စိတ်နယ်လွန်ဖြစ်ရပ်ငွေ
တို သုတေသန ပြုနေပါတယ် ... ဝါသနာအရ ဆိုပါတော့ ... ဒါထက်
စိတ်နယ်လွန်ပညာရပ် (Parapsychology) ဆိုတာ ခင်ဗျားတို့ သဘော
ပေါက်ပါတယ်နော် ... သာမန်စိတ်အခြေအနေထက် ပိုတဲ့ လွန်မြောက်
တဲ့ကိစ္စဆိုပါတော့၊ Super netural ဆိုတဲ့ သဘာဝလွန် အဖြစ်တွေကို
ပြောတာ ... ဥပမာ စုန်းကဝေ တစ္ဆေသရဲ ဆိုတဲ့ ကိစ္စတွေ ပါဝင်တယ်
ဆိုပါတော့”

“ကျွန်တော် နည်းနည်းသဘောပေါက်စ ပြုပါပြီ ... ”

ခန့်ဇော်ထင်က ပြောလိုက်သည်။ ဒေါက်တာသန်းထိုက်က
“ခင်ဗျားတို့မှာ အခု ဒီလိုကိစ္စမျိုးတွေနဲ့ ရင်ဆိုင်နေရတယ်ဆို
တာ ကျုပ် သိနေတယ် ... ခင်ဗျားတို့ကို အကူအညီအမှန်ပေးနိုင်တာ
က ကျုပ်ပဲ ရှိတယ် ... ”



www.burmeseclassic.com

www.burmeseclassic.com



ခန့်ဇော်ထင်တို့လူစုက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့အတွက် အကူအညီ လိုအပ်နေတာကတော့ အမှန်ပင်ဖြစ်သည်။ ဤကိစ္စကို ဘယ်က−−ယ်လို စတင်ကိုင်တွယ်ရမည် ဟု သူတို့လည်း ရေရေရာရာ မသိကြ။ စန္ဒီက ...

"ကျွန်မ မသိလို့ မေးပါရစေ ... ရှင်တို့က ပယောဂဆရာတွေ း ... "

ဟု မေးလိုက်ရာ ဒေါက်တာသန်းထိုက်က ပျာပျာသလဲ ...

"ဟာ ... မဟုတ်ပါဘူး မဟုတ်ပါဘူး ... ကျွန်တော် ခုန ပြော ာလို့ စိတ်နယ်လွန်ဖြစ်ရပ် သုတေသနပညာရှင်ပါ ... အင်း ... လွယ် ွယ်ပြောရရင်တော့ ကျွန်တော်တို့အလုပ်က အဲဒီပယောဂဆရာရဲ့ အလုပ်တွေနဲ့ ခပ်ဆင်ဆင် တူတယ်လို့ ပြောရပါ့မယ် ... "

ဟု ငြင်းဆို၏။ ရတီဦးက ...

"ရှင်တို့က ပယောဂဆရာမဟုတ်ရင် တစ္ဆေသရဲတွေကို ဘယ်လိုလုပ် နိုင်မှာလဲ ... "

"မှန်ပါတယ်၊ ကျွန်တော်တို့မှာ ဆေးကြိမ်လုံးလည်း မပါဘူး အင်း အိုင် လက်ဖွဲ့တွေလည်း မပါဘူး ... ဆေးဖယောင်းတိုင်လည်း မထွန်းဘူး ... အထက်လမ်းဆရာတွေ၊ ပယောဂဆရာတွေ သုံးတဲ့နည်း နဲ့ ကျွန်တော်တို့ သုံးတဲ့နည်းက မတူပါဘူး ... ကျွန်တော်တို့က ဖြစ်ပေါ် လာတဲ့ အခြေအနေရဲ့ အကြောင်းရင်းမြစ်ကို ရှာဖွေပြီး အန္တရာယ်တွေ ဖယ်ရှားရှင်းလင်းတဲ့နည်းကို အသုံးပြုတာပါ ... "

ခန့်ဇော်ထင်က သူ သိချင်သောအချက်ကို မေးလိုက်သည်။





"ကျွန်တော်တို့မှာ ဒီလို အခက်အခဲမျိုး ရင်ဆိုင်နေရတယ်လို့ ခင်ဗျား ဘယ်လိုလုပ် သိတာလဲ ... ပြီးတော့ ဘယ်လိုလုပ် ခြေရာခံမိ ပြီး ကျွန်တော်တို့ဆီ ရောက်လာနိုင်တာလဲ ... "

"တကယ်တော့ ... မစ္စတာရောဘတ်နောက်ကို ကျွန်တော်တို့ ခြေရာခံလိုက်နေတာ အတော်ကြာပါပြီ ... "

"မသိလို့ မေးပါရစေ ... မစ္စတာရောဘတ်ဆိုတာ ဘယ်သူလဲ"

ကျော်လင်းသန့်က ကြားဖြတ်မေးလိုက်သည်။

"မစ္စတာရောဘတ်ဆိုတာ ခင်ဗျားတို့ကို ဒုက္ခပေးနေတဲ့ တစ္ဆေ ကြီးပါပဲ ... "

သူတို့ အရပ်ရှည်ရှည် မျက်နှာဖြူသရဲဟု အသိများနေသည့် သူ မှာ ဒေါက်တာသန်းထိုက်အဆိုအရ မစ္စတာရောဘတ်ဆိုသူ ဖြစ်နေ ကြောင်း သိလိုက်ရသည်။ ဒေါက်တာသန်းထိုက်က ...

"ခင်ဗျားတို့ဆီမှာ ကြေးဝါနဲ့ လုပ်ထားတဲ့ ရှေးဟောင်းနာရီ တစ်လုံး ရှိနေတယ်မဟုတ်လား ... "

"ဟုတ်တယ် ... ရှိတယ်"

ခန့်ဇော်ထင်က သူ့တွင်ရှိနေသော အိတ်ဆောင်နာရီကို ထုတ် ပေးလိုက်၏။ ဒေါက်တာသန်းထိုက်က ထိုအိတ်ဆောင်နာရီ ကျော ဘက်တစ်နေရာကို ပြလိုက်သည်။ ထိုနေရာတွင် အင်္ဂလိပ်စာလုံးဖြင့် ထွင်းထုထားသော ရောဘတ်ဂင်းနစ်ဆိုသော စာလုံးသေးသေးလေး များကို တွေ့လိုက်ကြရလေသည်။ ဒေါက်တာသန်းထိုက်က ...

"ဒီနာရီရဲ့ မူလပိုင်ရှင်အစစ်ဟာ အဲဒီ မစ္စတာရောဘတ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ကြီးပဲ … ဒီနာရီကြီးကို သူတို့လက်ထပ်တဲ့နေ့မှာ သူ့ဇနီးက လက်ဆောင်ပေးထားတာမို့ သူက အင်မတန် မြတ်နိုးတယ် … ဒါကြောင့် သူ့နာရီ လက်ထဲရောက်သွားတဲ့လူတွေဟာ သူ့ရဲ့ ခြောက်လှန့်သတ်ဖြတ်ခြင်းကို ခံရတာပဲ … ”

စန္ဒီက …

“သူက ဘယ်လိုဖြစ်ပြီး သေသွားရတာလဲဟင် … ”

“နည်းနည်းတော့ ဇာတ်လမ်းက ရှည်မယ် … ဒီကိစ္စတွေမှာ ကျွန်တော် ပါဝင်ပတ်သက်လာခဲ့ရပုံကို အစက ပြန်ပြောရရင်တော့”





ကိုလိုနီအစိုးရ၏ လက်ကိုင်တုတ်ဖြစ်သူ ဗျူရိုကရက်အရာရှိဆိုး မစ္စတာရှာဘတ်ကို သူကိုယ်တိုင်ပင် ရဲအင်းဖြင့် မျက်နှာကို ခုတ်သတ်ခဲ့လေသည်။

## (၇) မကျွတ်လွတ်သောဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



# (၇) မကျွတ်လွတ်သောဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာရောဘတ်သည် မြင်းခြံနယ်တစ်ဝိုက်တွင် အမည်ဆိုးဖြင့် ကျော်ကြားသော အင်္ဂလိပ်မျက်နှာဖြူအရေးပိုင်မင်းဖြစ်သည်။ တောင်သူလယ်သမား ဆင်းရဲသားများအား ... အခွန်အတုပ်များကို အတင်းအဓမ္မ ကောက်ခံစေကာ တာဝန်မကျေသူများကို ဖမ်းဆီးကာ ပြင်းပြင်းထန်ထန် အပြစ်ပေးလေ့ရှိသဖြင့် လူမုန်းများခြင်း ခံရသူဖြစ်သည်။

မစ္စတာရောဘတ်သည် အမဲလိုက်ခြင်းကို ဝါသနာပါသူ ဖြစ်လေရာ မကြာခဏပင် အပေါင်းအဖော်များဖြင့် တောထဲတွင် အမဲပစ်ထွက်လေ့ရှိသည်။ တစ်နေ့ ဘုရားသုံးဆူတောင်အနီး အမဲလိုက်နေစဉ် အဖော်တွေနှင့်ကွဲကာ တောထဲ၌ မျက်စိလည်နေခိုက် ...

ထိုဒေသတစ်ဝိုက်တွင် နာမည်ကြီးနေသော တောပုန်းလူဆိုးကြီး မြဒင်တို့အဖွဲ့နှင့် တွေ့ဆုံဖမ်းဆီးခြင်းခံခဲ့ရလေသည်။ အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



ကား ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီး ပြိုကွဲပြီးစကာလ ဖြစ်သည်။ သူပုန်သူကန်ဟူ၍ မရှိတော့သော်လည်း ပြိုကွဲသွားသည့် တော်လှန်ရေးတပ်သားများ၏ လက်နက်များသည် ကျေးလက်တောရွာအနှံ့ ပျံ့နှံ့၍ သွားလေရာ ဆိုးသွမ်းလုယက်တိုက် ခိုက်လိုသူများလက်သို့ ရောက်ရှိသွားပြီး တောကြောင် လက်ခမောင်း ခတ်ချိန် ဖြစ်လေသည်။

တောပုန်းကြီး မြဒင်သည် ရက်စက်ကြမ်းကြုတ်ကာ သတ်ဖြတ် ရာ၌ လက်ယဉ်သူ ဖြစ်လေရာ လူမုန်းများသော ကိုလိုနီအစိုးရ၏ လက်ကိုင်တုတ်ဖြစ်သူ ဗျူရိုကရက် အရာရှိဆိုး မစ္စတာရောဘတ်ကို သူကိုယ်တိုင်ပင် ရဲဒင်းဖြင့် မျက်နှာကို ခုတ်သတ်ခဲ့သည်ဟု ဆိုလေ သည်။

ထို့နောက်တွင်မူ တောပုန်းကြီးမြဒင်သည် မစ္စတာရောဘတ် ထံမှ ပါလာသော ပစ္စည်းများကို သိမ်းယူလေရာ အိတ်ဆောင် ကြေး နာရီတစ်လုံးလည်း ပါဝင်လေသည်။ တောပုန်းကြီး မြဒင်အတွက် ထို နာရီသည် အထူးအဆန်း တန်ဖိုးထားဖွယ်ရာဖြစ်၍ လက်ကမချ အမြဲ ဆောင်ထားလေသည်။

နောက်ရက်တွင် ပျောက်ဆုံးနေသော အရေးပိုင်မင်းကို ပုလိပ် အဖွဲ့သည် တောနင်းရှာဖွေလေသည်။ သုံးလေးရက်ခန့်ရှိမှ တောတွင်း တစ်နေရာတွင် ရှာဖွေတွေ့ရှိလေရာ ပုပ်ပွကာ ရုပ်ပျက်ဆင်းပျက် ဖြစ် နေသဖြင့် မြို့သို့ သယ်ဆောင်ရန်မဖြစ်နိုင်တော့ဘဲ တောအုပ်အတွင်းမှာ ပင် မြှုပ်နှံသဂြိုဟ်ခဲ့ရလေသည်။





ပုလိပ်တပ်ဖွဲ့သည် အရေးပိုင်မင်း ရောဘတ် အသတ်ခံရမှုကို တပွဲတပြင်း အရေးယူ အပြစ်ပေးနိုင်ရန်အတွက် တောပုန်းမြဒင်တို့အဖွဲ့ ကို တောနင်းရှာဖွေလေသည်။ တစ်နေရာတွင် မြဒင်တို့ တောပုန်းအဖွဲ့ နှင့် ပုလိပ်တပ်ဖွဲ့ ရင်ဆိုင်တိုက်ခိုက်ရာ မြဒင်ကို အသေဖမ်းဆီးမိခဲ့လေ သည်။ သို့သော် မြဒင်ထံ ရောက်နေသည့် အိတ်ဆောင်နာရီ မည်ကဲ့ သို့ ဖြစ်သွားသည်ကို မည်သူမှ မသိဘဲ ရှိလေတော့သည်။

---- ✣ ----



www.burmeseclassic.com

www.burmeseclassic.com



ကိုအုံ့မောင်သည် ရိုးသားသော အသက် ၃၀ ခန့်ရှိ ကုန်သည်ဖြစ်၏။ မြို့ပေါ်တွင် မိဘများပိုင်သည့် ဆီစက်ကို ဦးစီးလုပ်ကိုင်နေသည့် လူပျိုကြီးတစ်ဦးဖြစ်သည်။ အရက်သေစာ သောက်စားခြင်းလည်း မရှိ၊ အပျော်အပါး မိန်းမကိစ္စကို လေ့လာလိုက်စားခြင်းလည်း မရှိသဖြင့် အများကပင် လူအေးလူကောင်းတစ်ယောက်အဖြစ် သတ်မှတ်လေ့ရှိကြ၏။

သို့သော် လူမှန်လျှင် ချို့ယွင်းချက်တစ်ခုတော့ ရှိစမြဲ ဖြစ်သည်။ ကိုအုံ့မောင်၏ အားနည်းချက်က လောင်းကစား ဝါသနာပါခြင်း ဖြစ်၏။ အရက်၊ မိန်းမနှင့် လောင်းကစားဟူသော မကောင်းမှုသုံးမျိုး၌ ယောကျ်ားမှန်လျှင် မကောင်းမှုတစ်ခုခုတော့ ကျူးလွန်လေ့ရှိ၏ဟူသော စကားသည် ကိုအုံ့မောင်အတွက် မှန်ကန်သလို ဖြစ်နေ၏။ သို့





သော် ကိုအုံ့မောင်သည် အလုပ်ပျက် အကိုင်ပျက် စီးပွားပျက်လောက်အောင် ဖျက်လိုက်စားနေသူတော့ မဟုတ်။ သည့်အတွက် သူ လောင်းကစားစရာမလို။ ပြည့်စုံချမ်းသာပြီးသား ဖြစ်သည် ... ။ သူ လောင်းကစားသည် ဆိုသည်မှာ စိတ်လှုပ်ရှားမှုကို ခံစားချင်သဖြင့် ပျော်ရွှင်ချင်သဖြင့် လောင်းကစားခြင်းသာ ဖြစ်လေသည်။ ထို့ကြောင့် အမြဲ ကစားဝိုင်းကို လိုက်လံရှာဖွေကာ လောင်းကစားနေခြင်းမဟုတ်ဘဲ တစ်ခါတစ်ရံ မိတ်ဆွေများနှင့် ကြုံကြိုက်တိုက်ဆိုင်မှသာ အနည်းအကျဉ်း လောင်းကစားလေ့ရှိလေသည်။

တစ်နေ့သ၌ ကိုအုံ့မောင်သည် သူ့လက်စွဲတော်တပည့် ကံကြီးမောင်ဆိုသူနှင့်အတူ သရက်တောရွာသို့ ရောက်ရှိလာလေသည်။ မြို့ပေါ်တွင် ရှိသော သူ့ဆီစက်အတွက် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် ပဲ၊ နှမ်းတို့ကို ကိုအုံ့မောင်သည် ကိုယ်တိုင်ရွာများသို့ဆင်းကာ ဝယ်ယူလေ့ရှိရာ သရက်တောသည်လည်း သူ့ဖောက်သည်ရွာတစ်ရွာဖြစ်၏။ သရက်တောတွင် သူ လိုသမျှ ပဲများကို စုဆောင်းဝယ်ယူပေးသည့် ပဲဒိုင် ပိုင်ရှင် ဦးသုခတို့မိသားစု ရှိ၏။ သူ သရက်တောရွာရောက်လျှင် ဦးသုခတို့အိမ်တွင်ပင် တည်းခိုလေ့ရှိသည်။

ဦးသုခသည် ကိုအုံ့မောင်တို့နှင့် စီးပွားဖြစ်ထွန်းနေသူ ဖြစ်လေရာ ကိုအုံ့မောင် ရွာသို့ ရောက်လာလျှင် အရေးတယူ အလိုလိုက်အကြိုက် ပေးကာ ဆက်ဆံလေ့ရှိ၏။ ကိုအုံ့မောင်ကို အရက်သေစာ၊ မိန်းမဆို သည်တို့နှင့် ဧည့်ခံ၍မရသဖြင့် ကိုအုံ့မောင် နှစ်ခြိုက်သဘောကျသော ဖဲဝိုင်းကို အိမ်တွင် ဦးစီးကျင်းပပေးလေ့ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညဘက် ဖဲဝိုင်းတွင် ရွာမှ လောင်းကစားဝါသနာပါသူတို့ စုဝေးရောက်ရှိနေရာ ဝိုင်းမှာ အတော်ကလေး စည်ကားသည်ဟု ဆိုနိုင်လေသည်။ ထုံးစံအတိုင်း ဖဲဝိုင်းမှာ ရွာများတွင် ကစားလေ့ရှိသည့် ကိုးမြီးဝိုင်းပင်ဖြစ်၏။ ကိုးမြီးကား ပိုကာလို အချိန်မကြာ။ အရှုံးအနိုင် မြန်မြန်ထင်ရှားသည်။ ဉာဏ်သိပ်မသုံးရ။ ကစားနည်းမှာလည်း လွယ်ကူသဖြင့် ကျေးလက်နေသူတို့ သဘောကျသော ကစားဝိုင်းဖြစ်လေသည်။ ကိုအုံမောင်သည် ကစားသူများထဲတွင် ငွေကြေးအပြည့်စုံဆုံးဖြစ်သဖြင့် သူကပင် ဒိုင်ကိုင်ရလေသည်။ ထိုနေ့သည်ကား ကိုအုံမောင်အတွက် ကံစပ်သည်ဆိုသော နေ့တစ်နေ့ပင် ဖြစ်သည်။ သူသည် ဝိုင်းလုံးကျွတ် နိုင်လိုက်သည်ဟု ဆိုနိုင်လေသည်။ ထိုပွဲတွင် ...

ရွာသားတစ်ဦးသည် ငွေကုန်သွားပြီဟုဆိုကာ အိတ်ဆောင်နာရီတစ်လုံးကို ထုတ်၍ လောင်းကြေးထပ်ကာ ထိုး၏။ အိမ်ရှင် ဦးသုခက ...

"ဟေ့ကောင် ... ဒီပွဲက ငွေနဲ့ကစားတာ ... ငွေကုန်ရင် ပြန်တော့၊ ပစ္စည်းလက်မခံဘူး"

ဟု ငြင်းသော်လည်း ကိုအုံမောင်က ...

"ထိုးပါစေ ဦးသုခ ... ကျွန်တော် လက်ခံတယ် ... ဒီထိုးသားရှုံး နေတာ ကျွန်တော် သိတယ်၊ သူ့ပစ္စည်းကို ထိုက်တန်သလောက် တန်ဖိုး ဖြတ်ပေးလိုက်ပါ ... "

"မင်းနိုင်ရင် ဒီပစ္စည်း ပြန်ရွေးရမယ် ... "

သို့သော် ထိုပွဲတွင်လည်း ထိုးသားမှာ ရှုံးသွားပြန်လေသည်။





ပွဲသိမ်းသောအခါ အိတ်ဆောင်နာရီမှာ ကိုအုံမောင်ထံတွင် သောင်တင်ကျန်ခဲ့လေသည်။ ဦးသုခက ...

"အားနာလိုက်တာဗျာ ... ဒီနာရီက အဖျက်ကြီးဗျ ... ဟိုကောင်ကလည်း ရွေးတော့မယ် မထင်ဘူး ... "

"ကိစ္စမရှိပါဘူး ဦးသုခ ... ကျွန်တော်က ဒီနာရီကို မြင်ကတည်းက သဘောကျနေတာ ... "

ဟု ကိုအုံမောင်က ပြောလေသည်။ သို့ဖြင့် မစ္စတာရောဘတ်၏ အိတ်ဆောင်နာရီသည် ကိုအုံမောင်ထံသို့ ရောက်ရှိသွားလေတော့သည်။

----✣----



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်ရောက်သောအခါ ကိုအုံ့မောင်သည် ထိုနာရီကို နာရီပြင်ဆိုင် သွားပို့၏။ နာရီဆိုင်က ပြင်မရနိုင်တော့ပါဟု ပြန်ပေးလိုက်သည်။ ချေးညှိတွေတက်နေသော ထိုနာရီအိမ်ကို မကျည်းသီးမှည့်ဖြင့် တိုက်ချွတ်ဆေးလိုက်သောအခါ ကြေးဝါရောင် ပြောင်လက်လာသည်။ နာရီသည် လှသည်ဖြစ်ရာ သုံးမရသော်လည်း မြတ်နိုးသဖြင့် ကိုအုံ့မောင်သည် အမြဲဆောင်၍ ထားလေ့ရှိ၏။

ထိုနာရီနှင့် ပတ်သက်၍ ထူးခြားဆန်းကျယ်သည်ဟု ဆိုနိုင်သော အဖြစ်အပျက်တချို့ ထိုအိမ်တွင် ဖြစ်ပျက်ခဲ့သည်။ ကိုအုံ့မောင်၏ မိဘနှစ်ပါးဖြစ်သော ဦးသူတော်နှင့် ဒေါ်စောဥတို့မှာ ရိုးသားကာ ရှေးဆန်သော လူကြီးများဖြစ်သည်။ ဤအိမ်တွင် ယခင်က မဖြစ်ဘူးသည့် သားစိမ်းငါးစိမ်းများ ပျောက်ဆုံးမှုမှာ မကြာခဏ ဖြစ်ပွားတတ်၏။





ဟင်းချက်ရန် ဝယ်ယူထားသော သားစိမ်း ငါးစိမ်းများသည် မီးဖိုထဲတွင်ထားစဉ် ရုတ်တရက် ပျောက်ဆုံးသွားတတ်ခြင်း ဖြစ်၏။ ထို့ကြောင့် ထမင်းချက် မိန်းမဖြစ်သော မယ်မြမှာ လုံးဝ နားမလည်နိုင်အောင် ဖြစ်သည်။

ထိုအိမ်တွင် ကိုအုံ့မောင် မွေးထားသော ရန်လုံ အမည်ပေးထားသည့် အင်းစပ်ခွေးကြီးတစ်ကောင် ရှိ၏။ မယ်မြက အလစ်တွင် ထိုခွေးကြီး ကိုက်ချီကာ စားသောက်ပစ်သည်ဟု ယိုးစွပ်သော်လည်း တစ်အိမ်လုံးက လက်မခံကြ။ ရန်လုံမှာ အမြဲ ဝလင်အောင် စားသောက်ရလေ့ရှိသော ခွေးကြီးတစ်ကောင် ဖြစ်လေရာ ခိုးယူစားသောက်ဖို့ မလိုဟု အကြောင်းပြ၏။ ပြီးတော့ ရန်လုံသည် အင်မတန် စည်းကမ်းဂေဟင်းသော ခွေးဖြစ်ရာ သခင် မကျွေးသော အစားအစာကို ခိုးစားလိမ့်မည် မဟုတ်ချေ။

နောက် ထူးခြားသောအချက်ရှိသေး၏။ သူ့ အင်မတန် ချစ်သော သခင်ပင် ဖြစ်သော်လည်း ကိုအုံ့မောင် အိတ်ထဲတွင် အိတ်ဆောင်နာရီကို ထည့်ထားပါက ရန်လုံသည် ကိုအုံ့မောင်ကို သူ့အနားအကပ်မခံဘဲ အဝေးက လှည့်ပတ်ဟောင်နေခြင်းဖြစ်၏။ ကိုအုံ့မောင် အိတ်ထဲတွင် အိတ်ဆောင်နာရီ ရှိမနေသောအခါတွင် အနားကပ်၍ အပွတ်အသပ် ခံလေသည်။ သို့သော် ကိုအုံ့မောင်သည် ထိုအဖြစ်ကို မတွေးတောမဆင်ခြင်မိဘဲ သူ့ခွေး ရန်လုံ၏ အမူအရာကိုသာ ထူးခြားဆန်းပြားသည်ဟု ဝေခွဲမရဖြစ်ကာသာ နေ၏။

ဒေါ်စောဥနှင့် ပတ်သက်၍ ဂိုဏ်းဆရာဆိုသူတစ်ဦးသည်



www.burmeseclassic.com

www.burmeseclassic.com



သာသနာရေးကိစ္စများနှင့် ပတ်သက်၍ အဝင်အထွက် ရှိလေရာ ဦးဒေဝ ဆိုသော ဆရာတစ်ယောက်က ...

ဤအိမ်တွင် မကျွတ်မလွတ် ကပ်မှီနေသော ဝိညာဉ်ရှိနေသည်ဟု အာရုံခံကာ ပြောကြားခဲ့ခြင်းဖြစ်၏။ ဒေါ်စောဥက ...

"ကျွန်မလည်း ထင်တယ် ဆရာ ... နေရထိုင်ရတာ မသိုးမသန့်ကြီး ... အိမ်မှာ မဖြစ်စဖူး သားစိမ်းငါးစိမ်းတွေလည်း ပျောက် ... တစ်ခါတလေ ခွေးကြီးရန်လုံကြည့်ရတာ ရူးနေသလိုပဲ ... တောင်ပြေး မြောက်ပြေးနဲ့ နေစရာမရှိတဲ့ပုံ ... ဘယ်လိုဝိညာဉ်မျိုးလဲ ဆရာ ..."

"အတိအကျတော့ ကျွန်တော်လည်း မပြောင်ဘူး ... ဒါပေမဲ့ ဒီလို မကျွတ်မလွတ် ဖြစ်နေတာကတော့ တစ်ခုခုကို စွဲလမ်းနေလို့ပဲ ... ခင်ဗျားတို့မှာ မသန့်ရှင်းတဲ့ ပစ္စည်းတစ်စုံတစ်ရာများ ရှိနေသလား ..."

ဒေါ်စောဥတို့ လင်မယားမှာ စဉ်းစားမရသဖြင့် ခေါင်းသာ ခါပြကြသည်။

"ဆရာလည်း သိသားပဲ ... ကျွန်မတို့ တစ်သက်လုံး သမ္မာအာဇီဝလုပ်ကိုင်စားသောက်နေတာ"

"ဒါတော့ ကျွန်တော် အကြံတစ်ခု ပေးချင်တယ် ... ခင်ဗျားတို့ အိမ်မှာ သံဃာတော်တွေ ဆွမ်းဖိတ်ကျွေးပြီး အမျှအတန်း ပေးဝေလိုက်ပါ ... သာစုခေါ်နိုင်လည်း အဲဒီဝိညာဉ်လည်း ကျွတ်လွတ်သွားလိမ့်မယ်"

ထိုဆရာ အကြံပေးသည့်အတိုင်း ဒေါ်စောဥတို့သည် အိမ်တွင် အလှူပြုကာ အမျှအတန်းဝေ၏။ သို့သော် သရဲမှာ မိစ္ဆာဒိဋ္ဌိ ဘာသာ





ခြားဖြစ်နေသဖြင့် သာစုခေါ်ရမှန်း မသိ။ ထို့ကြောင့် မကျွတ်လွတ်။ သူ့ကို ဤအိမ်မှာ နှင်ထုတ်ရန် ကြိုးစားနေကြောင်း ရိပ်စားမိသဖြင့် ပိုမိုဒေါသထွက်၍နေသည်။

တစ်ရက်တွင် သူ့မိဘများသည် ကိုအံ့မောင်ကို အိမ်ရေချိုးခန်းအတွင်း ရေချိုးကြွေဇလုံ၌ ရေနစ်သေဆုံးနေသည်ကို တွေ့ကြရသည်။ သူတို့အိမ်တွင် ရေချိုးရာ၌ အနောက်တိုင်းသားများ သုံးလေ့ရှိသည့် ကြွေကန်ကို သုံးစွဲလေသည်။ ထိုကန်ထဲတွင် ရေများပြည့်လျှံကာ ရေချိုးခန်းကြမ်းပြင်အထိ ဗိတ်စဉ်ကျနေလေသည်။ ဆရာဝန်များ၏ စစ်ဆေးမှုအရ ကိုအံ့မောင်သည် ရေချိုးနေစဉ် ရုတ်တရက် လေသင်တုန်းဖြတ်ခြင်းခံရကာ ရေချိုးကန်ထဲ သတိလစ်လဲကျရာမှ အဆုတ်ထဲ ရေဝင်ကာ ရေနစ်သေဆုံးရခြင်းဟု ယူဆရလေသည်။ ထူးခြားသည်မှာ ထိုအချိန်၌ ကိုအံ့မောင်သည် အိတ်ဆောင်နာရီကို လက်တစ်ဖက်က ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်ကို တွေ့ကြရခြင်းဖြစ်သည်။ သူ့လက်ဖျံတစ်ဘက်တွင် သွေးခြေဥနေသကဲ့သို့ နီရဲသော လက်ဖဝါးရာ လိုလိုတစ်ခုကို တွေ့ကြရသော်လည်း စစ်ဆေးသူ ဆရာဝန်များမှာ မှတ်တမ်းတင်ရုံသာ တင်ထားနိုင်သည်။ ဘာကြောင့်ဟု ဝေခွဲဆုံးဖြတ်နိုင်ခြင်း မရှိပါချေ။

---



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

ဒီပစ္စည်း ရောက်ကတည်းက ကျုပ်မှာ အိပ်မက်ဆိုးတွေ ခဏခဏ မက်တတ်တယ်။ မျက်နှာမှာ ဒဏ်ရာနဲ့ မျက်နှာဖြူကြီးတစ်ယောက် ကျုပ်နောက်က လိုက်လို့ ထွက်ပြေးနေရတာပဲ”

## (၈) စိတ်နယ်လွန်သုတေသနပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



(၈) စိတ်နယ်လွန်သုတေသနပညာရှင်

နွေမိုးဆောင်း ၈၀၀

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန်းထိုက်သည် ... စိတ်ပညာနှင့် ပတ်သက်၍ အမေရိကန်တက္ကသိုလ်တစ်ခုတွင် Ph.D ခေါ် ဒေါက်တာဘွဲ့ကို ရခဲ့သူဖြစ်ကာ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၌ ကထိကအဖြစ် အမှုထမ်းနေရာမှ သူ ဝါသနာပါသော (Parapsychology) စိတ်နယ်လွန်ဗေဒကို အချိန်ပေး အာရုံစိုက်လေ့လာနိုင်ရန် အလုပ်မှ နုတ်ထွက်ခဲ့လေသည်။

သူသည် ကြွယ်ဝချမ်းသာသော မိဘမျိုးရိုးမှ ဆင်းသက်လာသူပီပီ အသက်မွေးမှုအတွက် ကြောင့်ကြစိုက်စရာမလိုလေရာ ... သူ ဝါသနာပါသော ပညာရပ်ကို (အထူးတွင်ကျယ်ခေတ်စားခဲ့သည်ဆိုသော) တိဗက်၊ အိန္ဒိယ၊ အီဂျစ် စသည်များသို့ လှည့်လည်ကာ ကျက်စားလေ့လာနေခဲ့လေသည်။ သူ အီဂျစ်နိုင်ငံမှ ပြန်ရောက်လာ၍ ကိုအံ့



www.burmeseclassic.com

www.burmeseclassic.com



မောင် သေဆုံးကြောင်း သိရှိရလေသည်။ ကိုအံ့မောင် မိခင်နှင့် သူ့မိခင်တို့မှာ ညီအစ်မအရင်းများ ဖြစ်ကြလေရာ သူနှင့် ကိုအံ့မောင်တို့မှာ တစ်ဝမ်းကွဲညီအစ်ကိုများ တော်စပ်ကြလေသည်။

ဒေါ်စာဥ၏ ပြန်လည်ပြောကြားချက်အရဆိုလျှင် ကိုအံ့မောင် သေဆုံးခြင်းမှာ သွေးရိုးသားရိုး မဟုတ်မှန်း သိသာထင်ရှားလှလေသည်။ သူသာ အရောက်နောက်မကျပါက ကိုအံ့မောင်ကို ကောင်းစွာကယ်တင်နိုင်မည်ဟု ထင်၏။ သူ ပြန်ရောက်သောအခါ ကိုအံ့မောင် သေဆုံးခဲ့ပြီးသည်မှာ (၆)လပင် ကျော်လွန်နေခဲ့လေပြီ။

"အဲဒီ အိတ်ဆောင်နာရီကို ကျွန်တော် ကြည့်ချင်တယ် ဒေါ်ကြီး၊ တကယ် ပြဿနာဖြစ်တာ ဒီနာရီကပဲ ဖြစ်တာဖြစ်ရမယ် ... ဒီနာရီကို သူ ဘယ်က ရလာတာလဲ ... "

"အညာကို ပဲအဝယ်ထွက်ရာက အပြန်မှာ ပါလာတာပဲ ... ဒေါ်ကြီးလည်း ထင်တယ် ... ပြဿနာဟာ ဒီနာရီပဲ ဖြစ်နိုင်တယ်လို့၊ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာ ဒီနာရီလည်းမရှိရော ချောက်ချောက်ချားချား အခြေအနေတွေလည်း ပျောက်သွားရော ... "

"ဒီနာရီ မရှိတော့ဘူး ဟုတ်လား ... "

ဒေါက်တာသန်းထိုက်က အလောတကြီး မေးလိုက်သည် ...။

ဒေါ်စာဥက ...

"ဟုတ်တယ် ... ဦးကျောက်လုံးကို ပေးလိုက်တယ်"

"ဦးကျောက်လုံးဆိုတဲ့သူက ဘယ်သူလဲ ... "





"ဦးကျောက်လုံးဆိုတာက ... ဒေါ်ကြီးတို့ရဲ့ ခြံစောင့်ကြီးလေ ... သနားတာနဲ့ ... သူ ပြင်သုံးလို့ရရင် သုံးပါစေဆိုပြီး ပေးလိုက်တာ ... "

"ဒါဆို ဒီနာရီက အဲဒီ ဦးကျောက်လုံးဆိုတဲ့လူကြီးဆီမှာ ရှိဦးမှာပေါ့ ... "

"ဒါတော့ မပြောတတ်ဘူးကွယ် ... ဦးကျောက်လုံးလည်း မရှိတော့ဘူး ... "

"လွန်ခဲ့တဲ့ လေးလလောက်ကပဲ ကားတိုက်ခံရပြီး ဆုံးသွားရှာတယ် ... ကားမောင်းတဲ့သူကတော့ ဦးကျောက်လုံးဟာ တစ်ယောက်က တွန်းလိုက်သလို ... သူ့ကားရှေ့ကို မှောက်လျက်လဲကျလာတာတဲ့ ... ဒါပေမဲ့ အခင်းဖြစ်ပွားတုန်းက အနားမှာ လူတစ်ယောက်မှ မရှိဘူး ... "

ဒေါက်တာသန်းထိုက် ကြက်သီးထ၍ သွားလေသည်။

"ဒါဆို အခုနာရီက ဘယ်ရောက်သွားလဲ ... "

"မပြောတတ်ဘူးကွဲ့ ... ဒေါ်ကြီးတို့ကလည်း ပေးပြီးသား ပြန်မတောင်းကောင်းတော့ မတောင်းပါဘူး ... သူ့မိသားစု လက်ထဲမှာတော့ ရှိဦးမလား မသိဘူး ... "

"ဒါဖြင့် ... သူတို့လိပ်စာပေးပါ ဒေါ်ကြီး ... ကျွန်တော် သွားတွေ့မှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲ မောင်သန်းထိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒီနာရီနဲ့ပတ်သက်ပြီး နောက်ထပ် လူသေစရာတွေ ရှိသေးတယ် ... ကျွန်တော် အမြန်ဆုံး တတ်နိုင်သလောက် တားမြစ်မှ ဖြစ်တော့မယ် ဒေါ်ကြီး ... "

----✣----





♥

ဒေါ်စာဥပေးသော လိပ်စာအတိုင်း ဒေါက်တာသန်းထိုက်သည် ဆင်းရဲသားရပ်ကွက်ငယ်တစ်ခုတွင်ရှိသည့် ဦးကျောက်လုံးတို့မိသားစု အိမ်သို့ ရောက်ရှိသွားသည်။ အိပ်ရာထဲတွင် လဲနေသော နာတာရှည် လူမမာဆိုသည့် ဦးကျောက်လုံး၏မိန်းမနှင့် ဆောက်လုပ်ရေးလုပ်ငန်း တစ်ခု၌ အလုပ်ကြမ်း လုပ်ကိုင်နေသည်ဆိုသော ဦးကျောက်လုံး၏ သားကို တွေ့ရလေသည်။ ဦးကျောက်လုံး၏ သားက နာရီအကြောင်း လာမေးနေသော ဒေါက်တာသန်းထိုက်ကို စိတ်မရှည်သလို ကြည့်သည်။

"ဘာဖြစ်လို့ မေးနေရတာလဲ ... ဒီနာရီက တော်တော်တန်ဖိုး ရှိလို့လား ... "

"တန်ဖိုးရှိလို့ မဟုတ်ပါဘူး ... ဒီနာရီနဲ့ပတ်သက်လို့ ပြဿနာ လေးတစ်ခု ရှိနေလို့ပါ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန်းထိုက်က နာရီတွင် မှီကပ်နေသည်ဟု ယူဆရသော တစ္ဆေအကြောင်းတော့ ပြောမပြလိုက်ပေ။ ပြောပြလိုက်လျှင် သူတို့အဖေ သေဆုံးရခြင်းမှာ ထို့ကြောင့်ဟု ယူဆကာ ဒေါ်စာဥတို့အပေါ် အပြစ်တင်နေမည်စိုးသောကြောင့် ဖြစ်၏။

"ခင်ဗျားတို့က ဒီနာရီကို ပြန်လိုချင်နေတာလား ... ကျုပ်ဆီမှာ မရှိတော့ဘူး ... "

"ဒါဆိုရင်လည်း ဘယ်ရောက်သွားသလဲဆိုတာ သိရရင် တော်ပါပြီ ... "

"ရှေးဟောင်း ပစ္စည်းရောင်းတဲ့ဆိုင်မှာ သွားရောင်းလိုက်တယ်၊ အမေ့အတွက် ဆေးဖိုးဝါးခ ငွေလိုနေလို့ပါ ... အဲဒီဆိုင်ကလည်း ဈေးနှိမ်လိုက်တာ လွန်ပါရော ... မဖြစ်စလောက်ကလေးပဲ ရတယ်"

သူ ရောင်းခဲ့သည်ဆိုသော ဗဟန်း၊ ကြားတောရလမ်းပေါ်ရှိ 'ရတနာပုံ' အမည်ရှိသည့် ရှေးဟောင်းပစ္စည်းရောင်းသည့်ဆိုင်သို့ ဒေါက်တာသန်းထိုက် လိုက်ခဲ့ရပြန်သည်။ ဆိုင်ရှင်မှာ ဦးကြာညွန့်ဆိုသူဖြစ်၍ ရည်မွန်သူတစ်ဦး ဖြစ်သည်။

"ရှေးဟောင်းအိတ်ဆောင်နာရီလား ... ကျုပ် ဒီပစ္စည်းကို ကောင်းကောင်းမှတ်မိတယ် ... ကျုပ်ဆိုင်မှာ ဒီပစ္စည်းက တစ်ခုတည်း ရှိတာကိုး ... ပြီးတော့ ဒီပစ္စည်းကြောင့်ပဲ ထင်တယ် ... ကျုပ်မှာ ကသိကအောက် ဖြစ်စရာကလေးတွေ ရှိခဲ့တယ် ... ဒီပစ္စည်းရောက်ကတည်းက ကျုပ်မှာ အိပ်မက်ဆိုးတွေ ခဏခဏမက်တတ်တယ် ...





မျက်နှာမှာ ဒဏ်ရာနဲ့ မျက်နှာဖြူကြီးတစ်ယောက် ကျုပ်နောက်က လိုက်လို့ ထွက်ပြေးနေရတာပဲ ... "

"ဒီပစ္စည်းကြောင့်လို့ ဘာဖြစ်လို့ တစ်ထစ်ချ ပြောနိုင်ရတာလဲ"

"ပြောနိုင်တာပေါ့ ... အဲဒီပစ္စည်းကိုလည်း ရောင်းလိုက်ရော ကျုပ်လည်း အဲဒီအိပ်မက်မျိုးကို နောက်မမက်တော့ဘူး ... "

ထိုစကားကြောင့် ဒေါက်တာသန်းထိုက် အလန့်တကြား ဖြစ်သွားသည်။

"ဒီနာရီကို ရောင်းလိုက်ပြီ ဟုတ်လား ... "

"ဟုတ်တယ် ... ကျုပ်လည်း တော်တော်ပေါချောင်ချောင် ဈေးနဲ့ ရောင်းလိုက်တာပါ ... ဒီနာရီကို ဝယ်လိုက်ကတည်းက တစ်ခုခု မှားနေပြီလို့ စိတ်ထဲက သိနေသလိုပဲ ... "

"ကျွန်တော် တစ်ခုမေးပါရစေ ခင်ဗျာ ... အဲဒီနာရီကို ဘယ်သူ ဝယ်သွားတယ်ဆိုတာ မှတ်မိပါသလား ... "

ဒေါက်တာသန်းထိုက် အနေဖြင့် မေးသာ မေးလိုက်ရသော်လည်း မျှော်လင့်ချက်သိပ်မရှိချေ။ ဈေးသည်တစ်ဦးအနေဖြင့် ပစ္စည်းရောင်းလိုက်သူတစ်ဦးကို တစ်ယောက်ခြင်း မှတ်မိနေရန်မှာ မလွယ်ကူသောကြောင့် ဖြစ်သည်။ ဦးကြာညွန့်က ...

"ကျုပ်က နေ့စဉ်နဲ့အမျှ ဈေးရောင်းနေရတာ ... ဘယ်မှတ်မိနိုင်မလဲဗျာ ... တစ်ခုတော့ ရှိတယ် ... "

ထိုတစ်ခုကိုပဲ အားကိုးရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကျုပ်ရောင်းသမျှ ပစ္စည်းတွေအားလုံးကို ဘောက်ချာဖွင့်ပေးလေ့ရှိတော့ လက်ခံဘောက်ချာမိတ္တူတော့ ဘောက်ချာစာအုပ်ထဲမှာ ရှိလိမ့်မယ် … ကျုပ် ရှာကြည့်မယ် … "

"ကျေးဇူးပဲဗျာ … တစ်ဆိတ်လောက် ရှာကြည့်ပေးစမ်းပါ"

ဦးကြာညွန့်သည် သိပ်ကြာကြာ မရှာဖွေလိုက်ရချေ။ ဘောက်ချာစာအုပ်များကို လှန်လှောရှာဖွေနေရာမှ တစ်နေရာအရောက်တွင်

"ဟော တွေ့ပြီ … လွန်ခဲ့တဲ့ နှစ်လလောက်က ရောင်းလိုက်ရတာပဲ … ဝယ်တဲ့သူနာမည်က ဦးကျော်သိုက်တဲ့ … လိပ်စာက ဝင်ဒါမီယာ"

သည်လိုနှင့် ဒေါက်တာသန်းထိုက်သည် ဝင်ဒါမီယာတွင်နေထိုင်သော ဦးကျော်သိုက်ဆိုသူထံလိုက်ရပြန်သည်။ သို့သော် အလာကောင်းသော်လည်း အခါနှောင်းပြီဆိုသော အဖြစ်မျိုး ကြုံရသည်။ တစ်ညတွင် ဦးကျော်သိုက်သည် အိမ်အပေါ်ထပ် ဝရန်တာမှ မြေပြင်ပေါ်သို့ အားလွန်ကျကာ သေဆုံးခဲ့လေပြီဟု ဦးကျော်သိုက်၏ဇနီးဖြစ်သူက ပြောပြလေသည်။

ဒေါက်တာသန်းထိုက်က …

"သူ့ဆီမှာ အိတ်ဆောင်နာရီတစ်လုံး ရှိတာများ အစ်မကြီး သတိထားလိုက်မိသလား … "

ဟု သူ သိချင်သော အရာကို မေးလိုက်၏။ ဦးကျော်သိုက်၏ ဇနီးက …

"ဟာ … ကောင်းကောင်း သတိထားမိတာပေါ့ … သူ မကွယ်





လွန်ခဲ့ခင် နှစ်လသုံးလလောက်ကမှ ရှေးဟောင်းပစ္စည်းဆိုလား တွေ့ပြီး ဝယ်ခဲ့တယ်ဆိုတဲ့ နာရီဟောင်းကြီးပဲ … နာရီက အပျက်ကြီးပါ … သူက ဘာသဘောကျနေမှန်း မသိဘူး၊ သူ့စာကြည့်ခန်းထဲမှာ ထားပြီး မကြာခဏ ထုတ်ကြည့်နေတတ်တယ် … "

"အခု အဲဒီနာရီရောဟင် … ကျွန်တော် ကြည့်လို့ရမလား"

ဦးကျော်သိုက်ဇနီးက ခေါင်းကို ရမ်းပြ၏။

"မရှိတော့ဘူးကွဲ့ … သူနဲ့ အင်မတန်ခင်တဲ့ ကျောင်းနေဘက်သူငယ်ချင်း ကိုမင်းဟန်ဆိုတာ ရှိတယ် … သူ သေကာနီးအထိ သူတို့က တတွဲတွဲပဲ … အဲဒီ ကိုမင်းဟန်က သူ့သူငယ်ချင်းရဲ့ ပစ္စည်းတစ်ခုလောက် သူ အမှတ်တရ သိမ်းထားချင်တယ်လို့ ပြောတာနဲ့ အန်တီလည်း အဲဒီနာရီကို ပေးလိုက်တယ် … "

ဒေါက်တာသန်းထိုက်က စိတ်မောလူမော ဖြစ်ကာ သက်ပြင်းမှုတစ်ချက် မှုတ်ထုတ်လိုက်၏။ ဤသရဲနာရီ၏ နောက်သို့ လိုက်၍ ပင် ဆုံးပါဦးတော့မည်လား။

"အစ်မကြီးက တခြားပစ္စည်းတစ်ခုခု မပေးဘဲ … ဘာလို့ ဒီနာရီကိုမှ ပေးလိုက်ရတာလဲ … "

"အမှန်အတိုင်း ပြောရရင်တော့ တခြားပစ္စည်းတွေက တန်ဖိုးရှိတယ်လေ … ဒီနာရီ အစုတ်ကတော့ ဘာတန်ဖိုးမှ မရှိဘူးမဟုတ်လား … "

ဤမိန်းမကြီးကား နှမြောတွန့်တိုတတ်ပုံရ၏။ ဤနာရီသည် ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မှန်သမျှကို ဒုက္ခပေးတတ်သည်ဆိုတာ သိလျှင်တော့ ပေးချင်မှ ပေးဖြစ်ပေမည်။

"အဲဒီ ဦးမင်းဟန်ကို ကျွန်တော် တွေ့ချင်တယ် ..."

"ရှင် တွေ့ဖို့ မဖြစ်နိုင်တော့ဘူး ..."

"ခင်ဗျာ ... ဘာဖြစ်လို့လဲ"

"သူ ဆုံးသွားပြီ ..."





တစ္ဆေသရဲကို ကြောက်နေရင် ကျွန်တော်တို့ ဒီအလုပ်တောင် လုပ်မနေတော့ဘူး။ ကျားကို ဖမ်းချင်ရင် ကျားနေတဲ့ဂူထဲ အရင်ဝင်ရမယ်ဆိုတဲ့စကား လည်းရှိနေတယ်မဟုတ်လား။

## (၉) တစ္ဆေကို ထောင်ဖမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



# (၉) တစ္ဆေကို ထောင်ဖမ်းခြင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုနဲ့ ကျုပ် ပါရမီမှာရှိတဲ့ ဦးမင်းဟန်တို့တိုက်ကို ရောက်သွားတယ် ... အဲဒီမှာ ခြံစောင့်ကြီးပဲ ရှိတယ် ... သူ လမ်းညွှန်လိုက်တာနဲ့ ကျုပ်လည်း ဒီကို ရောက်လာရတာပဲ ... "

ဒေါက်တာသန်းထိုက် ရှင်းပြသည့် ရှည်ရှည်ဝေးဝေး ဇာတ်လမ်းကို နားထောင်ပြီးသည့်နောက်တွင် ခန့်ဇော်ထင်တို့ ဖြစ်ပျက်နေသမျှအပေါ် အတော်ပင် နားလည်သဘောပေါက်သွားသည်။

"ကျုပ် တားဆီးဖို့ ကြိုးစားပေမဲ့ အမြဲနောက်ကျနေခဲ့တယ် ... ဒီတစ်ခါတော့ မဖြစ်ဖြစ်အောင် တားဆီးရမယ် ... ဒီကိစ္စနဲ့ပတ်သက်ပြီး လူထပ်မသေစေရတော့ဘူး ... ဒီတော့ ခင်ဗျားတို့ကလည်း ကျုပ်ကို ကူညီပါ ... "

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါက်တာသန်းထိုက်က တောင်းပန်လေ၏။ ခန့်ဇော်ထင်က ...

"ဒါကတော့ ... ကျွန်တော်တို့ အပြန်အလှန် အကူအညီပေးရမဲ့ကိစ္စဖြစ်နေတယ်၊ ကျွန်တော်တို့လည်း ဒီပြဿနာကြီးကို ဖြေရှင်းဖို့ ကြိုးစားနေတယ် ... ဒါပေမဲ့ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့ နည်းလမ်းကိုတော့ ရှာမတွေ့ဘူး ... ဒီတော့ ကျွန်တော်တို့ ပူးပေါင်းလိုက်ကြတာပေါ့ ဒေါက်တာ ... ကြိုဆိုပါတယ် ..."

ဟု ပြောကာ နှစ်ဦးသား လက်ဆွဲနှုတ်ဆက်လိုက်သည်။ ခန့်ဇော်ထင်က ကျန်လူတွေနှင့် မိတ်ဆက်ပေးလိုက်သည်။ လူငယ်တွေပီပီ သူတို့သည် လူသတ်နေသော တစ္ဆေတစ်ကောင်ကို နှိမ်နင်းဖို့ အရေး၌ စိတ်ပါဝင်စားကြလေသည်။

"ဒီတော့ ... ဒေါက်တာတို့ ဆရာတပည့်လည်း ဒီမှာပဲ တည်းကြပါ ... အပေါ်ထပ်မှာ လွတ်နေတဲ့ အခန်းတစ်ခန်း ရှိတယ် ... လွန်ခဲ့တဲ့ တစ်ပတ်က သေဆုံးသွားတဲ့ ကျွန်တော့်အိမ်ရဲ့ ဘဏ္ဍာစိုး ဦးဖိုးထော်ရဲ့ အခန်းပဲ ... ဒေါက်တာတို့ နေရဲမယ်ဆိုရင် ..."

သူ့စကားမဆုံးခင် ဒေါက်တာသန်းထိုက်တပည့် အောင်ဗလက

"ဘာလို့ မနေရဲရမှာလဲ ... တစ္ဆေသရဲကို ကြောက်နေရင် ကျွန်တော်တို့ ... ဒီအလုပ်တောင် လုပ်မနေတော့ဘူး ... ပြီးတော့ ကျွန်တော်တို့က အဲဒီအခန်းမှာ နေရတာ ပိုကြိုက်တယ်၊ ကျားကို ဖမ်းချင်ရင် ကျားနေတဲ့ဂူထဲ အရင်ဝင်ရမယ်ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား ..."





ဤကိစ္စမှာ အဆင်ပြေ၍ သွားလေသည်။

နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် ဒေါက်တာသန်းထိုက်က ခန့်ဇော်ထင်အား အိတ်ဆောင်နာရီကို သူတို့အား ငှားဖို့ပြောသည်။

"ခင်ဗျားတို့ နားလည်အောင် ပြောရရင် ဒီတစ္ဆေကို ထောင်ဖမ်းမလို့ဘဲ ..."

"ရှင် ... တစ္ဆေကို ထောင်ဖမ်းမလို့ ဟုတ်လား ..."

စန္ဒီက တအံ့တဩ ရေရွတ်လိုက်သည်။ ဒေါက်တာသန်းထိုက်က ...

"ဟုတ်ပါတယ် ... ကျွန်တော် ဒီအမှုအခင်းကို လေ့လာပြီးရသလောက်ဆိုရင်တော့ ဒီကိစ္စဟာ ဒီအိတ်ဆောင်နာရီကို အမှီပြုပြီး ခြောက်လှန့်နေတာ ... ခြောက်ပုံခြောက်နည်း လေးမျိုးထဲမှာ မှီကပ်ခြောက်ပေါ့ ... Goast ဆိုတာ အဲဒီမှီကပ်ခြောက်တဲ့ တစ္ဆေတွေကို ခေါ်တာ"

ဟု ရှင်းပြ၏။ စိတ်ပါဝင်စားလာသော ရတီဦးက ...

"တခြားခြောက်နည်းတွေလည်း ရှိသေးလို့လား"

"ရှိတယ် ... အရေးပေါ် ခြောက်ခြင်း (Risis) လို့ ခေါ်တယ်၊ နောက်အရေးနှောင်း ခြောက်နည်း (Post-Morter) နဲ့ အစမ်းခြောက်ခြင်း (Experimental) ဆိုတာတွေလည်း ရှိသေးတယ် ... ဒါက လေ့လာတဲ့သူတွေ ခွဲခြားထားတဲ့ နည်းတွေပဲ ... ဥပမာ အရေးပေါ် ခြောက်ခြင်းဆိုတာက သေဆုံးတဲ့သူဟာ သေဆုံးလုခဲခဲအချိန်မှာ သူနဲ့ ခင်မင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတဲ့သူတွေဆီ သူ့ဇောအာရုံကို လွှတ်ပြီး အကြောင်းကြားခြင်းမျိုး ပဲ ... သူ့အဖြစ်အပျက်ကို သတင်းပို့တဲ့သဘောပေါ့ ... ”

ရတီဦးက ခေါင်းကို ရမ်းခါကာ ...

“ဒီလောက် ကြောက်စရာကောင်းတဲ့ တစ္ဆေသရဲကို ရှင်တို့မို့ လို့ စိတ်ဝင်တစား လေ့လာရတယ်လို့ ... ”

“ဒါတွေဟာ ရှေးကတည်းက ရှိခဲ့တယ်လေ ရတီရဲ့ ... အရင် ကတော့ အောက်လမ်းဆရာ၊ ပယောဂဆရာ စသဖြင့် ခေါ်ခဲ့ကြတာ ပေါ့ ... ”

ဟု ကျော်လင်းသန့်က ဝင်ရှင်းပြသည်။ ဒေါက်တာသန်းထိုက် က ...

“မှန်ပါတယ် ... ကျွန်တော်တို့ကတော့ ဒီကိစ္စကို သိပ္ပံနည်းကျ လေ့လာတဲ့သူတွေလို့ ဆိုနိုင်ပါတယ် ... တစ္ဆေတွေဟာ လောကမှာ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အရာတွေပါ ... သူတို့တစ်တွေ ဟာ ကျွန်တော်တို့ထက်သာတဲ့ အရာတွေရှိတယ်”

“ရှင် ... ဘယ်လိုနေရာတွေမှာ သာလို့လဲ ... ”

စန္ဒီက မေးလိုက်၏။

“Time and Space ဆိုတဲ့ ကာလနဲ့အာကာသ ဒါမှမဟုတ် အချိန် နဲ့ နေရာဆိုတဲ့ အရာတွေကို ကျွန်တော်တို့ သိထားတာက အကန့် အသတ်ရှိနေတယ် ... အကုန်အစင် မသိကြသေးဘူး ... သူတို့က ကျွန်တော်တို့ မသိနိုင်သေးတဲ့ အဲဒီသဘောတရားနှစ်ရပ်ရဲ့ တခြား





အစိတ်အပိုင်းတွေကို ကျွမ်းကျင်ကြတဲ့သူပေါ့ ... ခံတတ်စီးရလွယ်တဲ့သူ တယ် ... အချိန်မရွေး နေရာမ‌

ခန့်ဇော်ထင်က ဒေါက်ထင်က ...

“ကျွန်တော်ကတော့ပြီး နတ်ကတော်တွေလို လူမျိုးပေါ့ ...”

ဒေါက်တာ ... အတူတူနေတဲ့ ကျန်တဲ့သူ... ဆရာ၏

အဲဒါ ဘာသဘောလဲ ... ”

ဟု မေးလိုက်၏။ ဒေါက်တာသန်းထိုက်က ...

“ဗမာတွေရဲ့ အဆိုအရဆိုရင်တော့ ခင်ဗျား ကံမြင့်နေလို့ပေါ့၊ ကံနိမ့်တဲ့သူတွေသာ တစ္ဆေသရဲ အခြောက်ခံရတယ်လို့ ဆိုကြတာကိုး၊ အမှန်တော့ သမာဓိအားနည်းတဲ့သူတွေ ... စိတ်နုတဲ့သူတွေဟာ သူ တို့ ပူးကပ်ခြောက်လှန့်ဖို့ အခွင့်သာလို့ အဲဒီသူမျိုးကို ရွေးချယ်ခြောက် လှန့်ကြတာပဲ ... ”

ထို့ကြောင့်ပင် တခြားလူတွေ မြင်ရသော်လည်း ထိုတစ္ဆေကို ယခုထက်တိုင် သူ မတွေ့မမြင်ရခြင်းဟု ခန့်ဇော်ထင်က နားလည် လိုက်သည်။ ဒေါက်တာသန်းထိုက်သည် သူ တတ်သိကျွမ်းကျင်သော ကိစ္စကို ပြောပြနေရသဖြင့် စိတ်အားထက်သန်နေပုံလည်း ရ၏။

“ဆစ်ဂမန်ဖရိုက်ဆိုတဲ့ စိတ်ပညာရှင်ကြီးရဲ့ ဂိုဏ်းကလူရဲ့ စိတ် ကို သိစိတ် မသိစိတ်နဲ့ ခွဲခြားထားတာတော့ ခင်ဗျားတို့ ကြားဖူးကြ မယ်ထင်တယ် ... အားလုံးဟာ ခေတ်ပညာတတ် လူငယ်တွေပဲဟာ၊ တစ္ဆေနဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့စိတ်ဟာ အဲဒီ စိတ်နှစ်ခုလုံး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတဲ့သူတွေဆီ သူ့ဇောအာရုံကို လှအလယ်စိတ်အလွှာ (Mid-level ပဲ ... သူ့အဖြစ်အပျက်ကို သတင်းပို့တဲ့ဒီစိတ်အလွှာက ဖောက်ဝင်ပြီး

ရတီဦးက ခေါင်းကို ရမ်းခါကာ ... ခြောက်လှန့်တယ်ဆိုတာ

"ဒီလောက် ကြောက်စရာကောင်းဘူ! ... တကယ်တော့ သူတို့လို စိတ်ဝင်တစား လေလာ‌စရာတစ်ခုကို သတင်းပေးချင်လို့ပဲ ... သူမှာ ခြောက်လှန့်ရတဲ့ ရည်ရွယ်ချက် (Theme motif) ရှိတယ်၊ အခုလည်း ဒီတစ္ဆေရဲ့ ခြောက်လှန့်ရတဲ့ ရည်ရွယ်ချက်ကို သိရရင် ဒီပြဿနာကို ကျွန်တော်တို့ ဖြေရှင်းဖို့ လွယ်ကူသွားပြီ ... အဲသလို အကြောင်းရင်းကို ရှာဖွေဖို့ အိတ်ဆောင်နာရီနဲ့ ကျွန်တော့်တပည့် အောင်ဗလကို အသုံးပြုမလို့ပါပဲ ... "

အောင်ဗလဆိုသူကား ... စကားအတော်ပင် နည်းပုံရကာ ဒေါက်တာသန်းထိုက်ဘေးတွင်သာ ငြိမ်ငြိမ်ကုတ်ကုတ် ထိုင်နေလေသည်။

"ဒီ ကျွန်တော့်တပည့်က ပညာတတ်မဟုတ်ဘူး ... ဉာဏ်ကြီးရှင်လည်း မဟုတ်ဘူး ... ဒါပေမဲ့ သူဟာ Spiritualist တစ်ယောက်ပဲ"

ဒေါက်တာသန်းထိုက် စကားကို နားမရှင်းသဖြင့် ခန့်ဇော်ထင်က ...

"Spiritualist ဆိုတော့ ဝိဉာဏ်ဝါဒီတစ်ဦးလား"

မေးလိုက်၏။ ဒေါက်တာသန်းထိုက်က ...

"ဟာ ... မဟုတ်ပါဘူး၊ ခင်ဗျားတို့ သဘောပေါက်အောင်





လွယ်လွယ်ပြောရရင် လိပ်ပြာဝင်တဲ့သူပေါ့ ... ခံတတ်စီးရလွယ်တဲ့သူပေါ့ ... "

ဟု ရှင်းပြ၏။ ခန့်ဇော်ထင်က ...

"ကျွန်တော် နားလည်ပြီ၊ နတ်ကတော်တွေလို လူမျိုးပေါ့ ..."

"အင်း ... ဟုတ်ပါတယ်"

ထိုအချိန်တွင် ... စန္ဒီက ဝင်ကာ သူ့မောင်လေး ရာဇာ၏ အကြောင်း ပြောပြရန် ခန့်ဇော်ထင်အား တိုက်တွန်းသဖြင့် ခန့်ဇော်ထင်က ရာဇာလေး၏ နမိတ်ဖတ်ပန်းချီကားများအကြောင်း ပြောပြလိုက်သည်။

ဒေါက်တာသန်းထိုက်က ...

"ဒါက တဘောင်တို့ အတိတ်နိမိတ်တို့နဲ့ မဆိုင်ပါဘူး ... တင်ကြိုသိစိတ်နဲ့ ဆိုင်ပါတယ် ... အမှန်တော့ ဒီလို တင်ကြိုသိစိတ်ဟာ လူ အတော်များများမှာ ရှိပါတယ် ... အလေ့အကျင့်လည်း မလုပ် အရေးလည်း မထားတဲ့အတွက် ငုပ်လျှိုးနေတာပါ ... ဒါကြောင့် ဒီလိုလူမျိုးကို တွေ့တဲ့အခါ အထူးအဆန်း ဖြစ်နေကြတာ ... တိရစ္ဆာန် အတော်များများဟာ မုန်တိုင်းတိုက်တာ ငလျင်လှုပ်တာမျိုးကို ကြိုသိနိုင်တာမျိုးပေါ့ ... "

"ကျွန်မမောင်လေး အန္တရာယ်မရှိပါဘူးနော် ဒေါက်တာ ... ကျွန်မ က သူ့ကို ပန်းချီမရေးရဘူးလို့ ပိတ်ပင်ထားတယ် ..."

စန္ဒီက ပြောလိုက်ခြင်းဖြစ်သည်။ ဒေါက်တာသန်းထိုက်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမလုပ်ပါနဲ့ ... သူ့အတွက် အန္တရာယ်ကြီးကြီးမားမားမရှိနိုင်ပါဘူး ... သူ ပန်းချီရေးချင်ရင် ရေးပါစေ ... ကျွန်တော်တို့အတွက် အများကြီး အထောက်အကူပြုနိုင်တယ် ... သူရေးတဲ့ ပန်းချီကားတွေကိုသာ ... ကျွန်တော့်ဆီ တင်ပြပေးပါ ... "

ဟု တောင်းဆိုလိုက်၏။ အခုတော့ တစ္ဆေတစ်ကောင်ကိုဖမ်းဖို့အတွက် အားလုံး စိတ်ဝင်စားနေကြသည်။ ကျော်လင်းသန့်က ...

"ဒါဆို ညကျ ဒေါက်တာတို့အခန်းမှာ ကျွန်တော်တို့အားလုံး စုကြမလား ... "

"ဟာ ... မဖြစ်ဘူး ... အဲသလောက် လူစုလူဝေးနဲ့ဆို တစ္ဆေကလည်း လာတော့မှာ မဟုတ်ဘူး ... ကိုယ့်အခန်းမှာပဲ ကိုယ့်သတိနဲ့နေကြပါ ... ကျွန်တော်တို့ တစ္ဆေအခြေအနေထူးခြားရင် ခေါ်လိုက်ပါ့မယ်"

ဒေါက်တာသန်းထိုက်၏စကားကိုပင် အားလုံးက လက်ခံလိုက်ရလေတော့သည်။

---- ✣ ----





ကြည့်နေရင်းပင် ထိုသချိုင်းမြေပုံ၏မြေများမှာ အက်ကွဲကာ ဖုံ့မွတက်လာပြီး မြေကြီးကိုဖောက်၍ အရိုးပေါ်အရေတင် လက်တစ်ဖက် ပေါ်ထွက်လာလေသည်။

## (၁၀) သရဲစီးနေသောလူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



# (၁၀) သရဲစီးနေသောလူတစ်ယောက်

နွေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညသည် ပူလောင်အိုက်စပ်ခြင်းနှင့် တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ ပေါင်းစပ်ထား.သလိုဖြစ်ကာ လူကို နှမ်းလျှိုက်မှေးစေသည်။ ထို အချက်ကြောင့်ပင်လျှင် အိပ်ခန်းအတွင်း ပက်လက်ကုလားထိုင်တစ်လုံး တွင်ထိုင်ကာ အောင်ဗလ၏ အရိပ်အခြည်ကို စောင့်ကြည့်နေသော ခေါက်တာသန်းထိုက်သည် ရုတ်တရက် အိပ်ပျော်သွားခြင်းဖြစ်၏။

ထိုအခန်းထဲရှိ ခုတင်တစ်လုံးပေါ်မှာတော့ အောင်ဗလသည် တင်ပျဉ်ခွေထိုင်ကာ ခါးကို ဖြောင့်မတ်စွာထား၍ မျက်စိနှစ်လုံးပိတ် ကာ ငြိမ်သက်နေသည်။ ဖြုန်းခနဲကြည့်ရင် ရိပ်သာတစ်ခုတွင် တရားထိုင် နေသော ယောဂီတစ်ယောက်၏ပုံဖြစ်၏။ သို့သော် သူက တရားထိုင် နေခြင်း မဟုတ်။ သူ့အာရုံများကို ဖြန့်လွှတ်ထားခြင်းဖြစ်သည်။ သူသည် ယခုအချိန်၌ ကိုယ်နှင့်စိတ်နှင့် ကင်းကွာနေသည်ဟုပင် ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ်ကသာ ဤနေရာတွင်ရှိသော်လည်း သူ့စိတ်ဝိညာဉ်ကတော့ အဝေးသို့ ပျံ့လွင့်နေသည်။

သူ့လက်တွင် ဆုပ်ကိုင်ထားသည်က ခန့်ဖော်ထင်ထံမှ ငှားယူထားသော အိတ်ဆောင်ကြေးနာရီကြီးတစ်လုံးဖြစ်၏။ ဤနာရီသည် သုံ့ ပတ်မသွားတော့သော အပျက်ကြီးဟုဆို၏။ ယခုတော့ ထူးခြားစွာ နာရီစက်သံက တချက်ချက် ခုတ်မောင်းနေသည်။ ထိုနာရီစက်သံက သူ့လက်ခုပ်ထဲမှနေ၍ လက်ထဲရှိ အသွေးအကြောထဲစီးဝင်ကာ နှလုံးအထိ ကူးစက်ရောက်ရှိနေ၏။ နှလုံးခုန်သံနှင့် နာရီစက်သံမှာ နရီစည်းကိုက်ကာ မြည်ဟိန်းနေသကဲ့သို့ဖြစ်၏။ နတ်ဝင်သူသည် နတ်ဒိုးသံနှင့် ရောနှောမိန်းမူးသကဲ့သို့ နာရီစက်သံနှင့် သူ့နှလုံးခုန်သံသည် ခွဲမရအောင် ပူးပေါင်း၍သွားသည်။

သူ ရီဝေနေသည်။ သို့မဟုတ် နဝေတိမ်တောင်ဖြစ်နေသည်။ သို့မဟုတ် ကြောင်စီစီဖြစ်နေသည်။ သို့မဟုတ် တိမ်းဝေမိန်းမူးနေသည်။ သူ ပကတိပုံမှန်အခြေအနေမဟုတ်တာကတော့ သေချာသည်။ သူ အိပ်မက်မက်နေတာနဲ့လည်း တူသေး၏။ သို့သော် ထိုအိပ်မက်ကို သူ ကောင်း ကောင်းသိနေသည်။

နက်မှောင်သောတောအုပ်။

တောအုပ်ပေါ်ကို လပြည့်ည လရောင်က ဖြာကျနေသော်လည်း ဝိုးတဝါးမှုံပျပျမှုန်သာ ဖြစ်သည်။ သူ တစ်ခါမှ မရောက်ဘူးသော တောအုပ်။ ထိုတောအုပ်ထဲကို သူ ရောက်ရှိနေကာ တစ်စုံတစ်ခုက





ဆွဲဆောင်နေသလို ထိုဆွဲဆောင်ရာနောက်ကို အသိစိတ်ကင်းမဲ့စွာ လိုက်ပါနေရသကဲ့သို့ လိုက်လျှောက်၍နေရသည်။

ရှေ့တွင် ကြီးမားသော အင်ကြင်းပင်ကြီးတစ်ပင် တွေ့ရ၏။ အင် ကြင်းပန်းအကြွေတွေက မြေမှာဖုံးအုပ်၍နေသည်။ ထိုနေရာတွင် ယိုင်ယွဲ့ ကာ ကျိုးပျက်နေသော သင်္ချိုင်းမှတ်တိုင်တစ်ခုကို တွေ့ရ၏။ ဤဝေးလံသော လူသူမနီးသည့်အရပ်တွင် မြေပုံသင်္ချိုင်းတစ်ခု ရှိနေသည်မှာ အနည်းငယ်ထူးခြားနေသည်ဟု ဆိုနိုင်သည်။ ကြည့်နေရင်းမှာပင် ထိုသင်္ချိုင်းမြေပုံထဲမှ မြေတွေက အက်ကွဲကာ ပုံ့ပွတက်လာသည်။ ပြီးတော့ ထိုမြေကြီးတွေထဲမှ အရိုးပေါ်အရေတင်ဖြစ်နေသော လက်တစ်ဖက်ပေါ်လာသည်။ ထိုလက်တွင်ရှိသော လက်ချောင်းများမှာ ဓားသွားလို ချွန်ထက်သော လက်သည်းတွေရှိနေလေသည်။

မကြာမီမှာပင် ထိုမြေပုံထဲမှ အလောင်းကောင်ကြီးက ထ,ထိုင်လိုက်၏။ ကုတ်အင်္ကျီဝတ်ကာ ကက်ဦးထုပ်အနက်တစ်လုံး ဆောင်းထားလေသည်။ နှာခေါင်းချွန်ချွန်နှင့် မျက်နှာဖြူလူမျိုးတစ်ဦး ဖြစ်ကာ ဖြာနှမ်းနှမ်း မွဲခြောက်ခြောက် သူ့မျက်နှာတွင် သွေးသံရဲရဲနှင့် ကန့်လန့်ဖြတ်ဒဏ်ရာကြီးတစ်ခု ထင်ထင်ရှားရှား ဖြစ်ပေါ်နေ၏။ မတ်တတ်ရပ်လိုက်သောအခါ အတော်ပင် အရပ်ရှည်သူမှန်း သိသာနိုင်လေသည်။

သူက အောင်ဗလကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းဖြင့် လှုပ်လှုပ် တစ်စုံတစ်ခုကို ရွတ်ဆိုပြောပြနေဟန်ရှိသော်လည်း အောင်ဗလ



www.burmeseclassic.com

www.burmeseclassic.com



အဖို့ ဘာသံမှ မကြားရဘဲ ရှိလေသည်။ သူပြောတာ နားမလည်သောကြောင့် ထင်သည်။ မျက်နှာဖြူတစ္ဆေကြီးသည် စိတ်ဆိုးဟန်ဖြင့် လက်ကြီးနှစ်ဖက်ကို ဆန့်တန်းကာ ရှေ့သို့တိုးလာလေသည်။

အိပ်ခန်းထဲမှာတော့ အောင်ဗလသည် ခုတင်ပေါ်ထိုင်ရင်း မျက်စိများကို မှိတ်ထားလျက်နှင့် သူ့ခန္ဓာကိုယ်က ယိမ်းထိုးနေသည်။ မာရသွန်ပြေးပွဲဝင်ရောက်နေသူလို ချွေးစေးတွေ စို့ရွှဲတုန်ယင်နေ၏။ ထိုအခိုက်မှာပင် ပိတ်ထားသော မှန်ပြတင်းတံခါးအကြားမှ ပြာနှမ်းနှမ်း အခိုးအငွေ့များ ယိုစိမ့်ဝင်ရောက်လာသည်။ တစ်စထက်တစ်စ များပြားလာသော ထိုအခိုးအငွေ့များက စုဝန်းဖွဲ့သီလိုက်သောအခါ မြူငွေ့ရုပ်လုံးတစ်ခုလိုလို အသွင်ပေါ်လွင်လာသည်။

အခန်းထဲတွင် ဒေါက်တာသန်းထိုက်သည် ပက်လက်ကုလားထိုင်တွင်ထိုင်၍ အိပ်ပျော်နေဆဲဖြစ်၏။ အောင်ဗလသည် ခုတင်ပေါ်တွင် ထိုင်နေရာမှ သူ့မျက်လုံးများကို ဖွင့်လိုက်သည်။ ပြီးတော့ ခုတင်ပေါ်မှဆင်းလိုက်ကာ နောက်မှ တစ်လှမ်းခြင်းလိုက်၍ သွားလေသည်။

အောင်ဗလ၏မျက်လုံးထဲမှာတော့ သူသည် ဘယ်နေရာမှန်းမသိသည့် တောအုပ်ထဲရောက်၍နေခြင်းသာဖြစ်သည်။ သူ့ဘေးပတ်ပတ်လည်မှာ တစ္ဆေတွေ။ တစ္ဆေတွေ။ သူက ဒီရာဇဝင်ကို သိထားသည်။ ဒီတစ္ဆေတွေက ...

တောပုန်းကြီးမြဒင်တစ္ဆေ

ကိုအုံမောင်တစ္ဆေ





ပြီးတော့ ခြံစောင့်ကြီး ဦးကျောက်လုံးတစ္ဆေ

နောက် ဦးကျော်သိုက်တစ္ဆေ

ဦးမင်းဟန်တစ္ဆေ

နောက်ဆုံး လူအဘိုးကြီးမှာ ... ဦးဖိုးထော်တစ္ဆေ ဖြစ်ဟန်တူသည်။

အဲဒီတစ္ဆေတွေက ... သူ့ကို လက်ယပ်ခေါ်၍နေကြသည်မှာ ကြက်သီးထဖွယ်ကောင်းသည်။ ဒီလူတွေမှာ လူ့ဘဝက ဘယ်လိုရုပ်ဆင်းသွင်ပြင် ရှိခဲ့သည် မသိသော်လည်း တစ္ဆေဘဝမှာတော့ အားလုံးဝင် အကြည့်ရဆိုးဝါးနေသည်။ သူတို့ကိုယ်လုံးမှာ ရေနံတွေ လူးထားသလို ညိုညစ်ညစ် ရွံရှာဖွယ်အညစ်အကြေးတွေ စိုရွှဲနေသည်။ တစ္ဆေပြိတ္တာဆိုသည် မဝရေစာသာစားရသည်။ ထာဝရ ဆာလောင်မွတ်သိပ်နေသော သတ္တဝါတွေဆိုသော စကားကား မှန်ပုံရ၏။ သူတို့ကိုယ်ခန္ဓာမှာ အရိုးအပေါ်အရေတင်ဖြစ်နေသည်။ သူတို့အဝတ်အစားတွေမှာ မြေကြီးထဲတွင် အနေကြာသောကြောင့်လားမသိ။ ဆွေးမြေ့ စုတ်ပြဲလျက်ရှိရာ အကျည်းတန်လှသည်။ အကျည်းတန်လှသည့် သူတို့ခန္ဓာကိုယ် အတ္တဘောကို လှစ်ပိုင်း ဖော်ပြနေသကဲ့သို့ရှိသည်။

သူတို့ပါးစပ်တွေမှာလည်း ပုပ်ပျက်ပန်းပျက်ဖြစ်ကာ ထိုပါးစပ်တွေထဲမှ သရေတစ္ဆွဲစွဲနှင့် လျှာကြီးတွေက အတော်ရှည်လျားသည်အထိ တွဲလွဲ ထွက်ကျနေ၏။ သူနှင့်အတော်ပင် လှမ်းနေသည့်တိုင်အောင် သူတို့ခန္ဓာကိုယ်မှ ထွက်ပေါ်နေပုံရသည့် အပုပ်နံ့တွေက မခံမရပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် နံစော်နေသည်။ တစ်စထက်တစ်စ သူ့အနား တိုးကပ်လာကြသည့်အတွက် အောင်ဗလသည် နောက်လှည့်ကာ ထွက်ပြေးလာခဲ့ရလေသည်။

----✣----





ပူအိုက်လွန်းသောကြောင့်ထင်သည်။ စန္ဒီသည် ခုတင်ပေါ်တွင် မောင်လေးနှင့်အတူ အိပ်စက်နေရာမှ ဆတ်ခနဲနိုး၍လာသည်။ မောင်ကလေးရာဇာ အေးအေးချမ်းချမ်း အိပ်ပျော်နေတာမြင်ရသည့်အတွက် စိတ်အေးသွား၏။ အခန်းထဲတွင် ပူလောင်လွန်းသည်။ ညဦးက ... အနည်းငယ် အေးမြနိုင်သဖြင့် အခန်းထဲမှ လေအေးပေးစက်ကို ပိတ်ထားမိသည်။ အခုတော့ တစ်ခန်းလုံး အိုက်စပ်ပူလောင်နေသည်။

စန္ဒီက အခန်းထဲရှိ လေအေးပေးစက်ခလုတ်ကိုဖွင့်ရန် ခုတင်ပေါ်ကဆင်းလိုက်၏။ စားပွဲဆီသို့ လျှောက်သွားကာ စားပွဲပေါ်မှ ရီမုတ်ကွန်ထရိုး အဝေးထိန်းခလုတ်ကိုကောက်၍ ပိတ်ထားသော လေအေးပေးစက်ကို ဖွင့်လိုက်သည်။ ပြီးတော့ စားပွဲတွင် ဝင်ထိုင်သော ခဏမျှအေးမြလာသည့် အရသာကို ခံစားနေမိသည်။ ဒီလို တစ်ကိုယ်တည်းထိုင်နေရင်း သူ့အဖြစ်ကို သူ တွေးမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသည်ဟုပင် ဆိုနိုင်သည်။ သွေးမတော်သားမတော် လူစိမ်းလူရွယ်တစ်ယောက်အိမ်ကို သူ အခုလိုရောက်နေတာ သင့်တော်ပါရဲ့လား။ အဖေသာရှိလျှင် မည်သို့ပြောလိမ့်မည်နည်း။ သူ့မောင်လေးရာဇာနှင့် ပတ်သက်၍ တစ္ဆေရောဂါကို ကုစားရန် ရောက်ရှိနေခြင်း ဖြစ်သော်လည်း ခန့်ဇော်ထင်ဆိုသော သူ၏သိက္ခာသမာဓိနှင့် ကိုယ်ရည်ကိုယ်သွေးကို သဘောကျနေခြင်းကြောင့်လည်း ပါသည်။ သာမန်လူငယ်တစ်ဦးဆိုလျှင် ဤကဲ့သို့ စိတ်ကူးမိမည်မဟုတ်။

ခန့်ဇော်ထင်ကို ကြည့်ရတာလည်း မိမိကို လိုသည်ထက်ပို၍ အရေးစိုက်နေပုံရသည်။ ယောကျာ်းနှင့်မိန်းမ အပျိုနှင့်လူပျို အပြန်အလှန် စိတ်ကစားကြခြင်းမှာ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာသာဖြစ်သည်။ ဒီထက်ပိုကဲလာရင်ရော။ မိမိဘက်က လက်မခံနိုင်ဘူးလား။ ဤသို့ဆိုလျှင် တစ္ဆေ ရေးတဲ့ဖူးစာ ဖြစ်နေပေလိမ့်မည်။ စန္ဒီက ကြိတ်ပြုံးကာ တစ်ကိုယ်တည်း ထိုင်နေရာမှ ထ,လိုက်သည်။ ဒါတွေက တစ်ဖက်သတ် သူ့ဘက်က စိတ်ကူးယဉ်နေခြင်းသာဖြစ်သည်။ ပြန်အိပ်တာပဲ ကောင်းပါသည်ဟု ခုတင်ဆီ လှမ်းသွားရန် ကြံရွယ်လိုက်ခိုက် ...

သူ့အခန်းရှေ့မှ တဖျပ်ဖျပ်ဖြတ်လျှောက်သွားသော ခြေသံကို ကြားလိုက်ရရာ၊ ရုတ်တရက် ခေါင်းကြီး၍သွားလေသည်။ ပြီးမှ ကိုယ့်အသဲကြောင်ပုံကိုတွေးကာ ပြုံးမိသွားသည်။ ဤအပေါ်ထပ်တွင် မိမိတို့အခန်းသာရှိသည်မဟုတ်။ တခြားအခန်း၊ တခြားလူတွေလည်း ရှိနေပေရာ၊ ထိုအခန်းများမှ လူတစ်ယောက်ယောက် ကိစ္စတစ်ခုအတွက် အပြင်ထွက်ခြင်းဖြစ်ရမည်။ မိမိက ဘာမဆို တစ္ဆေခြောက်သည်ဟုသာ





လှည့်တွေးနေခြင်းမှာ အတွေးကြောင်ခြင်းသာဖြစ်သည်။ ပထမတော့ အခန်းထဲမှ မထွက်တော့ဘူးဟု တွေးလိုက်သော်လည်း သူမ၏ စပ်စုချင်စိတ်က ရည်ရွယ်ချက်ပြောင်းသွားစေသည်။

ထို့ကြောင့် တံခါးကို အနည်းငယ်အသာဟ,ကာ ကြည့်လိုက်သည်။ သူတို့အခန်းရှေ့မှ ဖြတ်လျှောက်သွားသော ... ဒေါက်တာသန်းထိုက်တပည့် ကိုအောင်ဗလဆိုသူကို မြင်လိုက်ရ၏။ သူက စန္ဒီတို့အခန်းရှေ့မှ ဖြတ်လျှောက်သွားသော်လည်း ဘယ်ကိုမှ စောင်းငဲ့ကြည့်ခြင်းမရှိ။ လှေကားဆီသို့သာ တစိုက်မတ်မတ် လျှောက်သွားနေ၏။ သူ့ကြည့်ရတာ ထူးခြားသည်။ သူ လမ်းလျှောက်ပုံက သတိကင်းလွတ်ကာ အိပ်မက်ထဲမှာ လမ်းထ,လျှောက်နေသည့်ပုံမျိုး။ သခင်က ဆွဲခေါ်ရာနောက်ကို လည်ပတ် ကြိုးတန်းလန်းနှင့် လိုက်ပါသွားသည့် ခွေးတစ်ကောင်ပုံမျိုး။

လှေကားဆီသို့လျှောက်သွားနေသော ကိုအောင်ဗလကို ကြည့်ရင်း စန္ဒီ တစ်စုံတစ်ခုကို အမှတ်ရလာသည်။ ဤအိမ်မှာပင် လွန်ခဲ့သော တစ်ပတ်ကျော်က ... ဦးဖိုးထော်သည် ညအချိန်မတော် လမ်းထ,လျှောက်ရင်း ဤလှေကားပေါ်မှ ကျွမ်းထိုးမှောက်ခုံ လိမ့်ကျကာ ဇက်ကျိုး၍ သေဆုံးခဲ့ရသည် မဟုတ်လား။ ထို့ကြောင့် စန္ဒီသည် အခန်းတံခါးဖွင့်ကာ ထွက်လိုက်ရင်း သတိပေးရအောင် လှမ်းခေါ်လိုက်သည်။

"ကိုအောင်ဗလ ... "

သို့သော် ... ကိုအောင်ဗလကား ထိုစကားကို ကြားဟန်မတူ။ နောက်သို့ လှည့်မကြည့်ဘဲ လျှောက်မြဲဆက်လျှောက်ကာ လှေကားမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် အောက်ထပ်သို့ ဆင်းသွားလေသည်။ ထို့ကြောင့် စန္ဒီသည် အခန်းရှေ့မှနေ၍ ကိုအောင်ဗလနောက်သို့ လှေကားအတိုင်း ဆင်းလိုက်သွားရလေသည်။

"ကိုအောင်ဗလ ... ကိုအောင်ဗလ ..."

ကိုအောင်ဗလသည် ... ရှေ့ကိုသာ လျှောက်မြဲအတိုင်း ဆက်လျှောက်သွားနေ၏။ အခြေအနေက ထူးခြားနေသည်ကို စန္ဒီ သတိပြုမိသွားသည်။ သူ့အနေဖြင့် အခြားသူတွေကိုနှိုးကာ အကြောင်းကြားဖို့ကောင်းသည်။ သို့သော် ထိုသို့ပြုလုပ်နေရန် အချိန်မရှိတော့။ တံခါးမကြီးကို ဦးတည်သွားနေသော ကိုအောင်ဗလရှေ့ ပိတ်ရပ်ကာ ခေါ်လိုက်သည်။

"ကိုအောင်ဗလ ..."

---





ကိုအောင်ဗလသည် သူ့ရှေ့မှ လျှောက်သွားနေသော မျက်နှာဖြူတစ္ဆေကြီးနောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့သည်။ နောက်မှ လိုက်လာသော တစ္ဆေတစ်အုပ်မှာ အဝေးတွင်ကျန်ခဲ့လေပြီ။ ဤတဝဲလည်လည်ဖြစ်နေသော တောအုပ်ထဲမှ ထွက်နိုင်ရန်မှာ သူသည် ဤတစ္ဆေကြီးနောက်မှ ထက်ကြပ်မကွာလိုက်ရပေမည်။

ထိုအချိန်မှာပင် သူ့ရှေ့မှ တစ္ဆေတစ်ကောင်က ပိတ်ကာရပ်လိုက်သည်။ ထိုတစ္ဆေကား ခုန သူမြင်ခဲ့ရသော တစ္ဆေတွေနှင့်လည်း မတူ။ တစ္ဆေမတစ်ကောင်ဖြစ်သည်။ ဆံပင်ရှည်တွေ ဖရိုဖရဲက သူ့မျက်နှာပေါ် ဝဲကျနေ၏။ သူ့မျက်လုံးတွေက သွေးကဲ့သို့ နီရဲနေသည်။ သူ့ပါးစပ်ကို ဖြဲလိုက်သောအခါ ပါးစပ်ဖြိုမှ ဖွေးဖွေးဖြူသော အစွယ်ချွန်ချွန်တွေကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ဇလ ... "

တစ္ဆေမက ထိုကြောက်စရာကောင်းသော ပါးစပ်တွေကိုဖြဲကာ သူ့နာမည်ကိုခေါ်နေသည်။

"ကိုအောင်ဇလ ... "

အောင်ဇလသည် ကြောက်လန့်ခြင်းတစ်ဝက် ... ၊ စိုးရွံ့စိတ်တစ်ဝက် ရောယှက်ဖြစ်ပေါ်နေသည်။ သူ့ရှေ့က တစ္ဆေကြီး ဘယ်ရောက်သွားပြီလဲ။ ဒီတစ္ဆေမရှေ့က ကာဆီးနေလို့ ပျောက်သွားတာပဲ။ ဒီ တစ္ဆေမကို သတ်မယ်။ ဒေါသစိတ်ဖြင့် အောင်ဇလသည် သူ့ရှေ့မှ တစ္ဆေ၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။

----✣----





အောင်ဇလရှေ့မှ ပိတ်ရပ်ကာ တားဆီးဖို့ကြိုးစားနေသော စန္ဒီသည် ရုတ်တရက် အောင်ဇလက သူမ၏လည်ပင်းကို လက်နှစ်ဖက်ဖြင့် ညှစ်လိုက်သောအခါ ဘာလုပ်ရမှန်းမသိအောင် လန့်ဖျပ်၍သွားသည်။ ကိုအောင်ဇလ၏မျက်နှာမှာ အသိစိတ်ပျောက်နေသူတစ်ဦးကဲ့သို့ ဖြစ်နေလေသည်။

ပြူးကြောင်ကြောင်မျက်လုံးများမှာ သူ့ကို စိုက်ကြည့်နေသော်လည်း မှတ်မိသိရှိသည့်ပုံ မပေါ်ချေ။ သရဲစီးနေသော လူတစ်ယောက်ကို မြင်ရသကဲ့သို့ ထိတ်လန့်ချောက်ချားစရာလည်း ကောင်းလှသည်။ စန္ဒီက သူ့လည်ပင်းမှ ကိုအောင်ဇလ၏လက်တွေကို ဆွဲယူကာ ဖယ်ရှားဖို့ကြိုးစားသော်လည်း ထိုလက်တွေမှာ ပြုတ်တူနှင့် ညှပ်ထားသကဲ့သို့ ခိုင်မြဲမာကျောလှသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ စန္ဒီသည် ဆိုးဝါးလာသည့် အခြေအနေမှ လွတ်မြောက်စေရန် အော်ဟစ်ကာ အကူအညီတောင်းလိုက်ရသည်၊ အနီးဆုံး အောက်ထပ်အခန်းတွင်ရှိနေ၍ ခန့်ဇော်ထင်က အစောဆုံး ပြေးထွက်လာသည်။ သူက စန္ဒီတို့ဖြစ်နေပုံကို မြင်သည်နှင့် ကောင်းစွာ သဘောပေါက်၍သွားသည်။ ကိုအောင်ဗလကို နောက်ကဖမ်းချုပ်ကာ စန္ဒီထံမှ ဖယ်ရှားဖို့ကြိုးစားသော်လည်း … ကိုအောင်ဗလက လက်တစ်ဖက်ဖြင့် တွန်းပစ်လိုက်၏။ ခန္ဓာကိုယ်ထဲကို ဘယ်ကမှန်းမသိသည့် စွမ်းအင်တွေ ဝင်ရောက်ကာ မထင်မှတ်ရလောက်အောင် သန်စွမ်းနေပုံရ၏။

ခန့်ဇော်ထင်သည် သူ နာကျင်သည်ကို ဂရုမထားနိုင်ဘဲ လဲကျနေရာမှ လူးလဲထ,လိုက်သည်။ သူသာ အချိန်မီမကယ်တင်နိုင်လျှင် စန္ဒီ သည် သေဆုံးရဖို့သာရှိတော့သည်။ ထိုအခိုက်မှာပင် အိမ်ပေါ်ထပ်မှ ဒေါက်တာသန်းထိုက်နှင့် ကျော်လင်းသန့်တို့ လင်မယား ပြေးဆင်းလာ၏။ ရတီဦးသည် ချောက်ချားဖွယ်ရာအဖြစ်ကို မြင်တွေ့သောအခါ ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။ ထို့နောက်တွင်မူ … ယောကျ်ားသုံးယောက်လုံးသည် အောင်ဗလထံပြေး၍ လက်နှစ်ဖက်ကို ဆွဲဖယ်ကာ ချုပ်ကိုင်ကြသည်။ ယောကျ်ားကြီးသုံးယောက်သည် အောင်ဗလကို မနည်းပင် ချုပ်ကိုင်ကြရသည်။

သူတို့သုံးယောက်က ဆွဲဖယ်လိုက်သဖြင့် စန္ဒီသည် အောင်ဗလ လက်မှ လွတ်သွားသော်လည်း … သူ့လည်ပင်းကို လက်နှင့်ဖိကာ အသက်ကို မနည်းရှူနေရလေသည်။ ခန့်ဇော်ထင်နှင့် ကျော်လင်းသန့်





တို့နှစ်ဦး ချုပ်ကိုင်ထားသည့်အကြားမှ ရုန်းကန်ထ,နေသည့် အောင်ဗလ၏ခေါင်းကို ဒေါက်တာသန်းထိုက်က အနီးရှိစားပွဲပေါ်မှ ကြွေပန်းအိုးဖြင့် ယူကာ ရိုက်လိုက်မှ အောင်ဗလသည် သတိလစ်ကာ လဲကျသွားလေသည်။

----✣----



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူတွေက သူထင်ထားသလို လူတွေမဟုတ်ဘဲ တစ္ဆေတွေ ဖြစ်နေလေသည်။ သူတို့ ရုပ်ဆင်းသဏ္ဌာန်တွေကို မြင်ရတာက ထိတ်လန့် ချောက်ချားစရာ ကောင်းလှသည်။

## (၁၁) ပရိတ်ကြိုး၏ တန်ခိုး

နွေမိုးဆောင်း ။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁) ပရိတ်ကြီး၏ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ကိစ္စမှာ ခန့်ဇော်ထင်တို့လူသိုက်အတွက် အတော်ဝင် ရုတ်ရုတ်သဲသဲ နိုင်သွားလေသည်။ ခန့်ဇော်ထင်သည် သူကားကိုထုတ်ကာ ညတွင်းချင်းပင် သတိလစ်နေသော အောင်ဗလကို ဆေးရုံပို့ရသည်။ အောင်ဗ...မှာ ဆေးရုံတွင် သတိပြန်လည်ရလာသော်လည်း ဘာကိုမှ သတိမရတော့သလို ကြောင်စီစီ ဖြစ်နေသဖြင့် ဆေးရုံတွင်ဝင် ထားခဲ့ရလေသည်။

စန္ဒီကိုလည်း ဆရာဝန်ဖြင့် စစ်ဆေးကြည့်ရသည်။ ကြီးကြီးကျယ်ကျယ် ထိခိုက်မှုမရှိသဖြင့် အိမ်ပြန်ခေါ်လာခဲ့၏။ သူတို့အားလုံးမှာ ထိုနေ့က ပြန်လည်အိပ်စက်ဖို့ အချိန်မရကြတော့ပေ။ ဆေးရုံကပြန်ရောက်လာသူများကို ရတီဦးက ကော်ဖီဖျော်တိုက်သည်။ သူတို့ကော်ဖီသောက်ရင်း ထိုင်စကားပြောကာ မိုးလင်းခဲ့ရ၏။ ရတီဦးက



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒီ တော်တော်လန့်သွားသလား ... "

"ဟာ ... လန့်သွားတာပေါ့၊ ကိုခန့်ဇော်ထင်သာ ရောက်မလာရင် သေသွားနိုင်တယ် ... "

ဟု စန္ဒီက ပြောသည်။ ဒေါက်တာသန်းထိုက်က ...

"ကျွန်တော့်တပည့်ကိုယ်စား ... ကျွန်တော်က တောင်းပန်ပါတယ် ... အခုလို ဖြစ်ရတယ်ဆိုတာ သူ့ ပင်ကိုယ်စိတ်နဲ့ မဟုတ်ပါဘူး၊ အဲဒီအချိန်မှာ သူ့ အသိပျောက်နေတာ အမှန်ပဲ ... "

"ကျွန်မ နားလည်ပါတယ် ဒေါက်တာ၊ ဒီကိစ္စအတွက် တောင်းပန်စရာမလိုပါဘူး ... သူ့အတွက်ပဲ စိတ်မကောင်းဖြစ်မိတယ် ... "

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ... "

ခန့်ဇော်ထင်က မေးလိုက်ခြင်းဖြစ်သည်။ ဒေါက်တာသန်းထိုက်က ...

"ကျွန်တော် အားကိုးတဲ့ အောင်ဗလ မရှိတော့ဘူးဆိုတော့ ဒီတစ္ဆေနဲ့ ဆက်သွယ်ရခက်သွားတာ အမှန်ပဲ ... "

"အဲဒီနေရာမှာ ကျွန်တော့်ကို အသုံးပြုရင်ရော ဖြစ်မလား"

ဒေါက်တာသန်းထိုက်က ခေါင်းကို ခါယမ်းပြလိုက်ကာ ...

"မဖြစ်နိုင်ဘူး ... ခင်ဗျား နတ်ကမ္ဘူးလား ... "

"ကြံကြီးစည်ရာဗျာ ... ဘယ်က ကမ္ဘူးမှာလဲ ... ပြီးတော့ ဒီ ၃၇ မင်းဆိုတာတွေကိုလည်း လုံးဝ အယုံအကြည်မရှိဘူး ... "

ခန့်ဇော်ထင်က ခါးခါးသီးသီး ငြင်းလိုက်သည်။

"အဲဒါကြောင့် ပြောတာပေါ့ ... ခင်ဗျားနဲ့ မဖြစ်နိုင်ဘူးလို့ ...





ခင်ဗျားရဲ့ စိတ်ဓာတ်ကလည်း ခိုင်လွန်းအားကြီးတယ် ... အဲဒီလောက် စိတ်နုတဲ့ သူနဲ့မှ ဖြစ်တာ ... "

ဒေါက်တာသန်းထိုက်၏ စကားအဆုံးတွင် ရတီဦးက ...

"ဒါဆိုရင် ကျွန်မကို သုံးပါလား ဒေါက်တာ ... ဒီအုပ်စုထဲမှာတော့ ကျွန်မက စိတ်အနုဆုံးပဲလို့ ထင်တယ် ... "

ဟု ပြောလိုက်၏။ သို့သော် ကျော်လင်းသန့်က ချက်ချင်းပင်

"ဒါကိုတော့ ကျွန်တော် ခွင့်မပြုနိုင်ဘူး ... ဒီကိစ္စက အင်မတန်အန္တရာယ်များတယ် ... ကျွန်တော့်မိန်းမ ဘေးဥပါဒ်ဖြစ်မှာ မလိုလားဘူး ... "

ဟု တန့်ကွက်လိုက်၏။ ဒေါက်တာသန်းထိုက်ရော၊ ခန့်ဇော်ထင်ပါ ဤကိစ္စကို အသုံးပြုရန်အတွက် အသင့်တော်ဆုံးသူမှာ ရတီဦးဖြစ်ကြောင်း သိကြသည်။ သို့သော် ယောကျ်ားလုပ်သူက ခွင့်ပြုချက်မပေး၊ သဘောမတူဘူးဆိုလျှင် ရတီဦးကို သုံးဖို့လည်း မဖြစ်နိုင်ပေ။ ကျော်လင်းသန့်ကိုလည်း အပြစ်မပြောသာ။ ရှေ့က ကိုအောင်ဗလ၏ သာဓကက ရှိနေသည်မဟုတ်လား။ သို့သော် ရတီဦးက ...

"ဘာဖြစ်လို့လဲ ကိုလင်းရဲ့ ... ဒီလူတွေဟာ အခုမှ ဆုံကြတယ်ဆိုပေမဲ့ အခက်အခဲတွေကို အတူတူရင်ဆိုင်ခဲ့ကြတော့ ရတီ့စိတ်ထဲမှာ မိတ်ဆွေရင်းတွေလို မှတ်နေတာ ... အခုလို ကူညီခွင့်ရတုန်းလေး ကူညီချင်တယ် ... "

ဟု ဆို၏။ ကျော်လင်းသန့်က ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးလေ ရတီရဲ့၊ မင်းနဲ့ငါ ရန်ကုန်ထွက်လာတာ ဟန်းနီးမွန်းခရီးဆိုတာလည်း သတိထားဦး ... "

"အဲဒါ သတိရနေပါတယ် ... ပြောကြကြေးဆိုရင် ဒီလောက် အမှတ်ရဖွယ်ကောင်းတဲ့ ဟန်းနီးမွန်းရယ်လို့ ဘယ်ရှိတော့မလဲ ... ရတီ တော့ ဒီကိစ္စတွေကို တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်တော့ဘူး၊ သားသမီးတွေ မြေးမြစ်တွေရလာရင်လည်း ပြန်ပြောပြစရာ အကောင်း ဆုံး ဇာတ်လမ်းတွေ ဖြစ်နေမှာပဲ ... "

နောက်ဆုံးတော့ ကျော်လင်းသန့်ကပဲ လက်လျှော့လိုက်၏။

"ကဲ ... မင်း ဒီလောက်တောင် စိတ်ဝင်စားနေရင်လည်း ... ငါ မတားတော့ဘူး ရတီ ... ငါက မင်းအတွက် စိုးရိမ်လို့ ပြောတာ"

ခွင့်ပြုချက်ရသောအခါ ဒေါက်တာသန်းထိုက်က ဝမ်းသာ၍သွား သည်။

"စိတ်မပူပါနဲ့ ကိုကျော်လင်းသန့် ... ရတီ ဘာမှ မဖြစ်အောင် ကျွန်တော်တို့ အကာအကွယ်ပေးပါ့မယ်"

"ကျွန်မတော့ ရင်ခုန်နေတာပဲ ... "

ဟု ရတီဦးက အသံတုန်တုန်ယင်ယင်နှင့် ဆိုသည်။

နံနက်လင်းသောအခါ သူ့မောင်လေးကိုခေါ်ကာ စန္ဒီသည် သူ့ ကားဖြင့် အပြင်ထွက်သွား၏။ သူတို့ ကိုးကွယ်သော တောင်ဥက္ကလာ ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းကို သွားခြင်းဖြစ်ကာ ကျောင်းထိုင် ဆရာတော်ထံမှ ပရိတ်ကြိုးများ တောင်းခဲ့သည် ... ။ သူ့မောင်လေး အတွက် တစ်ကုံး၊ ရတီဦးအတွက် တစ်ကုံးဖြစ်သည်။ ပရိတ်ကြိုးအ





တစ္ဆေသရဲများ ဒုက္ခပေးသည့်ရန်မှ လုံခြုံစိတ်ချရအောင် အးလူကို သတ် ပေးသည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်ကြသည်။ ဘအချက်

အိမ်ပြန်ရောက်သောအခါ ရတီဦးကိုတစ်ကုံးပေးကာ လည်ဘက် တွင်ဝတ်ဆင်စေသည်။ ရတီဦးက မဆွဲချင်သော်လည်း စန္ဒီ၏ စေတနာ ကို မငြင်းပယ်ချင်သဖြင့် လည်ပင်းတွင် ဆွဲထားလိုက်သည်။ ရတီဦးစိတ် မီးဖိုထဲတွင် ဟင်းချက်ရန် စီစဉ်နေသဖြင့် ...

"ဒီနေ့ ဘာဟင်းချက်မလဲ ရတီ"

"သက်သတ်လွတ်ပဲ ... ဒေါက်တာသန်းထိုက်က ဒီကိစ္စကို မပြီး စီး မအောင်မြင်မချင်း ရတီတို့လူသိုက် သက်သတ်လွတ် စားရမယ်လို့ ပြောတယ် ... "

"ဟာ ... ဘာဖြစ်လို့လဲ၊ သူကလည်း ဘိုးတော်ကျနေတာပဲ"

စန္ဒီက ညည်းညူလိုက်သည်။ ရတီဦးကို ကူလုပ်ကိုင်ပေးနေ သော ကျော်လင်းသန့်က ...

"အသေသား စားတာဟာ တစ္ဆေသရဲတွေအလိုကျ သူတို့ကို အားပေးရာကျတယ်တဲ့ ... အဲဒီလိုလူတွေကို သူတို့အနေနဲ့ ချောက် လှန့် ဒုက္ခပေးလို့ လွယ်ကူတယ် ... အသားရဲ့ အညှီခံတက်ကို သူတို့က ကြိုက်တာကိုး ... ဒါကြောင့် သူတို့ကို အနိုင်ယူဖို့ ကျွန်တော်တို့ သက် သတ်လွတ် စားကြရမယ်တဲ့ ... ကိစ္စမရှိပါဘူး စန္ဒီရယ် ... သိပ်အကြာ ကြီးမှ မဟုတ်ဘဲ ... "

"အခုရော သူ ဘယ်သွားလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"မနှ ခန့်ဇော်ထင်နဲ့ ဆေးရုံက အောင်ဗလကို သွားကြည့်ကြ ဟန်းနီးမှ"

မကြာခင်မှာပင် ဒေါက်တာသန်းထိုက်နှင့် ခန့်ဇော်ထင် ပြန်လာကြသည်။ အောင်ဗလသည် ကြောင်တောင်တောင် ဖြစ်ကာ ... ဘင်ပေါ်မှ ကယောင်ကတမ်း ထပြေးနေသဖြင့် ဆေးရုံမှ သူနာပြုဆရာမတွေလည်း ကြောက်လန့်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရာ ဒေါက်တာသန်းထိုက်တို့ ရောက်သောအခါ တိုင်ပင်၍ အောင်ဗလအား စိတ်ရောဂါအထူးကုဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်ဟု ဆိုလေသည်။

ညနေစာ စားပြီးကြသောအခါ ဒေါက်တာသန်းထိုက်သည် ရတီဦးအား မစ္ဆတာရောဘတ်ကို ဆက်သွယ်ရာတွင် ကြားခံအဖြစ် အသုံးချရန် စီစဉ်လေ၏။ ဒေါက်တာသန်းထိုက်က ...

"တကယ်ဆိုရင် ... မစ္စတာရောဘတ်ဟာ သာမန် တစ္ဆေတစ်ကောင်မဟုတ်တော့ဘူး၊ တစ္ဆေကြီးတစ်ကောင် ဖြစ်နေပြီ ... လူတွေ အသက်ကြီးပြီး ဝါရင့်လာသလိုပေါ့ ... နှစ် ဒီလောက်လည်း ရှည်ကြာလာပြီဆိုတော့ သူဟာ တစ္ဆေတစ်ကောင်ဆိုပေမဲ့ အစွမ်းရှိသင့်သလောက် ရှိနေတယ်ဆိုတာ ထင်ရှားတယ် ..."

ဟု ရှင်းပြနေရာ ကျော်လင်းသန့်သည် သူ့ဇနီးအတွက် စိုးရိမ်စိတ်ဝင်ကာ ယခုလို ခွင့်ပြုခဲ့မိသည်မှာ မှားယွင်းနေလေပြီလားဟု သံသယပွားချ်ပင်လာလေသည်။ ဒေါက်တာသန်းထိုက် ရှင်းမပြသော အချက်လည်း ရှိသေးသည်။ မစ္စတာရောဘတ်ဆိုသော မျက်နှာဖြူ





တစ္ဆေသည် ယခုအခါ၌ ဒေါသအလွန်အမင်း ထွက်ကာ လူကို သတ်ဖြတ်ဖို့ ဝန်မလေးသော အဆင့်သို့ ဆိုက်ရောက်နေပြီဆိုသောအချက် ဖြစ်၏။ ထို့ကြောင့် သူ့စိတ်ထဲတွင် ရတီဦးအား တတ်နိုင်သလောက် အကာအကွယ်ပေးဖို့ ဆုံးဖြတ်ထားလေသည်။

ညအိပ်ရာဝင်ကာနီးသောအခါ ဒေါက်တာသန်းထိုက်က အိတ်ဆောင်နာရီအား ရတီဦးကို ပေးကာ ...

"ဒီနာရီကို ကိုင်ပြီး အေးအေးလူလူသာ အိပ်လိုက်တော့ ရတီဦး ... စိတ်ကို ဘာမှမရှိအောင် ရှင်းထားလိုက် ... ဘာစာမှ ရေးမထားတဲ့ ဗလာစာရွက်အလွတ်တစ်ခုလို သဘောထား၊ ပြီးရင် ... သက်သောင့်သက်သာ အိပ်လိုက် ... ကျုပ်လည်း ဒီအခန်းထဲမှာပဲ စောင့်ကြည့်နေမှာ ... ဘာမှ ပူပန်မနေနဲ့ ဟုတ်လား ..."

ဟု နောက်ဆုံး အားပေးစကားကို ပြောကြားလေသည်။ ကျန်လူတွေ ညအိပ်ရာဝင်ကာနီး လက်ဖက်ရည်၊ ကော်ဖီ သောက်ရာ၌လည်း ပါဝင်ခွင့်မရပေ။

"လက်ဖက်ရည်တို့ ကော်ဖီတို့ဟာ အာရုံကို နိုးကြားလန်းဆန်းစေတယ် ... ရတီဦးနဲ့ ဒီနေ့ည မသင့်တော်ဘူး ..."

ကျန်လူတွေကိုမူ ကိုယ့်အခန်းကို ပြန်အိပ်ရန် နှင်ထုတ်လိုက်သည်။

"ဒီလောက် လူတွေစုဝေးနေရင် တစ္ဆေက လာမှာမဟုတ်ဘူး"

ခပ်စောစောပင် ရတီဦးက အိပ်ရာဝင်သွားသည်။ နံတင်နှင့် မလှမ်းမကမ်းတွင် ဒေါက်တာသန်းထိုက်နှင့် ကျော်လင်းသန့်တို့က



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်ကုလားထိုင် တစ်လုံးစီဖြင့် ထိုင်စောင့်ကြည့်ကြသည် ...။ ဒေါက်တာသန်းထိုက်က

"ကျွန်တော်တော့ စာအုပ်တစ်အုပ် ဖတ်ရင်း စောင့်မယ် ... အိပ်လို့ မဖြစ်ဘူး ... ပထမတစ်ခါတုန်းက ကျုပ် ဘယ်လိုဖြစ်လို့ အိပ်ပျော်သွားသလဲ မသိဘူး ... မဖြစ်သင့်တာတွေ ဖြစ်ကုန်ရတာပဲ ... ခင်ဗျားတော့ အိပ်ချင်ရင် အိပ်နော် ... "

ဟု ခွင့်ပြု၏။ သို့သော် ကျော်လင်းသန့် အနေဖြင့် သူ့ဇနီးကို ဤအတိုင်း စိတ်ချက်လက်ချထားကာ အိပ်ရန်ဆိုသည်မှာ မဖြစ်နိုင်ပါချေ။

ရတီဦးကတော့ အိတ်ဆောင်နာရီကို သူ့ရင်ဘတ်ပေါ်တင်ကာ ငြိမ်သက်နေသည်။ အိပ်ပျော်နေပြီထင်သည်။ သူ့မိန်းမအကြောင်း သူ ကောင်းကောင်း သိ၏။ သူ့မိန်းမသည် ခေါင်းချသည်နှင့် အိပ်ပျော်တတ်သူ ဖြစ်၏။

----✣----





ငိုက်မွေးမှုးရှိနေတာလား ... နိုးတစ်ဝက် အိပ်မက်လား ... တကယ်ဖြစ်နေတာလား ရုတ်တရက် ဘာကိုမှ ဝေခွဲမရ။ သံလိုက်က သံကို ဆွဲယူသလို သူ့ကို တစ်ခုခုက ဆွဲယူနေတာ သတိထားမိသည်။ တစထက်တစ တရွေ့ရွေ့ သူသည် ထိုဆွဲယူနေရာအနီးသို့ လွင့်ပါး၍ သွား၏။

သူ မြင်နေရသည်က တောင်ကုန်းတစ်ကုန်းနှင့် တောင်ကုန်း ပေါ်က စေတီသုံးဆူ။ ဒီမြင်ကွင်းမျိုးကတော့ မထူးဆန်းလှ။ မြန်မာ ကျေးလက်တောရွာများဘက်တွင် မြင်တွေ့နေကျ မြင်ကွင်းမျိုး ...။ တောရှေ့တွင် ကာဆီးထားသော သစ်ပင်အုပ်မှိုင်းညို့ညို့။ သူ တောအုပ် ထဲသို့ ဝင်ရောက်သွားသည်။ ခြေတောက်တွေနှင့် လမ်းပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာနှင့်လည်း မတူ။ တရွတ်တိုက် လျှောတိုက်သွားတာနှင့် တူနေသည်။

ဟိုရှေ့မှာ အင်ကြင်းပင်ကြီးတစ်ပင်။ အင်ကြင်းပန်း နီနီတွေ မြေမှာ ကြွေကျနေတာက သွေးစက်သွေးပေါက်တွေလို ရဲရဲလှုပ်၍ နေသည်။ အဲဒီ အင်ကြင်းပင်ကြီးတစ်ပိုက်မှာ သူ ရုပ်ရှင်ကြည့်ရသလို ရှုခင်းရှုကွက်တွေကို မြင်နေရသည်။ မျက်နှာဖြူကြီးတစ်ယောက် ဒီရုပ်ကို သူ ကောင်းကောင်းမှတ်မိသည်။ ခန့်ဇော်ထင်တို့အိမ် လှေကားထိပ်တွင် သူ မြင်ခဲ့ရသော အင်္ဂလိပ်ကြီး။

အင်္ဂလိပ်ကြီးနှင့် မြန်မာတစ်စု သတ်ကြပုတ်ကြသည်။ မြန်မာတွေကလည်း လူကောင်းတွေတော့ ဟုတ်ဟန်မတူ။ ရုပ်ရည်ကြမ်းကြမ်းတမ်းတမ်းနှင့် ဓားလှံလက်နက်များ ကိုင်ဆောင်ထားသူများ။ အင်္ဂလိပ်ကြီးက တတ်နိုင်သမျှ ခုခံတိုက်ခိုက်သော်လည်း အင်အားမမျှသဖြင့် အဖမ်းခံလိုက်ရသည်။ သူ့ကိုယ်မှာ ရရှိသော ဓားလှံ ဒဏ်ချက်တွေက သွေးတွေယိုစီးကျနေ၏။ သို့သော် ... ဗုန်းဗုန်းလဲကျသေလောက်အောင်မဟုတ်။

အင်္ဂလိပ်ကြီးကို ထိုမြန်မာတစ်စုက တော်တော်ပင် မုန်းတီးနေဟန်ရှိ၏။ သူ့ကို မြေကြီးပေါ်တွင် ဒူးထောက်ထိုင်ခိုင်းကာ လူဆိုးနှစ်ယောက်က သူ့လက်နှစ်ဖက်ကို မလှုပ်နိုင်အောင် ချုပ်ကိုင်ထားကြသည်။ ဤနောက်တွင်မူ ရက်စက်ကြမ်းကြုတ်ဟန်ရှိသော လူဆိုးခေါင်းဆောင်သည် လက်ထဲတွင် ရဲတင်းတစ်လက်ကို ကိုင်ဆောင်ကာ မျက်





နှာကို စလွယ်သိုင်း ခုတ်ချလိုက်လေရာ ထိုဒဏ်ရာမှ ပန်းထွက်လာသော သွေးတွေကား ရှေ့မှ ရဲတင်းဖြင့် ခုတ်လိုက်သူ၏ ရင်ဘတ်ကိုပင် စိုရွှဲသွားလေတော့သည်။

---- ✣ ----



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရာမှ ညည်းညည်းညူညူ အော်ဟစ်လိုက်သော အသံ ရတီဦးထံမှ ပေါ်ထွက်လာသည်။ ထိုအသံကြောင့် ထိုင်နေရာ ကုလားထိုင်မှ ကျော်လင်းသန့်က ထ,မည်ပြုသော်လည်း ဘေးခုံပေါ်မှ … ဒေါက်တာသန်းထိုက်က [illegible]က်ဆွဲကာ တားထားလိုက်သည်။ သူ့ကို လှည့်ကြည့်သော [illegible]းသန့်အား ခေါင်းဖြည်းညင်းစွာ ယမ်းပြလိုက်၏။

ခုတင်ပေါ်မှ ရတီဦးသည် နိုးလာသလို မျက်လုံးများ ပွင့်မလာသော်လည်း နှာမငြိမ်သလို တလှုပ်လှုပ် တလွန့်လွန့် ဖြစ်၍နေသည်။ ဤလိုအခြေအနေမျိုးကို သာမန်အားဖြင့်ဆိုလျှင် အိပ်မက် မက်နေခြင်းဟု ဆိုနိုင်သည်။ ရတီဦး၏ လွင့်ပါးသွားသော စိတ်ဝိညာဉ်သည် ထူးခြားမှုတစ်စုံတစ်ရာရှိသည့် နေရာသို့ ရောက်ရှိနေခြင်းဖြစ်မည်။ ယခု





လို အခြေအနေမျိုးမှာ သွားနှိုးလိုက်လျှင် ကွင်းဆက်ပြတ်တောက်သွားကာ သူတို့လိုချင်သော အခြေအနေကို ရောက်တော့မည် မဟုတ်။ အန္တရာယ်ထူးထူးခြားခြား ကြုံပုံမရခြင်း သူမကို လွှတ်ပေးထားရမည်ဟု ဒေါက်တာသန်းထိုက်က ယုံကြည်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်သော တောအုပ်အတွင်း သူ ရောက်နေသည်။ အခု တော့ ရတီဦးသည် အနည်းငယ် ကြောက်ရွံ့လာသည်။ ဤနေရာတွင် သူကလွဲ၍ တခြားသူများ မရှိသောကြောင့်ဖြစ်သည်။ သူ့အဖော်တွေ ဘယ်ရောက်ကုန်သလဲ။ သူ့ခင်ပွန်း ကိုကျော်လင်းသန့်၊ ကိုကျော်လင်း သန့် သူငယ်ချင်း ခန့်ဇော်ထင်။ ပြီးတော့ ... စန္ဒီတို့ မောင်နှမနှင့် ဒေါက်တာသန်းထိုက်။ သူတစ်ယောက်တည်း ဘာကြောင့် ဖြစ်နေရ သနည်း။

ရှေ့တွင် လူတစ်စုကို တွေ့ရသဖြင့် ရတီဦး အားတက်သွား သည်။ ထိုသူတွေအနား အပြေးသွားမိ၏။ သို့သော် ထိုသူတွေက သူ ထင်ထားသလို လူတွေမဟုတ်ဘဲ တစ္ဆေတွေ ဖြစ်နေသည်။ သူတို့ ရုပ် ဆင်းသဏ္ဌာန်တွေကို မြင်ရတာက ထိတ်လန့်ချောက်ချားစရာကောင်း လှသည်။ ထိုနေရာမှ ရတီဦး ထွက်ပြေးလာခဲ့သည်။





ရှေ့တွင် ကျောပေးရပ်နေသူတစ်ယောက်ကို တွေ့တော့ ရတီ ဦး ဝမ်းသာ၍သွားသည်။ ထိုသူမှာ စန္ဒီ ဖြစ်၍နေသည်။ ထို့ကြောင့် စန္ဒီဆီ ပြေးသွားမိသည်။ သို့သော် အနီးရောက်၍ စန္ဒီက လှည့်ကြည့် လိုက်သောအခါ စန္ဒီ့ မျက်နှာမဟုတ်ဘဲ နှာခေါင်းချွန်ချွန်နှင့် မျက်နှာ ဖြူကြီးတစ်ယောက်၏ မျက်နှာဖြစ်နေသည်။ သူ့မျက်နှာအလယ်တွင် ရှိသော ဟက်တက်ကွဲနေသည့် ဒဏ်ရာကြီးမှ သွေးတွေ ယိုစီးကျနေပုံ မှာ ချောက်ချားစရာ ကောင်းလှသည်။ အထူးခြားဆုံးမှာ သူ့မျက်လုံး များဖြစ်ကာ ထိုမျက်လုံးများမှာ အစိမ်းရောင်တောက်ပ၍ နေ၏။

ရတီဦးက ထိတ်လန့်ကြောက်ရွံ့စွာ နောက်ဆုတ်လာခဲ့မိ၏။ သို့သော် ... အခုတော့ ရှောင်လွှဲ၍မရနိုင်တော့ဘူးဟု ထင်သည်။ မျက် နှာဖြူကြီးက တဖြည်းဖြည်း သူ့ဆီသို့ တိုး၍လာနေသည်။ သူ့အပေါ်ကို စီးမိုးထားသလို ရှိသော ရှည်လျားသည့် အရပ်အမောင်းကြီးကပင် ချောက်ချားဖို့ကောင်းနေသည်။ ပုံပျက်ပန်းပျက် ရွဲ့တဲ့တဲ့ နှုတ်ခမ်းများ ကို လှုပ်ကာ တစ်စုံတစ်ခုကို လှမ်းပြောနေသည်။ အသံကို မကြားရ။ သူ ဘာတွေပြောနေသလဲ ရတီဦး မသိရ။

ထိုအချိန်မှာပဲ မျက်နှာဖြူကြီးက သူ့လက်တစ်ဖက်ကို ဆန့်တန်း လိုက်သည်။ ရတီဦးက သူ့ကို ဖမ်းချုပ်ဖို့ ကြိုးစားနေသည်ဟု ထင်ကာ နောက်ဆုတ်လိုက်ပြန်သည်။ နောက်မှ ... တစ်စုံတစ်ခုကို ညွှန်ပြလို ကြောင်း ရိပ်စားမိသွားသည်။ သူ့လက်ညှိုးက မိမိကို ညွှန်ပြလိုခြင်း မဟုတ်ပုံမရ။ နောက်မှ သတိရလာကာ ရတီဦးက သူ့လက်ထဲတွင် ကိုင် ထားသော အိတ်ဆောင်နာရီကို မြှောက်ပြလိုက်သည်။ ဒီတော့ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ခေါင်းညိတ်ပြ၏။ ရတီဦးက ကြောက်ရွံ့စိတ်လျော့ပါး၍သွားကာ နာရီကို လှမ်းပေးလိုက်၏။ မျက်နှာဖြူတစ္ဆေကြီးက ရှေ့သို့ တစထက်တစ တိုးလာကာ နာရီကို လှမ်းယူလိုက်သည်။ သို့သော် ...

သူ့လက်နှင့် နာရီကို ထိလိုက်သည်နှင့် မီးနှင့်တွေ့ရသလို မျက်နှာဖြူတစ္ဆေကြီးသည် သူ့လက်ကို ပြန်ရုပ်လိုက်ကာ အဝေးကြီးသို့ နောက်ပြန်လွင့်စင်ပျောက်ကွယ်သွားလေတော့သည်။

---- ✣ ----





ချွေးစေးတွေ စိုရွဲကာ အိပ်ရာပေါ်တွင် ရတီဦး ထထိုင်လိုက်သည်။ သူ အိပ်မက်ဆိုးတစ်ခုကို မြင်မက်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် ဤအိပ်မက်က လက်တွေ့ဆုံကြုံခဲ့ရသလို ထင်ရှားပီပြင်လွန်းလှသည်။ သူ အားလုံးကို ကောင်းကောင်းအမှတ်ရနေပြီ။

သူ့ဘေးသို့ စိုးရိမ်တကြီး မျက်နှာဖြင့် ကျော်လင်းသန့် ရောက်လာသည်။

"ရတီ ... ရတီ ... မင်း ဘာမှ မဖြစ်ပါဘူးနော် ... ငါ့ကို သိရဲ့လား ..."

ရတီက ခေါင်းညိတ်ပြလိုက်သည်။ သူတို့ဘေးကို ဒေါက်တာ [illegible]ထိုက် ရောက်လာသည်။ သူ့လက်ထဲတွင် သောက်ဆေးခွက်တစ်ခွက် ကိုင်ဆောင်ထား၏။

www.burmeseclassic.com



"ကဲ ... ရေအေးအေးတစ်ခွက် သောက်လိုက် ရတီဦး ... ဒါမှ နှလုံးငြိမ်သွားမယ် ... ပြီးရင် မင်း ဘာတွေ တွေ့ကြုံခဲ့တယ်ဆိုတာ အေးအေးလူလူ ရှင်းပြပါဦး ... "

ဟု ပြောလိုက်လေတော့သည်။





သူ့ကားက တစ္ဆေကြီးကို တိုက်လိုက်ရာ မီးခိုးငွေ့တွေကို တိုက်လိုက်ရသလို ထွင်းဖောက်ဖြတ်သန်းသွားကာ လမ်းဘေးရှိ ညောင်ပင်ကြီးကို အရှိန် ပြင်းစွာဝင်ဆောင့်မိလေတော့သည်။

## (၁၂) ပျောက်ဆုံးနေသော သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



## (၁၂) ပျောက်ဆုံးနေသော သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် လက်ဖက်ရည်ဝိုင်းတွင် လူစုံသောအခါ မသိသေးသူများအတွက် ရတီဦးက မနေ့ညက သူ ကြုံခဲ့သော အဖြစ်အပျက်ကို ပြန်လှန်ပြောပြလေသည်။

ဒေါက်တာသန်းထိုက်က …

“ရတီဦးရဲ့ အတွေ့အကြုံဟာ ကျွန်တော်တို့အတွက် အင်မတန် တန်ဖိုးရှိတယ် … ကျွန်တော်တို့ လိုချင်နေတဲ့ Thame motif ကို ရလိုက်လို့ပဲ … တစ္ဆေခြောက်ရတဲ့ ရည်ရွယ်ချက်ပေါ့ … ”

“ဘာရည်ရွယ်ချက်လဲဟင် … ”

စန္ဒီက မေးလိုက်သည်။

“ရတီဦးကို ထင်ထင်ရှားရှား ပြလိုက်တယ်လေ … သူ့ရဲ့ အိတ်ဆောင်နာရီကို ပြန်လိုချင်တဲ့ ရည်ရွယ်ချက်ပဲ … လူဆိုတာ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ှမ်ခင်နှစ်သက်မြတ်နိုးတဲ့အရာကို ကိုယ်နဲ့မခွာ ထားချင်တာ ... စွဲလမ်းကယ်ဆိုတာ ခမ္ဘာပါပဲ ... သူ့ကို သတ်ပြီး နာရီကို ယူသွားတယ်ဆိုတော့ အဲဒီနာရီနောက်ကို တန်းတန်းစွဲလိုက်ပြီး နာရီနဲ့ ပတ်သက်ကဲ့သူတွေကို ဒုက္ခပေးနေတာပဲ ... ”

“ဒါဆို ... ဒီကိစ္စကို ရပ်တန့်သွားအောင် လုပ်ဖို့က ... ”

ကျော်လင်းသန့်က မေးလိုက်ခြင်း ဖြစ်သည်။ ဒေါက်တာသန်းထိုက်က ...

“လွယ်ပါတယ် ... ဒီနာရီကို မူရင်းပိုင်ရှင်အစစ်ဖြစ်တဲ့ သူ့ဆီ ပြန်ပို့ပေးလိုက်ရုံပဲ ... ”

“သူက သေနေပြီလေ ... ”

“**အင်းလေ** ... ဒီတော့လည်း သေနေတဲ့ဆီပဲ ရောက်အောင် ို့ပေးလိုက်ရုံပေါ့။ **တစ်ခုပဲ** ... ခက်တာက သူ မြှုပ်ထားတဲ့နေရာကို ပြန်ရှာတွေ့ဖို့ ခက်နေတာပဲ”

“ဘာဖြစ်လို့လဲဟင် ... ”

“ဒီလို ရတီဦးရဲ့ ... တောနင်းရှာတဲ့ ပုလိပ်တွေက အဲဒီအရေးင်မင်း မစ္စတာရောဘတ်ရဲ့ အလောင်းကို တွေ့တော့ ရုပ်ပျက်ဆင်းျက်နဲ့ ပုပ်ပွနေပြီ ... ဒါကြောင့် အဲဒီ တွေ့တဲ့နေရာ တောအတွင်းမှာ ပဲ မြှုပ်နှံပစ်ခဲ့ရတယ်”

အခုတော့ ဓာတ်လမ်းက ဓာတ်သိမ်းရောက်ပြီးကာမှ ဆုံးခန်းကိုင်ဖို့ ခက်သလိုဖြစ်နေလေသည်။





ဒေါက်တာသန်းထိုက်က ...

“အဲဒီနေ့က ရတီဦးကို လာထိတဲ့ မျက်နှာဖြူတစ္ဆေ လွင့်စင်သွားတာကတော့ ရတီဦး လည်ပင်းမှာချည်ထားတဲ့ ပရိတ်ကြိုးကြောင့်လို့ ထင်တယ် ... ပရိတ်ဆိုတဲ့ အမိပ္ပာယ်က အရံအတားပဲလေ ... တစ္ဆေသရဲတွေရဲ့ရန်က ဟန့်တားပေးလို့ အဲသလိုခေါ်တာထင်တယ်”

ဟု သူ နားလည်သလို ရှင်းပြ၏။ ရတီဦးက ...

“ကျွန်မကလည်း အဲဒါကြောင့်ပဲ ထင်တယ် ... ဒါကြောင့် စန္ဒီကို ကျေးဇူးတင်ပါတယ် ... ”

ဟု ပြောသည်။ စန္ဒီက ...

“နေဦး ... စန္ဒီ အခုမှ သတိရတယ် ... စန္ဒီ့မောင်ငေ ႏ ရာဇာပန်းချီတွေ ပြန်ရေးနေတယ် ... ဘာတွေမှန်းတော့ စန္ဒီလည်း မသိဘူး၊ ဒေါက်တာတို့ တွေ့ရင်တော့ သိမလား မသိဘူး ... စန္ဒီ သွားယူလိုက်ဦးမယ် ... ”

ဟု ဆိုကာ သူတို့ အခန်းဆီသို့ ထွက်သွားသည်။

စန္ဒီ ပြန်လာသောအခါ လက်ထဲတွင် ပန်းချီရေးထားသော စက္ကူလေးငါးရွက် ပါလာ၏။ ဒေါက်တာသန်းထိုက်က စိတ်ဝင်စားစွာ

“ကြည့်ရအောင် ... ဒါတွေက ကျွန်တော်တို့အတွက် အထောက်အကူဖြစ်နိုင်တယ် ... ”

ထိုပန်းချီကားများကို ကော်ဖီစားပွဲပေါ်တင်ကာ အားလုံး ဝိုင်းကြည့်ကြသည်။ ရတီဦးက စိတ်ဝင်စားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ... ဒါ ကျွန်မ ရောက်ခဲ့တဲ့နေရာပဲ ... ဒေါက်တာတို့ကို ပြောပြဖို့ မေ့နေတယ် ... ကျွန်မစိတ်တွေ ပို့လွင့်သွားတဲ့ အချိန်မှာ စတွေ့ရတာက ဟောဒီလို တောင်ကုန်းပေါ်က ဘုရားသုံးဆူပဲ ... "

ဟု ပြောလိုက်၏။ ဒေါက်တာသန်းထိုက်က ...

"သေချာတယ်နော် ရတီဦး ... "

"သေချာပါတယ် ဒေါက်တာ ... အခုလို ပြန်မြင်ရတော့ ကျွန်မ ကောင်းကောင်း မှတ်မိလာပါတယ်"

ဟု ဝန်ခံ၏။ ပြီးတော့ ...

"ကျွန်မက ဒီကိစ္စကို အရေးမကြီးဘူးထင်ပြီး ထည့်မပြောခဲ့တာ ... "

"ဘယ်နှယ့်ပြောလိုက်ပါလိမ့် ရတီဦး ... အရေးကြီးတာပေါ့၊ သိပ်အရေးကြီးတာပေါ့ ... ဒီအရေးပိုင်က မြင်းခြံဘက်မှာ အမှုထမ်းခဲ့တာဆိုတော့ အဲဒီ မြင်းခြံပတ်ဝန်းကျင် ရွာတွေမှာ ဒီလို ဘုရားသုံးဆူနဲ့ တောင်ကုန်းကို တွေ့အောင်ရှာနိုင်ရင် ကျွန်တော်တို့ ပျောက်ဆုံးနေတဲ့ မစ္စတာရောဘတ်ရဲ့ သင်္ချိုင်းကို ခြေရာခံနိုင်ပြီ ... "

ထိုစကားကို ကြားသောအခါ ကျော်လင်းသန့်က ...

"ဒါဆို ကျွန်တော် သိပြီ ... ကျွန်တော် အလုပ်ကိစ္စနဲ့ အဲဒီနယ်တွေဘက် ရောက်ဖူးတယ် ... အဲဒီမှာ ဘုရားသုံးဆူအမည်နဲ့ ရွာတစ်ရွာရှိတယ် ... ရွာနဲ့ မလှမ်းမကမ်းမှာ တောင်ကုန်းတစ်ကုန်းရှိပြီး ... အဲဒီတောင်ကုန်းပေါ်မှာ ဘုရားသုံးဆူရှိတာ အဝေးက ဖူးဖူးတယ်၊ အဲဒါကို အစွဲပြုပြီး အဲဒီရွာကို ဘုရားသုံးဆူရွာလို့ ခေါ်တာ ... "





ဟု ဝင်ကာ ရှင်းပြလိုက်၏။ ဒေါက်တာသန်းထိုက်အား ခင်သော အားရ ...

"ဒါဆို ဟန်ကျတာပဲ ... ခြေရာခံလို့ ရပြီ ... "

ဟု ဆိုသည်။ ပြီးတော့ ပန်းချီကားတစ်ချပ်ကို ဆွဲထုတ်ကာ

"ဒါကရော ... ဘာပင်ကြီးလဲ၊ သစ်တောထဲမှာ အပင်တွေ အများကြီး ပေါက်နေလျက်နဲ့ ဒီအပင်ကိုမှ ဘာကြောင့် တကူးတက ဆွဲရတာလဲ ... အပွင့်နီနီတွေလည်း ပွင့်နေတယ် ... ပြီးတော့ ဟောဒီမြေပေါ်က အခိုးအငွေ့တွေကရော ဒီနေရာမှာ မီးဖိုလည်း မရှိဘူး"

ထိုအခါ ရတီဦးက ...

"ဒါဟာ ကျွန်မ တွေ့ခဲ့ရတဲ့ အင်ကြင်းပင်ကြီးနဲ့ တူတယ် ... ကလေးက သူ ဆွဲတတ်သလို ဆွဲထားတာပဲ ... သေချာပါတယ်၊ ဒါဟာ အိပ်မက်ထဲက အင်ကြင်းပင်ကြီးပါ ... အဲဒီအပင်ကြီးကို တွေ့ပြီးမှ ကျွန်မလည်း တစ္ဆေနဲ့တွေ့တာ"

ဟု အားတက်သရော ပြောလိုက်၏။

ခန့်ဇော်ထင်က ...

"သေချာပြီ ... ဟောဒီ အခိုးအငွေ့တွေက မီးခိုးမဟုတ်ဘူးဗျ၊ တစ္ဆေတစ်ကောင်ရဲ့ ပိုးတဝါးရုပ်ပဲ ... ရာဇာကလေးက ... သူ့အာရုံထဲမှာ ပေါ်လာသလို ရေးလိုက်တာ ... ဒါကကော ဘာပုံလဲ ... မြတင်းပေါက်က လူတစ်ယောက် ... အောက်ကို ခေါက်ထိုးကျလာတဲ့ပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးပင် ထိုပုံကို အရေးတယူ လုပ်မနေတော့။ မစ္စတာရောဘတ်၏ သချိုင်းနေရာအား ခြေရာခံမိတာကိုပင် ကျေနပ်နေကြလေပြီ။

ဒေါက်တာသန်းထိုက်က ...

"မိတ်ဆွေတို့ စိတ်အေးအေးထားကြပါတော့ ... ဒီအတိုင်းဆို ဒီဇာတ်လမ်းဟာ ကန့်လန့်ကာ ချလို့ရပါပြီ ... ကျွန်တော်တို့ အဲဒီကို သွားကြတာပေါ့ ... သူ့သချိုင်းဟာ အရှာရ မခက်တော့ပါဘူး ..."

ထိုအခိုက်မှာပင် ဒေါက်တာသန်းထိုက်၏ လက်ကိုင်ဖုန်းက ရုတ်တရက် မြည်လာသဖြင့် ဖွင့်ကာ နားထောင်လိုက်ရသည်။ ဖုန်းနားထောင်နေသော ဒေါက်တာသန်းထိုက်၏ မျက်နှာမှာ ညှိုးငယ်စိတ်ပျက်ဟန်ပေါ်နေသဖြင့် ကျန်လူတွေက ဘာတွေဖြစ်ပျက်နေတာလဲဟု စိတ်ဝင်စားကြ၏။ ဒေါက်တာသန်းထိုက်၏ ပုဂ္ဂိုလ်ရေးရာကိစ္စတစ်ခုခု ဖြစ်ချင်ဖြစ်နေပေမည်။ အများနှင့် သက်ဆိုင်သောကိစ္စဆိုလျှင် ပြောလိမ့်မည်ဟု ယူဆကာ စောင့်ဆိုင်းနေကြ၏။

ဒေါက်တာသန်းထိုက်က ဖုန်းကို ပိတ်လိုက်ကာ စိတ်မကောင်းသော မျက်နှာဖြင့် အားလုံးကို ဖြကြည့်ရင်း ...

"စိတ်ရောဂါအထူးကုဆေးရုံက လာတာပါ ... ကိုအောင်ဗလ ဆုံးပြီတဲ့ ..."

ထိုစကားကြောင့် အားလုံး ဝမ်းနည်းထိတ်လန့်သွားကြသည်။ စဉ်းက ...





"ဘယ်လိုဖြစ်တာတဲ့လဲ ဒေါက်တာ ..."

"အပေါ်ထပ် ပြတင်းပေါက်ကနေ ခုန်ချလိုက်တာတဲ့ _"

---✤---



www.burmeseclassic.com

www.burmeseclassic.com



ခန့်ဇော်ထင်က ကားကိုမောင်းကာ ဒေါက်တာသန်းထိုက်နှင့် အတူ စိတ်ရောဂါအထူးကုဆေးရုံသို့ ထွက်လာခဲ့သည်။ ကျန်တဲ့သူတွေ က လိုက်ချင်ကြသော်လည်း စိတ်မကောင်းစရာသာ ဖြစ်သဖြင့် တမင် ချန်ထားခဲ့ခြင်း ဖြစ်သည်။

ကိုအောင်ဗလသည် အစောင့်များအလစ်တွင် ပြတင်းပေါက် ပေါင်ပေါ် တက်ရပ်ကာ ခုန်ချသွားခြင်းဖြစ်သည်ဆို၏။ ကိုအောင်ဗလ အလောင်းကို သူတို့နှစ်ယောက်ကို ပြသသည်။ တာဝန်ကျ ဆရာဝန် ကြီးက ...

"ဒါမျိုး ဖြစ်တတ်ပါတယ် ... ဒီလို ဖြစ်တဲ့အတွက် ကျွန်တော်တို့ လည်း စိတ်မကောင်းပါဘူး ... "

ဟု တောင်းပန်နေ၏။ ခန့်ဇော်ထင်တို့နှစ်ယောက်က ဆရာဝန်





ကြီးစကားထက် စိတ်ဝင်စားနေသောအရာရှိသည်။ ထိုအရာကား သေ ဆုံးသူ အောင်ဗလ၏ ညာဘက်လက်ဖျံတွင် ထင်ကျန်ရစ်နေသော နီရဲ သည့် လက်ဖဝါးရာ တစ်ခုကိုသာဖြစ်သည်။

"သူ မသေခင်က ဘာထူးခြားသေးသလဲ ဒေါက်တာ ... "

ဟု ဒေါက်တာသန်းထိုက်က မေးသောအခါ ဆရာဝန်ကြီးက

"သူနဲ့ပတ်သက်တဲ့အစောင့်တွေက ပြောတော့ သူ့ကို မြင်ရတာ နေ့ရော ညရော တစ်ခုခုကို အလွန်အမင်း ကြောက်ရွံ့နေပုံပဲတဲ့ ... "

ဟု ဖြေ၏။

အပြန်လမ်းတစ်လျှောက်တွင် နှစ်ယောက်လုံး စကားမပြော နိုင်ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်သက်လာကြသည်။ သူတို့နှစ်ယောက် လုံးကပင် အောင်ဗလ သေဆုံးခြင်းမှာ သွေးရိုးသားရိုး မဟုတ်ကြောင်း သိထားမိနေကြသည်။ ဒေါက်တာသန်းထိုက်က ခန့်ဇော်ထင် စိတ်လှုပ် ရှားနေတာကို ရိပ်စားမိဟန်ဖြင့် ...

"မင်း ကားမမောင်းနဲ့ ... ငါ မောင်းမယ် ... "

ဟု ပြောသဖြင့် ခန့်ဇော်ထင်က ကားသော့ကို ကမ်းပေးလိုက် သည်။ ဒီကိစ္စကို အိမ်ကလူတွေကို ပြန်ပြောသင့် မပြောသင့် ခန့်ဇော် ထင်က စဉ်းစားနေသည်။ ပြောပြလိုက်လျှင် ... သူတို့ ထိတ်လန့်တုန် လှုပ်သွားလေမလား။ စိတ်ဒုက္ခကိုတော့ မပေးချင်။ ဒီမျက်နှာဖြူသရဲ ကြီး ပြုံးဟပ်မှုပုံကတော့ ကမ်းကုန်နေပြီ ထင်ပါသည်။

ဒေါက်တာသန်းထိုက်သည် ကားကို ဂရုတစိုက် မောင်းလာ ခဲ့သူဘေးတွင် ငြိမ်သက်စွာ ထိုင်နေသော ခန့်ဇော်ထင်ကို စောင်းငဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ခန့်ဇော်ထင်သည် လူငယ်ပီပီ အတော်ပင် စိတ်လှုပ်ရှားနေပုံရ၏။ ဒါကြောင့် သူက ကားကို သူ မောင်းမည်ဟု ပြောခဲ့ခြင်းဖြစ်သည် ...။ စိတ်လှုပ်ရှားနေခိုက် ကားမမောင်းသင့်။ မောင်းပါက အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်တတ်သည်။

တကယ်တော့ ... အတော်အတန် တည်ငြိမ်ပါသည်ဆိုသည့် ဒေါက်တာသန်းထိုက်ကိုယ်တိုင်ပင် အောင်ဗလ သေဆုံးခြင်းနှင့်ပတ်သက်၍ သိသိသာသာ စိတ်လှုပ်ရှားမိကြောင်း ဝန်ခံရပေမည်။ တကယ်တော့ အောင်ဗလသည် သူ ယုံကြည်ရသော တပည့်ရင်းတစ်ဦး ဖြစ်သည်။ သူ့ကိုလည်း တွယ်တာရှိသေးသည်။ အရင်ကလည်း ဒီလို လိပ်ပြာဝင်သောအလုပ်တွေ သူ စမ်းသပ်ခဲ့ဖူးသည်။ ပြဿနာ မရှိ။ ယခုအခါကျမှသာ ...

တမလွန်က တပည့်က မိမိကို ခွင့်လွှတ်မည်ဟု ယုံကြည်ရပေသည်။ သူ ကားမောင်းရင်း ရုတ်တရက် စိတ်ပုံ့လွင့်သွားသည်။ သူ့အာရုံကို ကားမောင်းနေရာရောက်အောင် ပြန်လည်စုစည်းလိုက်သည်။ သူ့အာရုံက ကားဆီ ပြန်ရောက်လာခိုက်မှာပင် လမ်းဘေးမှ လူတစ်ယောက်က မဆင်မခြင် သူ့ကားရှေ့မှ ရုတ်တရက် လမ်းဖြတ်ကူးလိုက်သည်ကို တွေ့လိုက်ရ၏။

ထိုသူက အရပ်ရှည်လျားလှကာ ကုတ်အင်္ကျီအနက်နှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားသည်။ ပြီးတော့ ခေါင်းတွင် ဦးထုပ်အနက်တစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။ သူ ဘရိတ်ကို နင်းလိုက်လျှင်လည်း မီတော့မည် မဟုတ်။ သိပ်နီးကပ်လွန်းနေရာ ဝင်တိုက်မိ





မည်မှာ သေချာလှသည်။ ထိုအခိုက်မှာပင် လမ်းဖြတ်နေသူက သူ့ဘက်ကို လှည့်ကြည့်လိုက်၏။

ထိုမျက်နှာကို မြင်သောအခါ သူ လန့်ဖျပ်သွားသည်။ မျက်နှာတွင် ဟက်တက်ကွဲနေသော သွေးသံရဲရဲဒဏ်ရာနှင့် နှာခေါင်းချွန်ချွန် တစ္ဆေကြီး၏ မျက်နှာဖြစ်နေသောကြောင့် ဖြစ်သည်။ သူ့ကားက ထိုတစ္ဆေကြီးကို တိုက်ရာ မီးခိုးငွေ့တွေကို တိုက်လိုက်ရသလို တစ္ဆေကြီးကို ထွင်းဖောက်သွား၏။ သူ ဘရိတ်အုပ်ဖို့ မေ့နေသည်။ ကားလက်ကိုင်ဘီးကိုလည်း မထိန်းချုပ်နိုင်တော့။ ကားက လမ်းဘေးရှိ ညောင်ပင်ကြီးကို အရှိန်ဖြင့် ဝင်ဆောင့်ပြီးမှသာ ရပ်တန့်သွားလေတော့သည်။

---- ✣ ----



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအင်ကြင်းပင်ကြီးတစ်ပိုက်ဟာ သရဲအင်မတန် ခြောက်တယ်။ အဲဒီ နားရောက်သွားတဲ့သူမှန်သမျှ အခြောက်မခံရတဲ့သူ မရှိဘူး။ ဒါကြောင့် နေ့ခင်းကြောင်တောင်တောင် အဝေးကြီးက ရှောင်ကွင်းသွားကြတယ်။

(၁၃) ဝိညာဉ်ဖြုတ်စစ်ဆင်ရေး



www.burmeseclassic.com

www.burmeseclassic.com



# (၁၃) ဝိညာဉ်ဖြုတ်စစ်ဆင်ရေး

ရွှေမိုးဆောင်း ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ဇော်ထင်တို့ ကားတိုက်မှုဖြစ်လို့ ... "

ဟု ရတီဦးက လာပြောသောအခါ စန္ဒီသည် လက်ကကြမ်းတမ်း လက်စ စာအုပ်ပင် လွတ်ကျသွားအောင် အထိတ်တလန့်ဖြစ်သွားခဲ့ ... နင်တို့ လေသည်။ ကိုအောင်ဇလ ဆေးရုံအပေါ်ထပ်ပြတင်းမှာပဲ"

ကာ သေဆုံးသွားပြီဆိုသော သတင်းကြောင့် စိတ်ထိခိုက်သည်ဟု တွေးမိ ထိုသတင်းကို ကြားရသောအခါ နှလုံးတုန်ရင်ခုန်ဖြန်းထိုက်က ... ထို့ကြောင့် စိုးရိမ်တကြီး ...                                                                                    ဝါတို့ ကတိတစ်ခု

"ကိုခန့်ဇော်ထင် ဘာဖြစ်သွားလဲဟင် ... "

ဟု ရေးကြီးသုတ်ပြာ မေးလိုက်မိပြီးမှ သူ့အမူအရာ အနည်း ငယ် ပိုနေလေသလားဟု တွေးကာ ရှက်စိတ်ဝင်သွား၏။ သေးမတော် သားမတော် လူပျိုတစ်ဦးအတွက် သူမ ဤမျှ ပူပန်ပြခြင်းမှာ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် လွန်ကဲနေလေသလား။ သို့သော် ဤအဖြစ်ကို ရတီဦးက ရိပ်စား မိဟန်မတူ။

"သူ ကြီးကြီးကျယ်ကျယ်တော့ ထိခိုက်မိဟန် မတူဘူး ... ခုန ဆေးရုံကနေ သူကိုယ်တိုင် ဖုန်းပြောနေတာပဲ ... ဒေါက်တာသန်းထိုက် ကတော့ ဆေးရုံတက်ရလိမ့်မယ်တဲ့ ... "

"ဘယ်လိုဖြစ်တာလဲ ... "

"အပြန်လမ်းမှာ ဖြစ်တာ၊ ကားမောင်းလာတာက ဒေါက်တာ သန်းထိုက်တဲ့ ... သူက သရဲကိုမြင်ပြီး လမ်းဘေးက ညောင်ပင်ကို ဝင်တိုက်မိသတဲ့ ... တို့လင်မယား ဆေးရုံလိုက်သွားမလို့ ... စန္ဒီရော ...မလား"

...စ်ခါ မခေါ်ရပေ။

...ခြေအနေ သိရအောင် လိုက်ခဲ့မယ်လေ ... အိမ်မှာ လူမရှိ ...ဝင်လေးပါ ခေါ်ခဲ့မလား ... "

...ါန်မြန်ပင် အဝတ်အစားလဲကာ ရာဇာကိုခေါ်၍ ကျော် ...ိုင့် ဆေးရုံကို ထွက်ခဲ့ကြလေသည်။ ဆေးရုံတွင် ခေါင်း ...းသော်လည်း ခန့်ဇော်ထင်ကို လန်းလန်းဆန်းဆန်း ...ျာလင်းသန့်က ...

ဒေါက်တာအခြေအနေ ဘယ်လိုလဲ ... "

"မစိုးရိမ်ရပါဘူး ... ခြေထောက်ကျိုးသွားတော့ ဆေးရုံမှာ လေးငါးရက် နေရဦးမယ်"

ဟု ပြောကာ ခန့်ဇော်ထင်က ဒေါက်တာ့အခန်းကို ခေါ်သွား





သည်။ ဒေါက်တာသန်းထိုက်သည် ခုတင်ပေါ်တွင် ထိုင်ကာ သူတို့ကို ပြုံးပြုံးရွှင်ရွှင် ညှိခံ၏။

"ဟာ ... အားလုံး ရောက်လာကြပါလား ... ကိုယ့်အခြေအနေ က ဒီလောက် မဆိုးပါဘူး ... "

"ကျွန်မတို့က ကြားတော့ စိတ်ပူသွားတာပေါ့ ဒေါက်တာ"

ဟု ရတီဦးက ပြောလိုက်သည်။ သူတို့အားလုံးပင် ဒေါက်တာ သန်းထိုက်ကို အစ်ကိုကြီးတစ်ယောက်လို ခင်တွယ်နေကြသည်။

"ငါ့အတွက် စိတ်မပူနဲ့ ... ငါကသာ နင်တို့အတွက် ပြန်စိတ်ပူ နေရတာ ... "

"ဘာဖြစ်လို့လဲ ဒေါက်တာ ... "

"ဘာဖြစ်ရမှာလဲ ... ဒီနာရီသရဲဟာ တစထက်တစ ကြမ်းတမ်း လာတယ် ... အခုအတိုင်းလည်း ကျေနပ်ဦးမှာ မဟုတ်ဘူး ... နင်တို့ အုပ်စုကို တစ်ယောက်ပြီးတစ်ယောက် ဒုက္ခပေးနေဦးမှာပဲ"

ဒေါက်တာသန်းထိုက် စကားမှာ အမှန်ပင်ဖြစ်သည်မှာ တွေးမိ ပြီး ရတီဦး ကြက်သီးထသွား၏။ ဒေါက်တာသန်းထိုက်က ...

"အခုလို မင်းတို့ စုံစုံညီညီ ရောက်ရှိနေတုန်း ငါ့ကို ကတိတစ်ခု ပေးကြပါ ... "

"ဘယ်လိုကတိလဲ ဒေါက်တာ ... "

ကျော်လင်းသန့်က မေးလိုက်၏။

"ဒီနာရီသရဲကိစ္စတွေ ပြီးပြောက်အောင် ဆောင်ရွက်ဖို့ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာပြောတာက ဒီကိစ္စကို ကျွန်တော်တို့ချည်း ဆောင်ရွက်ရမယ်လို့ ဆိုလိုတာလား ..."

"ဒါပေါ့ ... ကျုပ်က အိပ်ရာပေါ်မှာလဲနေပြီ ... မင်းတို့နဲ့အတူလိုက်မှ မလိုက်နိုင်တော့တာ ... အဲဒီတော့ ဘုရားသုံးဆူအနီး သစ်တောထဲက မစ္စတာရောဘတ်ရဲ့ သင်္ချိုင်းကို မင်းတို့ဘာသာ သွားရှာကြပေတော့ ... မင်းတို့ဟာ အစွမ်းအစရှိတဲ့ လူငယ်တွေ ... ဖြစ်အောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ် ..."

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ဒေါက်တာသန်းထိုက်၏ စကားတွေက အမှန်ပင်ဖြစ်သည်။ ဤအတိုင်းစောင့်ဆိုင်းနေမည်ဆိုလျှင် ... မကြာခင် သူတို့အထဲမှ တစ်ယောက်ယောက်၏ အလှည့် ကျရောက်လာပေလိမ့်မည်။ စန္ဒီက ...

"ခက်တာက မောင်လေးက ငယ်သေးတယ် ... သူ့ကို ထားခဲ့ဖို့လည်း နေရာမရှိဘူး ... ခေါ်လည်း မသွားချင်ဘူး"

ဟု ဆိုလိုက်၏။ ဒေါက်တာသန်းထိုက်က ...

"အင်းစိန်မှာ ... ကျုပ်အစ်ကို သင်းအုပ်ဆရာတစ်ယောက် ရှိတယ် ... သူ့ကျောင်းမှာ အပ်ခဲ့ပါ ... သူက ကလေးလည်း ချစ်တတ်တယ်"

ဟု စီစဉ်ပေး၏။ ရာဇာကလေးကလည်း သူ မနေဘူးသော ဘုရားရှိခိုးကျောင်းတွင် နေရမည်ဆိုသဖြင့် ဝမ်းသာသွား၏။ ရတီဦးက ဒေါက်တာအား ...

"ဒေါက်တာက ခရစ်ယာန်လား ..."





"မဟုတ်ပါဘူး ..."

"ဗုဒ္ဓဘာသာလား ..."

"ဒါလည်း မဟုတ်ဘူး ... ဘာသာရေးနဲ့ ပတ်သက်လို့ လေ့လာဆဲပဲ ဆိုပါတော့ ..."

ခန့်ဇော်ထင်က ပခုံးတွန့်လိုက်သည်။ ဒီလူကြီးစရိုက်က ခပ်ဆန်းဆန်း ဖြစ်၏။ ဒေါက်တာသန်းထိုက်က သူ့ဘက်လှည့်ကာ ...

"ခန့်ဇော်ထင် ... ဒီအုပ်စုကို မင်းက ခေါင်းဆောင်ရမယ်၊ မင်းရဲ့ သတ္တိနဲ့ စွမ်းရည်ကို ငါ ယုံကြည်တယ် ... ဒါကို အော်ပရေးရှင်းတစ်ခုလို ဆောင်ရွက်ကြ ..."

"စစ်ဆင်ရေးပေါ့နော် ... ဟုတ်လား ဒေါက်တာ ..."

စန္ဒီက သဘောကျစွာ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် ... အဲဒီ စစ်ဆင်ရေးကို နာမည်ပေးရရင် ဝိညာဉ်ဖြုတ်စစ်ဆင်ရေးပေါ့ ..."

----✣----



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံသို့ သူတို့လေးဦးသည် ကျော်လင်းသန့်ကားဖြင့်ပင် ထွက်ခွာလာခဲ့ကြသည်။ ခန့်ဇော်ထင်ကားမှာ ကားတိုက်မှုကြောင့် ပျက်စီးသွားသဖြင့် ဝပ်ရှော့ကို ပို့ထားရ၏။ မြင်းခြံမြို့အနီးတစ်ဝိုက် ဒေသများမှာ ကျော်လင်းသန့် စီးပွားရေးကိစ္စဖြင့် မကြာခဏ ရောက်နေကျဖြစ်သဖြင့် သူတို့အားလုံးအတွက် အဆင်ပြေနေလေသည်။

သူတို့ခရီးသည် အေးအေးလူလူပင်ဖြစ်ရာ လမ်းခရီးတွင်ရပ်နားချင်ရာ၌ ရပ်နားကာ စားချင်ရာကို စားဖြင့် ပျော်ပွဲစားထွက်လာသလို ဖြစ်၏။ သူတို့လေးယောက်ကို မြင်တွေ့သူတွေကလည်း လိုက်ဖက်ညီသော စုံတွဲနှစ်တွဲဟု ထင်မြင်နေကြပုံရရာ မိန်းကလေးဖြစ်သည့် စန္ဒီမှာ တစ်ခါတစ်ရံ ရှက်ကိုးရှက်ကန်း အနေခက်နေရလေသည်။

ဘုရားသုံးဆူတောင်ခြေတွင်ရှိသော ဘုရားသုံးဆူရွာသို့ သူတို့





ညနေစောင်းတွင် ရောက်ရှိသွားသည်။ မော်တော်ကားလမ်းက ဤတွင် ဆုံးနေလေပြီ။ ရှေ့ဆက်သွားကြမည်ဆိုလျှင် သူတို့သည် ခြေလျင်ခရီးသာ သွားကြရပေမည်။ ရွာလူကြီးဖြစ်သူက သူတို့ကို ကူညီ၏။ အမည်မှာ ဦးဘတူ ဟုခေါ်ကာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိကာ သဘောကောင်းသူဖြစ်၏။

"ငါ့အိမ်က နှစ်ထပ်အိမ်အကျယ်ကြီးပဲ ... ငါ့အိမ်မှာပဲ တည်းပေါ့။ မနက်မှ မင်းတို့ သွားချင်တဲ့ဆီကို သွား ... ဒီအိမ်မှာက ငါနဲ့ ငါ့တပည့် ထွန်းစန်းပဲ ... နှစ်ယောက်တည်းနေတာ"

ဆိုသဖြင့် သူတို့ အဆင်ပြေသွား၏။ ဤလိုနေရာမျိုးတွင် တည်းခိုခန်းရှိသည်မဟုတ်။ ညအိပ်တည်းခိုနေထိုင်ရန် ခက်ခဲ၏။ ထွန်းစန်းဆိုသော အရပ်ပုပု နဖူးပြောင်ပြောင်နှင့်လူငယ်မှာ ဖင်ပေါ့သူဖြစ်ကာ သူတို့နေဖို့ထိုင်ဖို့ အိမ်ပေါ်ထပ်တွင် စီစဉ်ပေး၏။ ညစာစားဖို့ကို ပဲဟင်းတစ်ခွက်ချက်ကာ မှုစ်ကြော်ပေး၏။ ငရုတ်သီးထောင်း တစ်ခွက်လည်း ပါသေးရာ သက်သတ်လွတ်ဆိုသော်လည်း ခံတွင်းမြိန်လှလေသည်။

ညစာ စားပြီးသောအခါ သူတို့က ထွန်းစန်းကို ရေနွေးအိုးတည်ခိုင်းကာ ရန်ကုန်က ယူဆောင်လာသော ကော်ဖီမစ်အထုပ်တွေကို ဖျော်သောက်ကြသည်။ ထွန်းစန်းမှာ မသောက်စဘူး အရာတွေကို သောက်စားနေရသဖြင့် သဘောအကျကြီး ကျနေ၏။ ခန့်ဇော်ထင်က ပါလာသော ကိတ်မုန့်များကို ချကျွေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို အကူအညီတောင်းစရာရှိတယ် ... ဒီနေရာ ဒေသ တစ်ဝိုက်ကို ခင်ဗျား တော်တော်ကျွမ်းကျင်သလား"

ဟု မေးလိုက်၏။ ထွန်းစန်းက ...

"ကျွန်တော်က ဒီရွာမှာ မွေးလာတာပါ ဆရာလေးတို့ရယ် ... ဒီရွာနဲ့ ဒီတောဒီတောင်အကြောင်းကတော့ အပ်ကျတာကအစ သိတယ် ... "

"ဟုတ်ပြီ ... ဘုရားသုံးဆူတောင်ဆိုတာ ... "

"ဒါကတော့ လူတိုင်းသိတဲ့နေရာပဲ ... ဒီကနေ သိပ်မလှမ်းဘူး ... မနက်ကျတော့ ဆရာလေးတို့ သွားချင်ရင် ကျွန်တော် လိုက်ပို့မယ်"

"အဲဒီနားမှာ တောအုပ်ရှိသလား ... "

"ရှိပါ့ ဆရာလေးရယ် ... ကျွန်တော်တို့ ရွာကလူတွေက ဒီတောပဲ အားကိုးနေကြရတာ ... ထင်းလည်း ရတယ် ... အသီးအရွက် စားသောက်စရာရတယ်၊ တောကောင်သေးသေးလေးတွေလည်း ဟင်းစားရတယ် ... ဝါး ရတယ် ... မျှစ်ရတယ် ... "

"ဟုတ်ပြီ ... အဲဒီတောထဲ ကျွန်တော်တို့ သွားချင်လို့ ... "

"သွားချင်ရင် ကျွန်တော် လိုက်ပို့မှာပေါ့ ... ဆရာလေးတို့က ဒီတောထဲ ဘာဝင်လုပ်မှာလဲ ... အမဲပစ်ဖို့တော့ မဟုတ်လောက်ဘူး။ စားတာတောင် သက်သတ်လွတ် စားကြတဲ့သူတွေပဲ ... ကဲ ... ပြော ဘာလုပ်ဖို့လဲ ... "





"ကျွန်တော်တို့ အင်ကြင်းပင်ကြီးတစ်ဝိုက်ကို ရှာတော့ ... အပင်ကြီးက တော်တော်ကြီးတယ် ... "

ထိုစကား ကြားရသည်နှင့် ပါးစပ်ထဲတွင် ကိုက်ထားသော ကိတ်မုန့် ပြုတ်ကျသွားကာ ...

"အင်ကြင်းပင်ကြီး ဟုတ်လား ... "

"ဟုတ်တယ်လေ ... ခင်ဗျားက ဘာဖြစ်သွားရတာလဲ"

ထွန်းစန်းက သက်ပြင်းချလိုက်ကာ ...

"ဆရာလေးတို့က ဧည့်သည်တွေဆိုတော့ အကြောင်းမသိကြသေးဘူး ထင်တယ် ... ဒီ ရွာနီးချုပ်စပ်ကလူတွေကတော့ တောထဲဝင်ကြတယ်ဆိုတာတောင် အဲဒီအင်ကြင်းပင်ကြီးတစ်ဝိုက်ကိုတော့ ဝေးဝေးက ရှောင်ကြတယ် ... "

ထိုစကားကို အားလုံးက စိတ်ဝင်စားကြသည်။ စန္ဒီက ...

"ဘာဖြစ်လို့လဲဟင် ကိုထွန်းစန်း ... "

"ဘာဖြစ်ရမှာလဲဗျာ ... အဲဒီ အင်ကြင်းပင်ကြီးတစ်ဝိုက်ဟာ သရဲ အင်မတန်ခြောက်တာပဲ၊ အဲဒီနား ရောက်သွားတဲ့သူ မှန်သမျှ အခြောက်မခံရတဲ့သူ မရှိဘူး ... ဒါကြောင့် နေ့ခင်းကြောင်တောင် တောင် အဝေးကြီးက ရှောင်ရှားသွားကြတယ် ... "

ဤစကားက သူတို့၏ ထင်မြင်ယူဆချက်ကို ခိုင်မာစေသည်။ ဤနေရာတစ်ဝိုက်တွင် မစ္ဆတာရောဘတ် မြေပုံရှိမှာ သေချာသည်။

ရတီဦးက ဝင်ကာ စပ်စုလိုက်၏။

"သရဲက ဘယ်လိုပုံစံလဲဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တစ္ဆေသရဲဆို အင်မတန်ကြောက်တတ်တယ်၊ ဒါကြောင့် အဲဒီလို သတင်းတွေကြားကတည်းက အင်ကြင်းပင်ကြီးကို လှမ်းမြင်ရတဲ့နေရာတောင် မသွားတော့ဘူး ... ဒါကြောင့် မှန်တဲ့အတိုင်း ပြောရရင် ကျွန်တော် မမြင်ဖူးဘူး ..."

"မြင်ဖူးတဲ့သူတွေ အပြောကရော ..."

"အခြောက်ခံရတဲ့သူတွေ ပြောတာကတော့ ... အရပ်ကြီးက အမြင့်ကြီးတဲ့ ... တစ်ကိုယ်လုံးအနက်တဲ့ ... မျက်လုံးကြီးက နီရဲနေတာပဲတဲ့၊ တကယ်တော့လည်း သရဲခြောက်တယ်ဆိုတာ သိတာနဲ့ ထွက်ပြေးကြတော့တာပေါ့ မမလေး ... ဘယ်သူက သေသေချာချာ ကြည့်ရဲမလဲ ... သရဲရုပ်ရည်လည်း ဘယ်သူက မှတ်မိမှာလဲ ..."

ထွန်းစန်းစကားက ရယ်စရာပင်ဖြစ်သည်။ သို့သော် ဟုတ်မှန်၍လည်း နေပြန်၏။ ခန့်ဇော်ထင်က ...

"ခင်ဗျားကို အကူအညီတစ်ခု တောင်းချင်တယ် ..."

"ပြောပါ ... ကျွန်တော် ဘာအကူအညီ ပေးရမလဲ ..."

"ကျွန်တော်တို့ကို မနက်ဖြန်ကျရင် အဲဒီအင်ကြင်းပင်ကြီးဆီ လိုက်ပို့ပေးစမ်းပါ ..."

"ဗျာ ..."

ထွန်းစန်းမှာ လန့်ဖျပ်သွားကာ ထိုင်ရာမှ ထပြေးတော့မည့်ဟန်ဖြင့် ...

"ဒီမယ် ... ကျွန်တော့်ကိုချစ်ရင် အဲသလိုတော့ မကျီစယ်နဲ့ဗျာ၊





သရဲကြောက်တတ်တယ်လို့လည်း ကျွန်တော် ပြောထားရဲ့သားနဲ့ ... ဒါတော့ မဖြစ်နိုင်ဘူး ... လုံးဝ မဖြစ်နိုင်ဘူး ..."

ဟု ခါးခါးသီးသီး ငြင်းနေလေသည်။ ကျော်လင်းသန့်က

"ကျွန်တော်တို့ ခင်ဗျားကို ငါးထောင်ပေးမယ်ဗျာ ..."

"ဟာ ... ငါးထောင်လည်း မဖြစ်ဘူး ..."

"တစ်သောင်းပေးမယ်ဗျာ ..."

"တစ်သောင်း ... အင်း ... လိုတော့ လိုချင်သား ... ဒါပေမဲ့ သရဲကို ပိုကြောက်တယ် ..."

ထိုအခါ ခန့်ဇော်ထင်က ...

"ဒီလိုလုပ်လေ ... ခင်ဗျားအနေနဲ့ အဲဒီနားအထိ လိုက်ပို့ဖို့ မလိုဘူး ... အင်ကြင်းပင်ကြီးကို လှမ်းမြင်နိုင်တဲ့နေရာလောက် ရောက်ရင် ကျွန်တော်တို့ကို လက်ညှိုးထိုးပြပြီး ပြန်နိုင်ပြီ ..."

"တကယ်နော် ..."

"တကယ်ပေါ့ ..."

"ခင်ဗျားတို့ တကယ် တစ်သောင်းပေးမှာလား ..."

"ပေးမှာပေါ့ ..."

ထွန်းစန်းမှာ ငွေမျက်နှာကြောင့် ခပ်ရွံ့ရွံ့ဖြင့်ပင် လက်ခံလိုက်လေတော့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားချက်မှာ ...

သူတို့ မွေးဖွားသည့် သားကလေးမှာ သူတို့နှစ်ဦးလုံးနှင့် လုံးဝမတူဘဲ ဆံပင်ဖြူဖြူ၊ မျက်လုံးပြာပြာနှင့် အနောက်တိုင်းသားပုံစံ ပေါက်နေခြင်းပင် ဖြစ်လေသည်။

## (၁၄) နိဂုံးတစ်ခု၏ နိဒါန်းသစ်



www.burmeseclassic.com

www.burmeseclassic.com



# (၁၄) နိဂုံးတစ်ခု၏ နိဒါန်းသစ်

ရွှေမိုးဆောင်း စာပေ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

နောက်တစ်နေ့မနက်စောစောပင် သူတို့ ရွာမှ ထွက်[illegible] သည်။ နာရီဝက်သာသာခန့် လျှောက်မိသောအခါ ဘုရား[illegible] ကုန်းသို့ ရောက်ရှိသွားသည်။ တောင်ကုန်းမှာ သိပ်မမြင့်[illegible] မြေလှေကားထစ်များ ပြုလုပ်ထားသဖြင့် တက်သွား[illegible] ကူလေသည်။ ရင်ပြင်တော်မှာ သိပ်မကျယ်ဝန်းသော်[illegible] သပ်သပ် ရှိသည်။ စေတီသုံးဆူလုံးမှာ အရွယ်တူ အလုံး[illegible] အစား ကျနပြေပြစ်ရာ ထုံးဖြူပင် သုတ်ထားသော်လည်း [illegible] ညိုစရာ ဖြစ်၍နေ၏။

သူတို့လေးဦးလုံး ဘုရားကို ရှိရှိသေသေ [illegible] အမှုအတန်းဝေကြသည်။ သူတို့ လာသည်မှာ ဘယ်[illegible] ဖို့ မဟုတ်ကြောင်း တိုင်တည်ကြခြင်းဖြစ်သည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သုံးဆူတောင်ကုန်းမှ အရှေ့စူးစူးတွင်ရှိသော တောအုပ်သို့ ထွက်ခဲ့ကြသည်။ တောအုပ်သည် ဘုရားသုံးဆူရှိရာ တောင်ကုန်းနှင့် မလှမ်းလှ။ မကြာခင် တောစပ်ရောက်ရှိသွားသည်။ နေထွက်ပြုစ ပြုပြီဖြစ်သော်လည်း တောအုပ်ထဲ ဝင်လိုက်သည်နှင့် သစ်ရိပ်ဖြင့် အေးမြ၍ သွားသည်။

အမျိုးအမည်မသိသော ငှက်ကလေးတွေ၏ စိုးစိုးစီစီ အော်မြည်သံကို ကြားနေရသည်။ ကြည်နူးစရာဖြစ်သည်။ လူသွားလမ်း ဖုန်ဖုန်ကလေး ဘေးတစ်ဘက်တစ်ချက်စီတွင် အလေ့ကျ ပန်းကလေးများ ရောင်စုံပွင့်နေသည်မှာ လှပလွန်းလှရာ တောထဲတောင်ထဲ မရောက်ဘူးသည့် မိန်းကလေးနှစ်ဦးမှာ လာရင်းကိစ္စကိုပင် မေ့လျော့ကာ ပျော်ရွှင်သလို ဖြစ်၍နေလေသည်။

တောထဲက လမ်းကလေးမှာ ကြာလေ ကျဉ်းမြောင်းလေဖြစ်၍လာကာ ဝဲယာတို့ ပေါက်ရောက်နေသည့် ချုံနွယ်များကို တိုးဝှေ့သွားလာနေရလေသည်။ ဆက်သွားရန် ခက်ခဲသော နေရာအရောက်တွင် ထွန်းစန်းက ရပ်ပစ်လိုက်ကာ ...

"ဆရာလေးတို့ ... အဲဒီကနေ ရှေ့ဆက်သွားရင် ဆရာလေးတို့ ရှာနေတဲ့ အင်ကြင်းပင်ကြီးရှိတဲ့နေရာကို ရောက်ပါပြီ ... ကျွန်တော်ကတော့ ဒီကပဲ လှည့်ပြန်တော့မယ်နော် ... ဘုရားသုံးဆူတောင်ကုန်းပေါ်ကနေ ဆရာလေးတို့ ပြန်အလာကို ကျွန်တော် စောင့်နေမယ်"

ဟု သုတ်သုတ်ပြောကာ နောက်ကြောင်းပြန်ပြေးလေသည်။ စန္ဒီက ...





"ရှေ့မှာ လမ်းလည်း မရှိဘူး ... ဘယ်လိုလုပ် သွားမလဲ"

ဟု မေး၏။ ခန့်ဇော်ထင်က ...

"လူတွေ အသုံးမပြုတာကြာလို့ ချုံနွယ်တွေ ပိတ်ဖုံးသွားတာပဲ။ ကိုယ်တို့ ဒီလိုပဲ ရှင်းလင်းသွားကြတာပေါ့ ... "

ခန့်ဇော်ထင်နှင့် ကျော်လင်းသန့် လက်ထဲတွင် ရွာက ယူလာသော ဂေါ်ပြားနှစ်လက်ကို ကိုယ်စီကိုင်ဆောင်ထားကြရာ ထိုဂေါ်ပြားများဖြင့် ခြုံနွယ်များကို ရှင်းလင်းရိုက်ဖယ်၍ လမ်းထွင်ကာ သွားလာခဲ့ကြလေသည်။ သိပ်မသွားလိုက်ရ ... ရတီဦးက ...

"ဟောဟိုမှာ အင်ကြင်းပင်ကြီး ... ကျွန်မ အိပ်မက်ထဲမှာ မြင်ခဲ့ရတဲ့ အတိုင်းပဲ ... "

ဟု လက်ညှိုးထိုးကာ ညွှန်ပြလိုက်သည်။ သူ ညွှန်ပြရာနေရာတွင် တကယ်ပင် ကြီးမားသော အင်ကြင်းပင်ကြီးတစ်ပင် ရှိလေသည်။ သူတို့ အားတက်ကာ ထိုနေရာသို့ ခပ်သွက်သွက် တိုးလာခဲ့ကြသည်။ သူတို့အားလုံးပင် စိတ်အားတက်ကြွစွာဖြင့် လန်းဆန်းနေကြသည်။ မကြာမီမှာပင် အင်ကြင်းပင်ကြီး၏ အောက်သို့ ရောက်ရှိသွားကြရာ မြေတွင် ကြွေကျနေသည့် အင်ကြင်းပန်းတို့ကို ဖြန့်ဖြန့်ကြဲကြဲ မြင်လိုက်ရလေသည်။ ကျော်လင်းသန့်က ...

"အင်ကြင်းပင် တွေ့ရုံနဲ့ မပြီးသေးဘူး ... မစ္စတာရောဘတ်ရဲ့ သချိုင်းကို ရှာကြရမှာ ... သချိုင်းက ဘယ်မှာလဲ"

ထိုအခိုက်မှာပင် နာရီသံ တစ်ချက်ချက်ကို ပီပီသသ ကြားလာရ၏။ ခန့်ဇော်ထင်က သူ့အိတ်ထဲမှ အိတ်ဆောင်နာရီကို ဆွဲထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။ မှန်သည်။ အံ့ဩဖွယ်ရာပင် ထိုနာရီပျက်ကြီးက ရုတ်တရက် စက်သံမြည်လာခြင်း ဖြစ်၏။ ရတီဦးက ...

"ဒီနာရီအပျက်ကြီးက စက်သွားနေတယ် ဟုတ်လား"

ဟု တအံ့တဩ ရေရွတ်လိုက်၏။ ထိုအခိုက်မှာပင် သူတို့ ပတ်ဝန်းကျင်တစ်ဝိုက်တွင် မြူငွေ့လိုလို မီးခိုးလိုလို အရာတွေက တဖြည်းဖြည်း ရစ်ဝိုင်းသိုင်းခြုံလာ၏။ စန္ဒီက ...

"ဒါ ... ဘာတွေလဲ"

ဟု မေးလိုက်၏။ ရတီဦးက ...

"နှင်းတွေ ရုတ်တရက် ကျလာတာ ... "

ဟု ရေရွတ်လိုက်၏။ ခန့်ဇော်ထင်က

"မစ္စတာရောဘတ် မြေပုံကို မြန်မြန်ရှာကြ ... "

ဟု လောဆော်လိုက်သည်။ သူတို့ လှည့်လည်ရှာဖွေကြည့်ကြသည်။ မြူငွေ့တွေက ထူထပ်စွာ ဖုံးလွှမ်းထားဆဲ။

စန္ဒီက ...

"ဒါ ဘာကြီးလဲ ... "

ဟု ပြောလိုက်၏။ ခန့်ဇော်ထင်က ပြေးကြည့်လိုက်သည်။

ပြိုလဲကျလုဆဲ မှတ်တိုင်တစ်တိုင် ချုံနွယ်တွေက ရစ်တွယ်တက်နေ၏။ သစ်သားတွေက ရာသီဥတုဒဏ်ကြောင့် ဆွေးမြေ့နေလေပြီ။ အပေါ်တွင် ရေးထားသော စာတွေက ဖတ်ရှုမရအောင် ပျက်စီးနေ၏။ သို့သော် သချိုင်းမြေပုံ မှတ်တိုင်တစ်ခုမှန်းတော့ သိသာထင်ရှားပါသည်။ မစ္စတာရောဘတ်ကို မြှုပ်နှံသူတွေက သင်္ချိုင်းအထိမ်းအမှတ်ကလေးတစ်ခုတော့ ပြုလုပ်ပေးခဲ့သည်။ ခန့်ဇော်ထင်က ...





"ဒါ မြေပုံမှတ်ပုံတစ်ခုပဲ ... "

ဟု ပြောကာ ထိုနေရာကို သူက စတင်ကာ [illegible] ပြားနှင့် တူးလေသည်။ ကျော်လင်းသန့်ကလည်း ဘေးမှ [illegible] တူးလေသည်။ နှစ်ဦးသား ကြာကြာမတူးလိုက်ရ။ အရိုးစုတစ်ခု [illegible] လာ၏။ ထိုအရိုးစုတွင် ဝတ်ဆင်ထားသော ဝတ်စုံအနက်[illegible] ဆွေးမြေ့ပျက်စီးနေလေသည်။

"တော်ပြီ ... ရပြီ ... "

ဟု ခန့်ဇော်ထင်က ပြောလိုက်သည်။ မိန်းကလေးနှစ်ဦး[illegible] ရုပ်ပျက်ဆင်းပျက် အရိုးစုကို မကြည့်ဝံ့သလို မျက်နှာလွှဲနေ၏။ ခန့်ဇော်ထင်က တစ်ချက်ချက် မြည်နေဆဲဖြစ်သော အိတ်ဆောင်နာရီကို အရိုးစု၏ ရင်ဘတ်ပေါ် တင်ပေးလိုက်၏။ ပါးစပ်ကလည်း ...

"မစ္စတာရောဘတ် ... ခင်ဗျားရဲ့ နာရီကို ခင်ဗျား ပြန်ရပြီ — ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ အေးအေးလူလူ နေပါတော့ ... "

ဟု ပြောလိုက်၏။ ပြီးသည်နှင့် သူတို့နှစ်ဦးက အလောင်း[illegible] မြေပြန်ဖို့လိုက်သည်။ မြေဖို့ပြီးသည်နှင့် အနီးတွင် ရစ်ဝဲသိုင်း[illegible] မြူငွေ့လို အရာတွေက မစ္စတာရောဘတ်ရုပ်ကလာပ်ရှိရာ [illegible] စုဝေးစိမ့်ဝင်ကာ တစထက်တစ ပျောက်ကွယ်သွား၏။ [illegible] တို့ အနီးတစ်ဝိုက်တွင် သဘာဝအတိုင်း ရှင်းလင်းကြည်လင်[illegible] ခဲ့လေသည်။

--- ✣ ---



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စများ ဖြစ်ပွားပြီး နှစ်နှစ်ခန့်အကြာတွင် ခန့်ဇော်ထင်နှင့် စန္ဒီတို့ လက်ထပ်လိုက်ကြသည်။ သူတို့ လက်ထပ်ပွဲသို့ ကျော်လင်းသန့်နှင့် ရတီဦးတို့ ရောက်မလာ။ ရတီဦး ကလေးမီးဖွားပြီးစဖြစ်သဖြင့် ရောက်မလာနိုင်ခြင်းဖြစ်ကြောင်း တယ်လီဖုန်း ဆက်ကာ အကြောင်းကြားကြ၏။

ထူးခြားချက်တစ်ခုကိုလည်း ပြောပြ၏။ သူတို့ မွေးဖွားသည့် သားကလေးမှာ သူတို့နှစ်ယောက်လုံးနှင့် လုံးဝမတူဘဲ ဆံပင်ဖြူဖြူ၊ မျက်လုံးပြာပြာနှင့် အနောက်တိုင်းသားပုံစံ ပေါက်နေသည့်အကြောင်း ဖြစ်လေသည်။ သူတို့နှစ်ဦးလုံးကပင် မစ္စတာရောဘတ် ဝင်စားခြင်း ဖြစ်မည်ဟု ယုံကြည်နေကြ၏။ တစ်ခုတော့ ရှိသည်။ သူတို့ မစ္စတာရောဘတ်၏ မြေပုံကို ရှာဖွေကာ သူ့နာရီကို ပြန်လည်အပ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် မျက်နှာဖြူသရဲကြီး၏ အခြောက်အလှန့်ကို မည်သူမှ မခံရတော့ခြင်းပင် ဖြစ်လေသည်။

(ရွှင်လန်းချမ်းမြေ့...

ဒေဝစကြာ